# အင်မော်တယ်ဖေဖေ

# စာစဉ်(၁၇)

## အပိုင်း(၂၂၅) အောင်မြင်လိုသည့်စိတ်ဆန္ဒ

“တကယ်လား ဖေဖေက သမီးကို ဘယ်လိုလုပ် လျစ်လျူရှုနိုင်ပါ့မလဲ” ကျန်းဟန်က ရပ်တန့်က မုန့်မုန့်ထံသို့ သွားကာသူမလေးအား လက်နှစ်ဖက်ဖြင့် ပွေ့ချီလိုက်သည်။ သူက လက်ညှိုးလေးဖြင့် မုန့်မုန့်၏နှာတံထိပ်လေးကို ပုတ်လိုက်ပြီး ပြုံးကာ “ဖေဖေတို့ တောင်ပေါ်ပြန်သွားပြီး ကစားကြမလား”

“အင်း... ဒီမှာ နေပူတယ်” မုန့်မုန့်က ချစ်စဖွယ်အမူအရာလေးဖြင့် ခေါင်းညိတ်၏။

“ဒါဆို သွားကြမယ်” ကျန်းဟန်က ပြောလိုက်၏။ သူ ကျောက်ဖုန်းနားမှ ဖြစ်သွားသည့်အခါ တစ်စုံတစ်ရာအား တွေးမိ၍ ပြောလိုက်သည်။

“ရေကုန်သွားရင် ငါ့ကိုပြောပါ။ အစားအသောက်အတွက်ကတော့ တောင်ပေါ်က တိရစ္ဆာန်တွေထဲက ကြိုက်တာ ယူလို့ရတယ်”

“ဟုတ်ကဲ့ပါ ဆရာ” ကျောက်ဖုန်းက စိတ်လှုပ်ရှားစွာ ပြောသည်။

“အင်း” ကျန်းဟန်က ခေါင်းညိတ်ကာ မုန့်မုန့်ကို ချီ၍ တစ်ဖက်သို့ လျှောက်သွားခဲ့သည်။

“ဝူး ဝူး ဝူး”

တာပေါ်းရောက်ရှိလာပြီး ကျောက်ဖုန်းအား တွန်းလိုက်ကာ ယိမ်းယိုင်သွားစေပြန်သည်။ ထိုနောက် တာပေါ်းသည် ရှောင်ပေါ်း၏နောက်မှလိုက်သွားလေ၏။

ကျောက်ဖုန်း ခါးသီးစွာပြုံးလိုက်၏။

“အစ်ကိုဖုန်း အစ်ကိုဖုန်း ငါတို့သူဌေးက အရမ်းမိုက်တာပဲ။ သဲအိတ်ကို ထိုးလိုက်တာ တစ်ချက်တည်းနဲ့ အပိုင်းပိုင်းကွဲသွားတယ်” အားဟူက စိတ်လှုပ်ရှားစွာ ပြောသည်။

“သူက မိုက်ရုံတင်မကဘူး အရမ်းလည်းချောတာပဲ။ အိုး..သူဌေးက တကယ်အရမ်းချောတယ်။ သူ့သမီးလေးကလည်း အရမ်းလှတာ။ အစ်ကိုဖုန်း သူဌေး...သူဌေးမှာ...” ပိုနီတေးနှင့်ကောင်းမလေးက အနည်းငယ်ရှက်ရွံ့စွာဖြင့် မေးလိုက်သည်။ “သူဌေးမှာ မိန်းမရှိလား”

ကျောက်ဖုန်း သူတို့အား စိုက်ကြည့်ရင်း လက်ကို ဝှေ့ယမ်းလိုက်ပြီး “မေ့လိုက်တော့။ ငါပြောပြမယ်။ သူဌေးရဲ့ဇနီးက အရမ်းထူခြားပြီးတော့ အရမ်းကို

လှပတဲ့မိန်းကလေးပဲ။ သူမ ဘယ်သူလဲဆိုတာတော့ မင်းတို့ နောက်မှ သိလိမ့်မယ်”

“နောက်တာပါ။ ဟွန့်” ပိုနီတေးနှင့်မိန်းကလေးက နူးညံ့စွာဖြင့် ဟွန့်ခနဲလုပ်လိုက်သည်။

“အစ်ကိုဖုန်း ငါတို့သူဌေးက အရမ်းအစွမ်းထက်တာပဲ။ ငါတို့ လေ့ကျင့်ပြီးရင် ငါတို့ရော တကယ်သန်မာလာမှာလား” မုံ့ကြီးက မေးသည်။

“မင်းအဲဒါကို တွေနေဖို့ မလိုဘူးမဟုတ်လား။ သေချာပေါက် မင်း ပိုပြီးသန်မာလာမှာပေါ့။ မင်း ငါ့နောက်လိုက်ဖို့ ရွေးချယ်လိုက်ကတည်းက မင်းက သာမန်လူမဟုတ်တော့ဘူး” ကျောက်ဖုန်းက ခေါင်းညိတ်ကာ ပြောလိုက်ပြီး သူ၏အမူအရာက လေးနက်သွားသည်။ သူ၏မျက်လုံးများက လူအုပ်ကို စိုက်ကြည့်ရင်း “ဒါပေမယ့် ငါသေချာပြောထားရမယ်။ တပ်ပြေးတွေကို ငါအရမ်းမုန်းတယ်။ ဒါကြောင့် မင်းတို့

ထွက်သွားချင်တယ်ဆိုရင် အခုချက်ချင်း ထွက်သွားကြပါ။ ဆက်နေဖို့ ရွေးချယ်ပြီးရင် လေ့ကျင့်ရေးနဲ့ပတ်သက်ပြီး ကွန်ပလိမ်းမတက်ကြနဲ့”

ထိုစကားများကြောင့် အားလုံး၏အမူအရာများမှာ အနည်းငယ် ပို၍ လေးနက်လာပြီး သူတို့ရောက်လာပြီးကတည်းက ထွက်သွားမည်မဟုတ်ကြောင်း ပွင့်ပွင့်လင်းလင်းပြောကြသည်။

ကျောက်ဖုန်းက ကျေနပ်စွာ ခေါင်းညိတ်၏။

ထိုအချိန်တွင် ရှုရုံက “အစ်ကိုဖုန်း သူဌေးက ငါတို့ကို ဘာသင်ပေးတာလဲ။ ကန်ကျွမ်းလေ့ကျင့်ရေးက အစွမ်းထက်တဲ့ သိုင်းပညာလား။ လေ့ကျင့်ဖို့ ၃၀၀ ကီလိုဂရမ် ခွန်အားရှိရမယ်လို့ ဘာကြောင့်ပြောတာလဲ။ ၃၀၀ ကီလိုဂရမ်က ဂျင် ၆၀၀ ရှိတာ။ နွားတစ်ကောင်ကိုတောင် တစ်ချက်တည်းနဲ့ လဲကျသွားနိုင်တယ်”

သူတို့၏သူဌေးမှာ ထိုအဆင့်သို့ရောက်နေပြီဟု ထင်ရသော်လည်း လေ့ကျင့်ရင်းဖြင့် ထိုအဆင့်သို့ရောက်ရန် မည်မျှ ကြာမည်နည်း။ ရှုရုံသည် ဤကိစ္စနှင့်ပတ်သက်၍ အနည်းငယ် သံသယရှိခဲ့၏။ နောက်တစ်ခုက လူတိုင်းတွင် မတူညီသည့် ဖွဲ့စည်းပုံများရှိကြသည်။

၎င်းကိုကြားသည့်အခါ ကျောက်ဖုန်း ခဏလောက်စဉ်းစားလိုက်ပြီး သူတို့အား ဤကိစ္စကို သေသေချာချာ ပြေပြရန် ဆုံးဖြတ်လိုက်သည်။ သူသည် ပို၍လေးနက်လာကာ ပြောလိုက်၏။

"ဒါဆို မင်းကို ငါတစ်ခုပြောမယ်။ ငါ ခွန်ရှင်းတန်ကို တစ်ချက်တည်းနဲ့အနိုင်ယူခဲ့တာ ဘာကြောင့်လဲသိလား။ မင်းတွေ့ခဲ့တဲ့ လူသန်ကြီးက လူရာနဲ့ချီပြီး ဘာကြောင့် တိုက်ခိုက်နိုင်လဲသိလား။ ပြီးတော့ သူက ဘာကြောင့် လက်နက်ပြီးသလဲသိလား"

"ဟုတ်တယ် အစ်ကိုဖုန်း။ ငါတို့ကို ပြောပြပါ" အားဟူက အမြန်ဖြေသည်။

ထိုအချိန်တွင် နေရာရှိလူတိုင်းမှာ ဂရုတစိုက်ဖြင့် ကျောက်ဖုန်း၏ရှင်းပြချက်ကို နားထောင်ရန် အသင့်ဖြစ်နေကြ၏။

၎င်းကိုမြင်သည့်အခါ ကျောက်ဖုန်းက တိုက်ရိုက်ပြောလိုက်၏။

"ဘာလို့လဲဆိုတော့ ကမ္ဘာပေါ်မှာ သာမန်လူတွေ မသိနိုင်တဲ့ လူအဖွဲ့အစည်းတစ်ခုရှိတယ်။ အဲဒါကို သိုင်းလောက လို့ခေါ်ကြတယ်"

"မင်းတို့တွေးနေသလိုပဲ။ အဲဒါက ရုပ်ရှင်တွေ ဇာတ်လမ်းတွဲတွေထဲက ကျွန်းဟူ(သိုင်းလောက)လိုပဲ။ အလုအချိန်မှာတော့ ဒီလိုလူမျိုးတွေ ရှိတယ်ဆိုတာ ငါရှင်းရှင်းလင်းလင်း ပြောနိုင်တယ်။

ငါတို့သူဌေးရဲ့သင်ကြားမှုအောက်မှာ ငါလည်း သူတို့ထဲက တစ်ယောက် ဖြစ်လာခဲ့တယ်”

ထိုစကားကိုကြားပြီးနောက် လူတိုင်း အနည်းငယ် စိတ်ရှုပ်ထွေးသွားကြသော်လည်း မသိမှု၏စိတ်လှုပ်ရှားမှု နှလုံးခုန်သံများ မြန်လာကြသည်။ သူတို့သည် ပို၍မြင့်မားသည့် အသိုင်းအဝိုင်းတစ်ခုနှင့် ထိတွေ့ရတော့မည်ဖြစ်သောကြောင့်ပင်ငါ။

“သိုင်းလောကမှာ ရှိတဲ့လူတွေကို သိုင်းပညာရှင်လို့ခေါ်တယ်။ သိုင်းပညာကို လေ့ကျင့်တဲ့သူတွေပေါ့။ သိုင်းပညာမှာ အဆင့်တွေ အများကြီးရှိတယ်။ ပထမဆုံးအဆင့်ဖြစ်တဲ့ အပြင်အားအဆင့်ကိုရောက်ဖို့ ခွန်အားကိုစုဆောင်းဖို့လိုတယ်။ ခွန်အားရဲ့အနှစ်သာရကို ကျွမ်းကျင်ပိုင်နိုင်သွားပြီဆိုရင် အတွင်းအားအဆင့်ကို ချိုးဖောက်ဝင်ရောက်နိုင်တယ်။ အတွင်းအားအဆင့်က ပိုပြီး စွမ်းအားကြီးတဲ့

အတွင်းအားစွမ်းအင်ကို အသုံးပြုတယ်။ အပြင်အားအဆင့်ကို အမာစွမ်းအားဆိုရင် အတွင်းအားကို အပျော့စွမ်းအားလို့ ပြောရမယ်။ အထွတ်အထိတ်အဆင့်ဆိုရင်တော့ မာကျောမှုနဲ့ ပျော့ပြောင်းမှုကို ပေါင်းစပ်ထားတာပဲ။ နောက်ဆုံးတစ်ခေါက် မင်းတို့ တွေ့ခဲ့တဲ့ နိုင်ငံခြားသားလူသန်ကြီးရဲ့စွမ်းအားကို အထွတ်အထိပ်အဆင့်မှာရှိတယ်"

"သောက်ကျိုးနည်း သိုင်းလောကဆိုတာ တကယ်ကြီး ရှိတာပဲ"

"အရမ်းအံ့သြဖို့ကောင်းတယ်။ အရမ်းမိုက်တာပဲ"

ခဏလောက် လူတိုင်း အံ့သြသွားကြပြီး သတိပြန်ဝင်လာရန် မိနစ်အနည်းငယ် အချိန်ယူလိုက်ရ၏။

"အစ်ကိုဖုန်း မင်းက ဘယ်အဆင့်ရောက်ပြီလဲ" အားဟူက သိချင်စိတ်ပြင်းစွာ မေးသည်။

"ငါ့ရဲ့လက်ရှိအဆင့်က အပြင်အားအဆင့်ပါ" ကျောက်ဖုန်းက နှုတ်ခမ်းတွန့်လိုက်ပြီး "ဂေါ်ရီလာက ငါ့ကို တွန်းထုတ်လိုက်တာ ငါ လဲကျမလိုဖြစ်သွားတာ တွေ့လိုက်လား။ ဒါနဲ့ ငါမင်းတို့ကို ကြိုပြောထားရဦးမယ်။ ခုနက ဒီကိုလာသွားတဲ့ နှစ်ကောင်က လဆန်းတောင်ကဟေးနှစ်ကောင်ပဲ။ မင်းတို့ သူတို့နဲ့ ဝေးဝေးနေတာ အကောင်းဆုံးပဲ။ သူတို့က လူတွေကို ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်ရတာကို သဘောကျတယ်။ ငါနဲ့ ငါ့ရဲ့နည်းပြဟောင်း နှစ်ယောက်လုံး သူတို့ရဲ့ဆိုးဆိုးရွားရွား ရိုက်နှက်တာကို ခံလိုက်ရတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

လူတိုင်းက စိတ်ထဲတွင် အနည်းငယ် ထိတ်လန့်သွားပြီး ဟုတ်ကဲ့ ဟု အမြန်ပြောလိုက်ကြသည်။

"ဒါနဲ့ အစ်ကိုဖုန်း ငါတို့သူငွေးက ဘယ်အဆင့်လဲ။ သူက အရမ်းသနားန်မာတယ်။ အဲဒါက အထွတ်အထိပ်အဆင့်လား" မုံ့ကြီးက မေးသည်။

"မင်းက အထွတ်အထိပ်အဆင့်ကို အရမ်းအထင်ကြီးပြီး ငါတို့ သူငွေးကို အထင်သေးလွန်းနေပြီ" ကျောက်ဖုန်းက ခေါင်းယမ်းကာ ဂုဏ်ယူသည့်ဟန်ဖြင့် မေးကိုပင့်လိုက်သည်။ သူက လူအုပ်ကြီးကိုကြည့်ကာ "ငါ့ရဲ့ဆရာလည်းဖြစ်တဲ့ သူငွေးက...ချီစွမ်းအားမာစတာတစ်ယောက်ပဲ"

"အာ"

လူတိုင်းအံ့အားသင့်သွားပြီ သံသယဖြင့် မေးလိုက်သည်။ "ချီစွမ်းအားမာစတာဆိုတာ ဘာကြီးလဲ"

"အထွတ်အထိပ်အဆင့်ပြီးရင် နောက်တစ်ဆင့်က ချီစွမ်းအားမာစတာပဲ။ ငါပြောပြမယ် ချီစွမ်းအားမာစတာတွေက အရမ်းအံ့ဩဖို့ကောင်းတယ်။ မင်းတို့ စိတ်ကူးယဉ်လို့တောင် မရနိုင်လောက်အောင်

တော်ကြတာ။ သူတို့နာမည်ကတင် တခြားသိုင်းပညာရှင်တွေကို ထိတ်လန့်တုန်လှုပ်သွားစေလောက်အောင်ပဲ...”

ကျောက်ဖုန်းသည် ချီစွမ်းအားမာစတာများအကြောင်းကို စိတ်အားထက်သန်စွာဖြင့် အချိန်အတန်ကြာ ပြောပြခဲ့သည်။

ဤသည်ကလည်း ကျန်းဟန် မည်မျှအစွမ်းထက်သည်ကို လူတိုင်း နားလည်သွားစေနိုင်သည့်အတွက် သူတို့ မထိတ်လန့်ဘဲ မနေနိုင်ကြချေ။

အံ့သြထိတ်လန့်ပြီးနောက်တွင် နောက်ထပ် ပြဿနာတစ်ခု ပေါ်လာ၏။

ရှုရုံက ခဏလောက်စဉ်းစားကာ “အစ်ကိုဖုန်း ကန်ကျွမ်းလေ့ကျင့်နည်းနဲ့ သိုင်းပညာကို လေ့ကျင့်ဖို့က ခွန်အား ကီလို ၃၀၀ လိုအပ်ရင် ငါတို့ အချိန်တိုအတွင်း အောင်မြင်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ကီလို ၃၀၀ က အပြင်အားအဆင့်နဲ့ အတူတူပဲမလား”

"မင်းမှားနေပြီ" ကျောက်ဖုန်းက ခေါင်းယမ်းကာ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သည်။ "မင်း သိုင်းလောကမှာ အပြင်အားအဆင့်ကို ဝင်ရောက်ဖို့ ခွန်အား ကီလိုတစ်ထောင်ရှိရမယ်။ ကီလိုနှစ်ထောင်က အတွင်းအားဆင့်ရောက်လုနီးပါးပဲ။ ကီလိုသုံးထောင်ကျော်က အထွတ်အထိပ်အဆင့်ပေါ့။ အမှန်ပဲ ဒါက ယေဘူယျသဘောတရားတစ်ခုပါပဲ။ အလျင်၊ တိုက်ခိုက်မှုနည်းလမ်းတွေကိုသုံးပြီးတော့ သိုင်းလောကထဲကို ဝင်ရောက်လာတဲ့ ထူးချွန်သူတွေလည်း ရှိပါတယ်။ ပြောရရင် သိုင်းလောကရဲ့ အသိပညာက အင်မတန်ရှုပ်ထွေးပြီး ယခုအချိန်မှာ မင်းတို့ အားလုံးဖို့ မလိုအပ်သေးဘူး။ မင်းတို့သိထားရမယ့် တစ်ခုတည်းသောအရာက ငါပြောတဲ့အတိုင်း လေ့ကျင့်နေသမျှ လဝက်မပြည့်ခင်မှာ အပြင်အားအဆင့်ကို ရောက်တဲ့သူတွေ အများကြီးရှိလိမ့်မယ်"

"ဟူး...."

ထိုစကားက လူတိုင်း၏နှလုံးသားထဲတွင် အောင်မြင်လိုသည့်စိတ်ဆန္ဒများ တောက်လောင်လာစေသည်။

“ငါတို့ အခုစကြမလား” အားဟူက သူ၏ခန္ဓာကိုယ်အား လှုပ်ရှားရင်း ပြောသည်။

“ငါတို့ ဘာကို အရင်လေ့ကျင့်ကြမလဲ” ရှုရုံက မေးသည်။

ကျန်းဟန် မပြန်ခင်တွင် သူတို့၏ကိုယ်ခန္ဓာကြံ့ခိုင်မှုက လေ့ကျင့်ရန် မလုံလောက်ဟု ပြောခဲ့သည်။ ထို့ကြောင့် သူတို့သည် ကျောက်ဖုန်း၏လေ့ကျင့်ရေးနည်းလမ်းများကို ပထမဆုံး လေ့ကျင့်ရမည်ဖြစ်၏။ သို့သော်လည်း ကျောက်ဖုန်းက မည်သည့်နည်းလမ်းများကို အသုံးပြုမည်အား မသိကြချေ။

လူတိုင်း၏သိလိုစိတ်ပြင်းပြသည့် အကြည့်များအောက်တွင် ကျောက်ဖုန်းက တွန့်ဆုတ်မနေဘဲ တိုက်ရိုက်ပြောလိုက်၏။

"မင်းတို့ကို ငါသင်ပေးမယ့်နည်းလမ်းက ငါစစ်တပ်ထဲကို ဝင်တုန်းက လေ့ကျင့်ခဲ့တဲ့နည်းအတိုင်းပြ"

ထိုစကားကို ပြောပြီးနောက် ကျောက်ဖုန်း၏မျက်နှာသည် ဂုဏ်ယူသွား၏။ ထိုနောက် သူက အော်ပြောလိုက်သည်၊

"စစ်တပ်ထဲမှာ ငါက ယွမ်ဟန်အထူးတပ်ဖွဲ့ရဲ့ ပထမအဖွဲ့မှာ ရှိခဲ့တယ်။ ငါတို့အဖွဲ့ကို ဝံပုလွေခေါင်းအဖွဲ့လို့ ခေါ်တယ်"

...

-အပိုင်း(၂၂၅) ပြီး

wunzinnosp

## အပိုင်း(၂၂၆) ပြင်းထန်မှု

ဝံပုလွေခေါင်းလား..

သူ၏စကားကိုကြားသည်အခါ သူတို့မျက်နှာထက်မှ မျှော်လင့်ချက်များမှာ သံသယအဖြစ် ပြောင်းလဲသွား၏။

"ဝံပုလွေခေါင်းဆိုတာ ဘာလဲ။ ဘာလို့ ငါ မကြားဖူးရတာလဲ" အားဟူက ပြောလိုက်သည့်စကားက အခြားသူများလည်း တွေးနေသည့်ပုံပင်။

ကျောက်ဖုန်း၏နှုတ်ခမ်းများမှာ အနည်းငယ် ရှုံ့မဲ့သွားပြီး သူ့ကိုယ်သူ အနည်းငယ် လှောင်ရယ်လိုက်မိသည်။ သူသည် သူ့ဆရာ၏နောက်သို့ စတင်လိုက်ခဲ့သည့်အချိန်ကတည်းက လဆန်းတောင်ပေါ်တွင် အားအနည်းဆုံးသူဖြစ်ခဲ့သည့်အတွက် အခြားသူများက သူ့အား အံ့သြတကြီးဖြစ်သွားသည်ကို မြင်လိုစိတ်ပြင်းပြခဲ့သည်။

ခဏလောက်စဉ်းစားပြီးနောက် ကျောက်ဖုန်း ခေါင်းယမ်းကာ ပြုံး၍ ပြောလိုက်သည်။

"ထားလိုက်တော့။ အသေးစိတ်မပြောတော့ဘူး။ မင်းတို့သိထားရမှာက ယွမ်ဟန်အထူးတပ်ဖွဲ့ရဲ့

ဝံပုလွေခေါင်းအဖွဲ့ဆိုတာ အန္တရာယ်များတဲ့ တာဝန်တွေကို ထမ်းဆောင်တဲ့ အစွမ်းထက်တဲ့ တပ်ဖွဲ့တစ်ခုဆိုတာပဲ။ သိုင်းပညာရှင်တစ်ယောက်ဖြစ်တဲ့ ငါ့ရဲ့နည်းပြက ငါ့ထက် ပိုပြီး ကြောက်ဖို့ကောင်းတဲ့ လူတစ်ယောက်ပါ"

သူပြောပြီးသည်နှင့် ဝံပုလွေခေါင်းအဖွဲ့၏အနေအထားကို လူတိုင်း အကြမ်းဖျင်းနားလည်သွားကြသည်။

"ဒီတော့ မင်းတို့ကို ငါသင်ပေးမယ့် နည်းလမ်းတွေက အရမ်းတပ်ဖွဲ့ဆန်တယ်။ ဒါပေမယ့် လေ့ကျင့်မှုရဲ့ပြင်းထန်မှုက ငါ့စစချင်း လေ့ကျင့်ခဲ့တုန်းကထက် ဆယ်ဆပိုပြင်းထန်လိမ့်မယ်" ကျောက်ဖုန်းက တည်ကြည်လေးနက်စွာ ပြောလိုက်၏။

"ဘာ"

"ဆယ်ဆလား"

သူတို့၏နှလုံးသားများ တုန်ခါသွားကြသည်။ အထူးတပ်ဖွဲ့များ၏လေ့ကျင့်မှုများမှာ အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း သူတို့သိကြလေသည်။ သူတို့၏လေ့ကျင့်မှုက အထူးတပ်ဖွဲ့ထက် ဆယ်ဆပို၍ ပြင်းထန်နေခဲ့မည်ဆိုပါက သူတို့တစ်နေကုန် အနားယူရန် အခွင့်အရေးပင် ရှိမည်ဟုတ်တန်ရာ။ ၎င်းကို ခံနိုင်ရည်ရှိကြပါမည်လား။

ကျောက်ဖုန်းက သူတို့ ဘာတွေးနေသလဲ သိလေသည်။ သူက ခေါင်းကို ခါယမ်းက ပြောလိုက်၏။

"မင်းတို့ စိတ်မချသေးဘူးဆိုတော့ ငါပြောစရာရှိသေးတယ်။ ငါတို့ရဲ့ ရည်မှန်းချက်က အထူးစစ်သားတွေလောက် သန်မာဖို့ မဟုတ်ပေမယ့် သိုင်းပညာရှင်တစ်ယောက်ဖြစ်လာဖို့ပဲ။ ဒီတော့ လေ့ကျင့်မှုက အရမ်းပြင်းထန်လိမ့်မယ်။ မင်းတို့က ရုပ်ပိုင်းဆိုင်ရာအရ အများကြီးခံစားရနိုင်တယ်။ ဒီလေ့ကျင့်မှုတစ်ခုလုံးက

အရမ်းခက်ခဲကြမ်းတမ်းမယ်ဆိုတာ ငြင်းစရာမရှိဘူး။ ဒါကြောင့် အခု မင်းတို့ ထွက်သွားချင်လားဆိုတာ ငါ နောက်ဆုံးအကြိမ် မေးမယ်”

ပြောနေရင်းဖြင့် ကျောက်ဖုန်း၏အသံမှာ ပို၍ ကျယ်လောင်လာ၏။ သူသည် လူများကို လှည့်ပတ်ကြည့်လိုက်ကာ အော်လိုက်ပြန်သည်။

“ထွက်သွားချင်တဲ့သူရှိလား”

“မရှိပါဘူး” အားဟူက ကြောက်မက်ဖွယ်မျက်နှာဖြင့် အော်လိုက်၏။ “ငါတို့ ယုံကြည်မှုရှိပါတယ်”

“ဘာလဲ မင်းတစ်ယောက်တည်းပဲ ယုံကြည်မှုရှိတာလား” ကျောက်ဖုန်းက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

“ငါတို့ ယုံကြည်မှုရှိပါတယ်” ဤတစ်ကြိမ်တွင် လူတိုင်း အော်ဟစ်လိုက်ကြ၏။

"မင်းတို့ ဘာမှမစားခဲ့ဘူးလား" ကျောက်ဖုန်းက နောက်တစ်ကြိမ် ဆူလိုက်ပြန်သည်။

"ငါတို့ ယုံကြည်မှုရှိပါတယ်" အော်သံများက ပို၍ပို၍ ကျယ်လောင်လာ၏။

သို့သော် ကျောက်ဖုန်းက မကျေနပ်သေးချေ။ "မင်းတို့ ယုံကြည်မှုရှိလား" သူ၏အသံမှာ ဟိန်းထွက်သွားအောင် အော်ဟစ်လိုက်၏။

"ရှိပါတယ်"

ဤတစ်ကြိမ်တွင် ကျောက်ဖုန်း အော်ပြီးနောက် လူငါးဆယ်လုံးက အားကုန်အော်ဟစ်လိုက်ကြ၏။

"အရမ်းကောင်းတယ်" ကျောက်ဖုန်းသည် မျက်လုံးများကို မှေးကာ လူအုပ်ကို ကြည့်လိုက်ပြီး လက်ခုပ်တီးကာ ပြောလိုက်သည်။ "ဒါဆို ငါတို့ လေ့ကျင့်မှုစကြမယ်။ အခု တန်းစီပြီးရပ်လိုက်ကြ"

သူ၏အမိန့်ကိုကြားသည်နှင့် လူတိုင်း အတန်းတစ်တန်းလျှင် နှစ်ဆယ့်ငါးယောက်နှုန်းဖြင့် နှစ်တန်းစီ၍ ရပ်လိုက်ကြသည်။

"လူတိုင်း မြေပြင်ပေါ်ကို ပြားပြားဝပ်အောင် မှောက်လိုက်ကြ။ ပထမဆုံးတစ်ခုက ဒိုက်အကြိမ် တစ်ထောင်ထိုးရမယ်။ စတော့" ကျောက်ဖုန်းက အော်ဟစ်လိုက်၏။

ဤအချိန်တွင် လူတိုင်းက စိတ်အားထက်သန်မှုများဖြင့် တောက်လောင်နေကြသည်။ ဒိုင်အကြိမ်တစ်ထောင်ထိုးရန် မဖြစ်နိုင်သော်လည်း သူတို့အားလုံးက စတင်ဒိုက်ထိုးကြလေသည်။

ကျောက်ဖုန်းသည် အနားတွင် ရပ်ကာ ရေတွက်အော်ဟစ်နေ၏။ "တစ်၊ နှစ်၊ တစ်၊ နှစ်၊..."

"တစ်" ဟု အော်လိုက်သည့်အခါ လူတိုင်းက သူတို့၏ခန္ဓာကိုယ်ကို အောက်သို့ကွေ့ချလိုက်ပြီး

နှစ်စက္ကန့်အကြာတွင် “နှစ်” ဟု အော်လိုက်သည့်အခါ လူတိုင်း မတ်လိုက်ကြပြန်သည်။ ကျောက်ဖုန်းသည် အတန်းနှစ်ခုကြားတွင် လမ်းလျှောက်ရင်း မိန်းကလေးခြောက်ယောက်ကို ပို၍ အာရုံစိုက်နေသည်။ ကောင်းစွာမလုပ်နိုင်ပါက အမြန်အော်ဟစ်သတိပေး၏။

ကျောက်ဖုန်းသည် ကျန်းဟန်မှာ ထိုလူငါးဆယ်တွင် မိန်းကလေးခြောက်ယောက်ကို ပို၍ အာရုံထားကြောင်း ကောင်းစွာသိ၏။ အကြောင်းမှာ ဆရာသည် သူ၏ဇနီးအတွက် ကာကွယ်စောင့်ရှောက်ရန် စီစဉ်ပေးလိုသည့်အတွက်ကြောင့်ပင်။

သို့သော် ဤလူအများစုမှာ အမှန်တကယ်လေ့ကျင့်မှုမလုပ်ခဲ့ရဘဲ ဇိမ်ကျသည့်ဘဝတွင် အခွင့်ထူးခံနေခဲ့ကြသည့်အတွက် သူတို့၏ရုပ်ပိုင်းဆိုင်ရာအရည်အသွေးမှာ အတော်လေး ညံ့ဖျင်းနေဆဲဖြစ်သည်။

အများစုမှာ အကြိမ်နှစ်ဆယ်ဒိုက်ထိုးပြီးနောက်တွင် လိုက်မလုပ်နိုင်တော့ချေ။

သို့သော် ရှုရုံ၊ အားဟူနှင့် မုံ့ကြီးတို့မှာ နှစ်ဆယ်လောက်က အခက်အခဲမရှိချေ။

သူတို့ထက် မညံ့သည့်လူတစ်တစ်ဒါဇင်ကျောက်ရှိကာ ၎င်းတို့အား ဒုတိယအဖွဲ့ဖွဲ့၏။ ကျန်သည့်လူများမှာ အသက်ပြင်းပြင်းရှူလိုက်ကြပြီးနောက် သူတို့၏စိတ်ဆန္ဒများကြောင့် ဆက်လက်ပါဝင်နေခဲ့သည်။

“ဆက်လုပ်။ ရပ်မနေကြနဲ့။ မင်းတို့ အောင်မြင်ချင်ရင် နာကျင်မှုကို ခံနိုင်ရည်ရှိရမယ်။ ဘယ်သူက ပထမဆုံး အရှုံးပေးမလဲဆိုတာ ငါကြည့်မယ်”

အကြိမ်သုံးဆယ် ဒိုက်ထိုးပြီးနောက်တွင် ကျောက်ဖုန်းသည် သူတို့အား နောက်တစ်ကြိမ် တွန်အားပေးခဲ့ပြီး အရှုံးမပေးလိုသည့်လူများက ဆက်လက်၍ တောင့်ခံနိုင်စေရန် လုပ်ဆောင်ခဲ့သည်။

မိန်းကလေးခြောက်ယောက်မှာ သိသိသာသာ အားနည်းလာပြီး တဖြည်းဖြည်း နေးကွေးလာခဲ့၏။ သူတို့သည် ယောက်ျားသားများ နှစ်ကြိမ်လျှင် သူတို့တစ်ကြိမ်သာ လိုက်လုပ်နိုင်ကြသော်လည်း ကျောက်ဖုန်းက ဘာမှ မပြောခဲ့ပေ။

ရှုရုံ၊ အားဟူနှင့် မုံ့ကြီးမှလွဲ၍ ကျန်သူမများမှာ ခုနှစ်ဆယ်ပြီးသည်နှင့် ဆက်ထိန်းထားနိုင်ခြင်းမရှိတော့ချေ။

“ဒီအရေအတွက်က ဘယ်နေရာမှ သုံးစားမရဘူး” ကျောက်ဖုန်း၏အသံက အေးစက်သွားပြီး “မိန်းကလေးခြောက်ယောက်တောင် ဆက်လုပ်နေတုန်းပဲ။ သူတို့အရင် ဘယ်သူက လက်လျှော့သွားလဲဆိုတာ ငါကြည့်မယ်”

မှန်ပေသည်။ မိန်းကလေးခြောက်ယောက်မှာ သူတို့မစခင် စက္ကန့်အနည်းငယ် အနားယူခဲ့လေသည်။

ငင်းတို့သည် ဆက်တိုက်လုပ်ဆောင်လာခဲ့ပြီး ၁၅၀ သို့ရောက်သည်နှင့် အများစုမှာ တောင့်မခံနိုင်လောက်အောင် ဖြစ်နေကြသည်။ ကျောက်ဖုန်းသည် သူတို့ရပ်တန့်သွားသည်အထိ မစောင့်ဘဲ အော်ဟစ်လိုက်၏။

“မင်းတို့လက်ရှိနေရာမှာပဲ နှစ်မိနစ်လောက် အနားယူလိုက်။ ပြီးရင် ဆက်လုပ်မယ်”

“အား…ငါ့လက်တွေ ပြုတ်ထွက်တော့မယ်”

“ညောင်းလိုက်တာကွာ…”

“…”

အားလုံးက မြေပြင်ပေါ်ထိုင်ကာ ညည်းညူနေကြသည်။

လူတိုင်း ချွေးများဖြင့် ရွှဲနစ်နေကြ၏။

“ငါလေ့ကျင့်ခန်းမလုပ်တာ ကြာပြီဆိုတော့ ဒိုက်အကြိမ် ၁၅၀ ထိုးပြီးသွားတာနဲ့ နည်းနည်း တုန်သွားတာပဲ” ရှုရုံက သူ၏လက်များကို ဖြေလျှော့ရင်း ပြောသည်။

“ဟူး…” အားဟူက ချွေးများကို သုတ်လိုက်ပြီး “နောက်ထပ် ငါးဆယ်လောက်တော့ လုပ်နိုင်မယ်ထင်တယ်။ ဒါပေမယ့် ဒီနေ့လေ့ကျင့်မှုက ပြင်းထန်လွန်းတော့ မနက်ဖြန် ထနိုင်မှာ မဟုတ်တော့ဘူး”

“ငါတော့မထင်ဘူး” မို့ကြီးက ခေါင်းယမ်းသည်။ သူသည် အစ်ကိုဖုန်းက အညှာအတာမဲ့မည်မဟုတ်မှန်း သိ၏။ သူသည် သူတို့အား ဤနည်းဖြင့် လေ့ကျင့်ပေးရဲသည့်အတွက် ရပ်တန့်ရမည့်အချိန်ကို သိပေမည်။

“နှစ်မိနစ်ကျော်ကသွားပြီး ထမယ်။ ဆက်လုပ်” ကျောက်ဖုန်းက ရက်စက်စွာ ပြောလိုက်သည်။

ထိုနောက် ၎င်းတို့အားလုံးသည် ခြောက်ကြိမ်အနားယူကာ အကြိမ်တစ်ထောင်ကို ပြီးအောင် လုပ်နိုင်ခဲ့ကြသည်။

ပန်းတိုင်ပြီးမြောက်သွားပြီးနောက် ရှုရုံ၊ အားဟူနှင့် မုံ့ကြီးအပါအဝင် ယောက်ျားသားများအားလုံး မောပန်းနွမ်းနယ်နေကြပြီး မိန်းကလေးခြောက်ယောက်မှ မူးမေ့လုနီးပါးပင်ဖြစ်နေကြသည်။

“လာကြ လူတစ်ယောက်ကို ရေတစ်ဘူးသောက်လိုက်”

ထိုအချိန်တွင် ကျောက်ဖုန်းက ရေသန့်ဘူးများဖြင့် ယန်ချင်ရေများကို ထည့်ကာ လူတိုင်းကို ကိုယ်တိုင်ကိုယ်ကျ ဝေပေးလိုက်၏။

"ဂလွတ် ဂလွတ်..."

ထိုအချိန်တွင် နေရာတစ်ခုလုံး ရေသောက်သည့်အသံများဖြင့် ပြည့်နေ၏။

"ဒီရေက..." သောက်ပြီးသွားသည့်အခါ အားဟူ၏မျက်လုံးများ တဖြည်းဖြည်း ပြူးကျယ်လာသည်။ ရေက သူ၏လည်ချောင်းထဲမှ ဗိုက်ထဲသို့ ဆင်းသွားသည်နှင့် အေးမြသည့်ခံစားမှုတစ်ခုက တစ်ကိုယ်လုံးကို ပျံ့နှံ့သွားပြီး ရေခဲတတ်ဖြည့်ပေးကာ နာကျင်ကိုက်ခဲမှုများကို ချက်ချင်း သက်သာသွားစေသည်။

လူတိုင်း အနည်းငယ် အံ့သြသွားကြသည်။

"အစ်ကိုဖုန်း ဒါက ဘယ်လိုရေလဲ" ရှုရုံက သိချင်စိတ်ပြင်းစွာ မေးသည်။

"ဒီရေက ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ။ ဒါက မင်းတို့ရဲ့ ပြင်းထန်တဲ့လေ့ကျင့်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီးတော့ မင်းတို့သိုင်းပညာလေ့ကျင့်ဖို့အတွက် သူဌေးက အထူးပြုလုပ်ပေးထားတာ။ ဒါကြောင့် မင်းတို့ စိတ်အေးအေးထားနိုင်တယ်။ လေ့ကျင့်မှုရဲ့ ပြင်းထန်မှုက မြင့်မားပေမယ့် မင်းတို့ ခံနိုင်ရည်ရှိပါတယ်" ကျောက်ဖုန်းက ရှင်းပြသည်။ ထိုနောက် ညစ်ကျယ်ကျယ်ပြုံးလိုက်ကာ ဆက်ပြောသည်။

"ဒီတော့ မင်းတို့ ငါးမိနစ်လောက် နားလိုက်ဦး။ ပြီးရင် ဒုတိယတစ်ချီ ဒိုက်အကြိမ်တစ်ထောင် ထပ်ထိုးရမယ်"

"အာ..."

"သေပါပြီ"

"အစ်ကိုဖုန်း မင်း အရမ်း ရက်စက်တာပဲ"

ထိုအချိန်တွင် လူတိုင်း ညည်းညူကြသည်။

သို့သော် ငါးမိနစ်ခန့် အနားယူပြီးနောက်တွင် သူတို့၏ခန္ဓာကိုယ်များ အားပြန်ပြည့်လာသည်ကို သိလိုက်ရ၏။

ဒုတိယအချီတွင် လူတိုင်း အကြိမ် ၂၀၀ ဆက်တိုက်လုပ်နိုင်ခဲ့သည်။ တိုးတက်မှုက ခုန်ပျံကျော်လွှားဖြစ်နေသည်မှာ ထင်ရှား၏။

"မီးမွှေးလိုက်ကြ။ ညနေစာအတွက် အရသာရှိတဲ့ အစားသောက်တွေရမယ်" ဒုတိယအချီပြီးသည့်အခါ ကျောက်ဖုန်းက ပြုံးကာ မီးမွှေးခိုင်းလိုက်သည်။ ထိုနောက် သူသည် ဘဲများ ငန်းများကို ယူရန် လဆန်းတောင်သို့ သွားလိုက်၏။

ဘဲကင်နှင့် ငန်းကင်၏ရနံ့က ညနေခင်းတွင် လူတိုင်းကို စိတ်ကျေနပ်သွားစေသည်။ စားပြီးသည့်အခါ လန်းဆန်းသွားကြ၏။

ယေဘူယျအားဖြင့် စားသောက်ပြီးသည့်အခါ လူများမှာ ပျင်းရိကြသော်လည်း ကျောက်ဖုန်းက သူတို့အတွက် အိပ်မက်ဆိုးဖြစ်လာခဲ့လေသည်။

"ဆယ်မိနစ်လောက် နားပြီးရင် တတိယအချီ ဒိုက်တစ်ယောက် ထိုးရမယ်" ကျောက်ဖုန်းက နာရီကိုကြည့်ကာ အညှာတာမဲ့စွာ ပြောလိုက်၏။

"ဖူး..."

လူတိုင်း လေ့ကျင့်မှုနှင့် ဝေးရာသို့ ရွှေ့သွားကြ၏။

ငါးနာရီထိုးသည့်အချိန်တွင် ကျန်းဟန်သည် မုန့်မုန့်အား စားသောက်ဆိုင်သို့ ပြန်ခေါ်သွားခဲ့သည်။ ညစာအတွက် သူသည် ကိုလာကြက်တောင်ပံ၊ ကြက်သားနှပ်နှင့် သခွားသီးကြက်သွန်ဖြူဆော့စ်ကို ပြုလုပ်ထား၏။

သူတို့ စားနေစဉ်တွင် ကျန်းဟန်၏ဖုန်းက မြည်လာခဲ့၏။ ဖုန်းကို ထုတ်ကြည့်လိုက်ရာ ခေါ်ဆိုသူမှာ အချိန်အတော်ကြာ ပျောက်နေခဲ့သည့် ပီရာဆန်ဖြစ်နေသည်။

"သူဌေး ငါ မင်းကို မေးစရာရှိတယ်" ပီရာဆန်က တုံ့ဆိုင်းမနေဘဲ ပြောသည်။ "အရွယ်ရောက်ပြီးသား ဟန်ဂေရီသိုးဝက် ခြောက်ကောင်နဲ့ ဝက်ကလေး အကောင် သုံးဆယ်လောက်ရှိတယ်။ ဝက်လေးတွေရဲ့စျေးနှုန်းက ၂၀ ရာခိုင်နှုန်း လျှော့စျေးရှိတယ်။ သူဌေး မင်း အဲဒါတွေကို ဝယ်ချင်လား"

"အဲဒါတွေ အကုန်ဝယ်လိုက်" ကျန်းဟန်က ပေါ့ပေါ့ပါးပါးဖြေသည်။

"အကုန်လုံးလား...အာ...မင်း ငါ့ကိုပေးထားတဲ့ပိုက်ဆံက မလောက်ဘူး။ ငါ့မှာလည်း ပိုက်ဆံအများကြီးမရှိဘူး" ပီရာဆန်က တိုးတိုးလေးပြောသည်။

ထိုဝက်သုံးဆယ်ခြောက်ကောင်ကို ဝယ်ရန် ယွမ် သုံးသန်းကျော် လိုအပ်ပြီး ဝက်ကလေးတစ်ကောင်လျှင် ယွမ် တစ်သောင်းကျော်က ကျသည်။ သူ့တွင် ပိုက်ဆံသိပ်မရှိချေ။

"မင်းရဲ့ဘဏ်အကောင့်ပို့ပေးပါ"

ကျန်းဟန်က ပြောပြီး ဖုန်းချလိုက်သည်။

စက္ကန့်အနည်းငယ်ကြာပြီးနောက် ပီရာဆန်သည် သူ့ထံသို့ မက်ဆေ့ချ်ပို့လိုက်ပြီး ကျန်းဟန်က ယွမ်လေးသန်း တန်းလွှဲပေးခဲ့သည်။

ရက်အနည်းငယ်အတွင်း သိုးဝက်များကို သူ့ထံသို့ ပို့ပေးမည်မှာ သိသာ၏။

ညစာစားပြီးနောက်တွင် စားသုံးသူများသည် ဆက်တိုက်ပြန်သွားခဲ့ကြ၏။ ကျန်းဟန်သည် သူ့ဘာသာသူ သန့်ရှင်းရေးလုပ်ရန် စီစဉ်ခဲ့သော်လည်း ကျောက်ဒါပဟူသည် ဆိုင်တွင် ကျောက်ဖုန်းမရှိမှန်းသိနေသဖြင့် ကူညီပေးခဲ့လေသည်။ သူသည် ဆိုင်တွင် လုပ်အားပေးရန် အလွန်စိတ်အားထက်သန်နေသည်မှာ သံသယရှိစရာမလိုချေ။

ညစာစားပြီးနောက် ကျန်းဟန်နှင့် မုန့်မုန့်သာ ဆိုင်တွင် ကျန်နေခဲ့၏။

ကျန်းဟန်သည် ဆိုဖာပေါ်တွင်ထိုင်ကာ မုန့်မုန့်အား သူ၏ရင်ခွဲထဲတွင် ပွေ့ထားရင်း သူမလေးနှင့်အတူ တီဗီကြည့်နေခဲ့သည်။

မုန့်မုန့်အား သူ၏ရင်ခွင်ထဲတွင် ပွေ့ဖက်ထားရင်း ကျန်းဟန်သည် နှလုံးသားထဲမှ နွေးထွေးမှုကို ခံစားလိုက်ရသည်။ ပျင်းရိစရာကောင်းသည့် ကာတွန်းကားပင် စိတ်ဝင်စားဖို့ကောင်းလာလေသည်။ ဤခံစားချက်များအားလုံးမှာ ချစ်စရာမင်းသမီးလေး မုန့်မုန့်က ယူဆောင်လာခဲ့ခြင်းပင်။

“ဖေဖေ…ရှုံးတ နဲ့ ရှုံးအာ ဘယ်ကောင်က ပိုပြီးချစ်စရာကောင်းလဲ”

၉ နာရီ ၁၀ မိနစ်ခန့်တွင် ကာတွန်းကားပြီးသွား၏။ မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲမှ မော့ကြည့်ကာ မေးသည်။

"မုန့်မုန့်က ချစ်ရာအကောင်းဆုံးပေါ့။ မုန့်မုန့်ထက် ဘယ်သူကမှ ချစ်စရာမကောင်းဘူး" ကျန်းဟန်က ပြုံးကာ ပြန်ပြောသည်။ သူက မုန့်မုန့်အား ပွေ့ချီလိုက်ပြီး သူမလေးကို လှည့်ကာ နူးညံ့သိမ်မွေ့သည့်မျက်နှာလေးကို နမ်းလိုက်၏။

"အာ...မုန့်မုန့်က အရမ်းချစ်စရာကောင်းလား"

"ဒါပေါ့"

"မွ မွ မွ" မုန့်မုန့်၏မျက်နှာလေးသည် ကျန်းဟန်အနားသို့ တိုးကပ်လာပြီးနောက် သူမလေးသည် သူ၏ပါးပြင်အား အကြိမ်အနည်းငယ် နမ်းလိုက်၏။

“ဟားဟားဟား…” ကျန်းဟန်က ပျော်ရွှင်စွာ ရယ်မောလိုက်ပြီး မုန့်မုန့်ကို ပွေ့ချီကာ “ဖေဖေတို့ အပေါ်ထပ်တက်ပြီး ပုံဆွဲကြမလား”

“အင်း…သွားကြမယ်” မုန့်မုန့်က ကလေးဆန်သည့်အသံလေးဖြင့် ပြောကာ သူမ၏လက်ကလေးများကို ဝှေ့ယမ်းလိုက်သည်။

“သွားကြမယ်” ကျန်းဟန်က တီဗီကိုပိတ်လိုက်ပြီး မုန့်မုန့်ကိုချီကာ ဒုတိယထပ်သို့ တက်သွားခဲ့သည်။

“အာ..ဖေဖေ မဟုတ်ဘူး…မဟုတ်သေးဘူး” မုန့်မုန့်က ရုတ်တရက် တစ်စုံတစ်ရာကို တွေးမိကာ ပြောလိုက်လေသည်။

…

-အပိုင်း(၂၂၆) ပြီး

wunzinnosp

## အပိုင်း(၂၂၇) ပါတီပွဲ

"ဘာဖြစ်လို့လဲ" ကျန်းဟန်က သံသယဖြင့် မေးလိုက်၏။

"မေမေကော...မုန့်မုန့်က ချစ်စရာအကောင်းဆုံးဆိုတော့ မေမေက ချစ်စရာမကောင်းဘူးလား"

"သမီးမေမေက သိပ်ပြီးချစ်စရာ မကောင်းပါဘူး" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြန်ဖြေသည်။

ဇီယန်သာ သူ၏စကားကိုကြားလျှင် "သစ်သားတုံးကောင်...ပျင်းစရာကောင်းတဲ့ရေခဲတုန်းကောင်" ဟု သေချာပေါက် ပြောပေလိမ့်မည်။

"မဟုတ်ဘူး မေမေလည်း အရမ်းချစ်စရာကောင်းတယ်" မုန့်မုန့်က နှုတ်ခမ်းလေးစူက လေးနက်စွာ ပြောသည်။

"အင်း...သမီးမေမေလည်း သမီးလိုပဲ ချစ်စရာကောင်းပါတယ် ဟုတ်ပြီလား" ကျန်းဟန်က မုန့်မုန့်အား သဘောတူလိုက်၏။

"ဟုတ်တယ်" မုန့်မုန့်က ပြန်ပြောလိုက်ပြီးနောက် ခေါင်းယမ်းကာ နှုတ်ခမ်းလေးစူလိုက်သည်။ "ဖေဖေ မေမေ့ကိုလွမ်းတယ်။ မေမေက ပြန်မလာတာ ရက်တွေအများကြီးကြာနေပြီ"

"သမီးမေမေက မနက်ဖြန် ပြန်လာမှာပါ" ကျန်းဟန်က ပြန်ပြောသည်။

"ဒါပေမယ့် မုန့်မုန့်က အခု မေမေ့ကို လွမ်းနေပြီ" မုန့်မုန့်က သနားစဖွယ်ပြန်ပြော၏။

"ဒါဆို သူ့ကို အခု ဖုန်းဆက်လိုက်ရအောင်" ကျန်းဟန်က ပြုံးကာ ပြော၏။

"ကောင်းတယ်…" မုန့်မုန့်မှာ ပျော်ရွှင်သွား၏။

ကျန်းဟန်သည် အိပ်ခန်းထဲသို့ ပြန်သွားကာ ဗီရိုထဲမှာ အပြာရောင် ညဝတ်အင်္ကျီတစ်ထည်ကို ထုတ်ယူလိုက်သည်။ မုန့်မုန့်အား အင်္ကျီလဲပေးပြီးနောက် သူ၏အင်္ကျီကို ချွတ်ကာ ဘောင်းညီတိုဖြင့် အိပ်ရာဝင်ခဲ့သည်။

ဥရောပစတိုင်အိပ်ရာသည် အလွန်ကြီးမားကာ ပန်းရောင်ဖျော့ဖျော့ ပိုးသားအိပ်ရာခင်းများဖြင့် ဖုံးအုပ်ထားကာ စောင်တစ်ထည်ရှိသည်။ ထို့ပြင် မွေ့ယာမှာ နူးညံ့ပျော့ပြောင်းကာ ထိပ်တန်းအမှတ်တံဆိပ်တစ်ခုဖြစ်သည်။ မုန့်မုန့်က စောင်ပေါ်တက်လိုက်ပြီး အမြန်ပြောလိုက်သည်။ "ဖေဖေ မေ့မေ့ကို မြန်မြန်ခေါ်လိုက်တော့"

"ကောင်းပြီ ဖေဖေ သူ့ကို အခုခေါ်လိုက်မယ်"

ကျန်းဟန် ရယ်မောရင်း အိပ်ရာဘေးစားပွဲပေါ်မှ ဖုန်းကိုယူကာ ဇီယန်၏နံပါတ်ကို ခေါ်လိုက်၏။

အခြားတစ်ဖက်ရှိ ပေကျင်းတွင်...

အစီအစဉ်မှာ ခြောက်နာရီမှ ပြီးသွားခဲ့သည်။

ဇီယန်၊ ယောက်ျားလေးကြယ်ပွင့်တစ်ယောက်နှင့် နောက်ထပ် မိန်းကလေးကြယ်ပွင့်တစ်ယောက်တို့ကို ညစာစားပွဲအခမ်းအနားသို့ ဖိတ်ကြားခဲ့၏။

သူတို့အား ဖိတ်ကြားခဲ့သူမှာ စီအိုအို၏သားဖြစ်သူ ကျားဒုန်ဖြစ်သောကြောင့် ဇီယန်နှင့် ကျိုးဖေးတို့မှာ မငြင်းဆန်နိုင်ဘဲ လက်ခံခဲ့ကြသည်။

ထို့ကြောင့် သူတို့အဖွဲ့သည် ထိုဧရိယာရှိ အလွန်ကောင်းမွန်သည့် လော့လန်ရေကန်စားသောက်ဆိုင်သို့ သွားခဲ့ကြသည်။

လီဒူပန်းခြံတွင်တည်ရှိပြီး ဖန်သားများဖြင့် ပြုလုပ်ထားသည့် စားသောက်ဆိုင်မှာ ရေကန်ရှုခင်းကို မြင်နိုင်သည့် အေးချမ်းသော အပန်းဖြေအိမ်ဖြစ်သည်။ အနောက်တိုင်းစတိုင်နှင့် ကိုရီးယားအစားအသောက်များ၊ အဖျော်ယမကာများဖြင့် ပတ်ဝန်းကျင်လေထုကို ရောနှောပေါင်းစပ်ထားသည်။ ၎င်းသည် ဥတုလေးပါး၏အပြောင်းအလဲများကို ကောင်းစွာမြင်နိုင်သော စားသောက်ဆိုင်တစ်ခုဖြစ်၏။ မိသားစု၊ သူငယ်ချင်းများနှင့် အတူအပန်းဖြေနိုင်ပြီး မြို့ပြရှုပ်ထွေးမှုများနှင့် ကင်းဝေးရန်၊ ကမ္ဘာကြီး၏ညစ်ညမ်းမှုများကို ဘေးဖယ်ထားရန် စိတ်လက်ကြည်သာစေသော နေရာကောင်းတစ်ခုဖြစ်၏။

လော့လန်ရေကန်စားသောက်ဆိုင်သည် ညအချိန်တွင် မီးရောင်များဖြင့် တောက်ပနေပြီး တောလမ်းများအားလုံးကို မီးရောင်စုံဖြင့် အလှဆင်ထား၏။ မြို့တော်တွင် တိတ်ဆိတ်ငြိမ်သာကကာ အေးချမ်းသည့်စားသောက်ဆိုင်တစ်ခုအနေဖြင့် ပေကျင်းမှ

နာမည်ကြီးများစွာကို စွဲဆောင်နိုင်ခဲ့သည်။ ကောင်းမွန်သည့်ပတ်ဝန်းကျင်အပြင် ဟင်းချက်ကျွမ်းကျင်သည့် နာမည်ကြီးစားဖိုမှူးများလည်း ရှိလေ၏။

စားသောက်ဆိုင်သို့ သူတို့ရောက်လာသည့်အခါ ကျားဒုန်က ဆန်းရှိုင်းကော်ပြန့်များ၊ ဆောလမွန်ခေါင်းကင်၊ အသားကင်၊ နံရိုးကင်၊ ပင်လယ်စာ စသဖြင့် အထူးဟင်းလျာများအားလုံးကို တစ်ပွဲစီမှာယူထားပြီးဖြစ်သည်။ ၎င်းက အမှန်တကယ်စားသောက်ပွဲကြီးတစ်ခုပင်။

သူတို့သည် စားပွဲထိုးတစ်ယောက်၏လမ်းပြမှုဖြင့် အခန်းနံပါတ် ၃ သို့လျှောက်လာကြသည်။

လော့လန်ရေကန်စားသောက်ဆိုင်တွင် စုစုပေါင်း ရေကန်ဘေးအခန်း ရှစ်ခန်းရှိပြီး၊ ၎င်းတို့အားလုံးသည် ရှုခင်းကြည့်ရန် ပြတင်းပေါက်တစ်ခုပါရှိသော အခန်းကျယ်များဖြစ်သည်။ စားသုံးသူများသည်

ရေကန်ဘေးရှုခင်းကို ကြည်လင်ပြတ်သားစွာ မြင်နိုင်၏။ ညဘက်တွင်ပင် ရေကန်တစ်ဝိုက်၌ အလင်းရောင်များ ရှိနေပြီး ရေထဲတွင် အရိပ်ဟပ်နေသည်က လူများကို ရင်သပ်ရှုမောဖြစ်စေသည်။

မှန်ပေသည်။ ထိုသီးသန့်ခန်းရှစ်ခန်းမှာ အလွန်စျေးကြီးပြီး တစ်ခန်းလျှင် ၁၉၉၉ ယွမ်ခန့် ကျလေ၏။

အခန်းနံပါတ် ၃ သို့ဝင်ခါနီးတွင် ယုံကြည်မှုအပြည့်ဖြင့် လွှမ်းမိုးသည့်အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

“ရှောင်ဒုန်လား”

အားလုံး လှည့်ကြည့်လိုက်ရာ သူတို့၏ဘေးနားတွင် ရပ်နေသည့် လူငါးယောက်ကို တွေ့လိုက်ရ၏။ အခန်းနံပါတ် ၁ သို့မဟုတ် ၂ သို့ သွားရန် ပြင်နေပုံရပြီး ၎င်းတို့အား ဆံပင်ဘိုကေညှပ်ထားသည့် လူငယ်တစ်ယောက်က ဦးဆောင်သည့်ဟန်ရ၏။

"အစ်ကိုလျို မင်းလည်းရောက်နေတာလား" ကျားဒုန်မှာ အနည်းငယ် အံ့သြသွားသော်လည်း သူ၏မျက်နှာထက်တွင် နွေးထွေးဖားယားသည့် အပြုံးတစ်ခုဆင်မြန်းထားသည်။

တစ်ဖက်လူမှာ ပေကျင်းတွင် သြဇာကြီးမားသူများထဲသို့ ဝင်ရောက်လာခဲ့သည့် သခင်လေးအသစ် လျိုဖုန်းဖြစ်ပေသည်။

ပေကျင်းသို့ ပြန်ရောက်ကတည်းက သူသည် မိသားစုကြီးများ၏သူဌေးသားအချို့ဖြင့် ဆက်ဆံရေးကောင်းတည်ဆောင်ထားခဲ့သည်။ သို့သော်လည်း သူသည် အခြားသူများဖြင့် တွေ့သည့်အခါတွင် ပို၍မာနကြီးပြီး သူ၏အဖော်မိန်းကလေးများကို ဆက်တိုက်ပြောင်းလဲခဲ့သည်။

လက်ရှိတွင် သူ၏ဘေး၌ စွဲမက်ဖွယ်ကောင်းသည့် မိန်းကလေးတစ်ယောက်ရပ်နေပြီး နောက်တွင် ရပ်နေသည့် ယောကျ်ားလေးသုံးယောက်မှာ လျိုဖုန်း၏လူများဖြစ်ကြောင်း ထင်ရှားပေသည်။ ဒဏ်ရာများစွာရှိနေပြီး ဘယ်ဘက်ပါးရော

ညာဘက်ပါးမှာပါ ပတ်တီးများပြည့်နေသည့် ခပ်ဝဝလူမှာ ဒေါင်ဟူဖြစ်၏။

"ငါ့ညီငယ်တစ်ယောက် ဆေးရုံကဆင်းလာတာဆိုတော့ ညစာစားဖို့ခေါ်လာတာ" လျိုဖုန်းက သူ၏လက်ကိုဆန့်က ဒေါင်ဟူအား ပုတ်ပြသည်။

ဒေါင်ဟူမှာ လုံးလုံးပြန်မကောင်းသေးသည့်အတွက် နှုတ်ခမ်းများ တွန့်သွားသည်။ သူ၏လက်များမှာ အလွန်အထိမခံဖြစ်နေ၏။ သူ၏လက်များ နာကျင်လာသည့်အချိန်တိုင်း ဒေါင်ဟူး၏စိတ်ထဲတွင် ကျန်းဟန်ကို အမြဲကျိန်ဆဲမိလေ၏။

"မင်းဒီမှာ ဘာလုပ်နေတာလဲ" လျိုဖုန်းက ကျားဒုန်၏နောက်မှ လူများကို တစ်ချက်ကြည့်လိုက်သည်။ ဇီယန်နှင့် အခြားအမျိုးသမီးကြယ်ပွင့်ကို မြင်လိုက်ရသည့်အခါ သူ၏မျက်လုံးများ ချက်ချင်းတောက်ပသွားသည်။ သို့သော် လူအုပ်၏နောက်တွင်ရပ်နေသည့်

ဇီယန်ကိုမြင်လိုက်ရသည့်အခါ သူ၏မျက်လုံးထဲတွင် အံ့သြမှုနှင့် လိုချင်တပ်မက်မှုများ ပြည့်သွား၏။

"သူတို့က တီဗီဌာနမှာ အစီအစဉ်တစ်ခု ရိုက်ပြီးသွားလို့ သူတို့ကို ဧည့်ခံဖို့ ဒီကိုလာခဲ့တာ" ကျားဒုန်က ပြုံးကာ ပြောသည်။ "ငါတို့နဲ့ အတူပေါင်းလိုက်ပါလား အစ်ကိုလျို"

"ဒီအမျိုးသမီးက ဘယ်သူများလဲ" လျိုဖုန်းက သူ့အား ပြန်မဖြေဘဲ ဇီယန်ကို ကြည့်ကာ မေးလိုက်သည်။

ထိုအချိန်တွင် ကျားဒုန်၏မျက်နှာတွင် ရှက်ရွံ့မှုအရိပ်အယောင်များ ဖြတ်ပြေးသွား၏။ သူသည် ဧည့်သည်များကို ဧည့်ခံရန် စီစဉ်ထားခဲ့သော်လည်း ထိုအထဲမှ တစ်ယောက်က မိန်းမပွေသည့်လူ၏မျက်စိကျခြင်း ခံလိုက်ရသည်။

သို့သော် အဆုံးတွင် သူသည် လျိုဖုန်းအား မလွန်ဆန်နိုင်သဖြင့် ဘာမှ မလုပ်နိုင်ပေ။ ထို့ကြောင့်သူက အမှန်တိုင်းပြောလိုက်သည်။ "သူမက ဇီယန်ပါ။ ဇီယန် လာ

ငါမင်းကို မိတ်ဆက်ပေးမယ်။ သူက ပေကျင်းမှာ လူမှုဆက်ဆက်ရေးမြင့်မားတဲ့ လျိုမိသားစုက သခင်လေးလျိုပါ”

ပြောနေရင်းဖြင့် ကျားဒုန်သည် ကြယ်ပွင့်တစ်ယောက်မှာ အဆက်အသွယ်များ၏အရေးပါမှုကို သိရှိပြီး ဇီယန်က လျိုဖုန်းအား ပြုံး၍ နှုတ်ဆက်လိမ့်မည်ဟု အခိုင်အမာယုံကြည်ခဲ့သည်။ ထိုနောက်တွင် လျိုဖုန်နှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို ရှိနိုင်၏။

သို့သော် ဤသည်က ကျားဒုန်၏အတွေးသာဖြစ်ပေသည်။

တကယ်တမ်းတွင် ဇီယန်က ရွှေ့ပင်မရွှေ့ချေ။ သူမက ခေါင်းကို အနည်းငယ်ညိတ်ပြလိုက်ပြီး “မင်္ဂလာပါ သခင်လေးလျို” ဟု တည်ငြိမ်စွာ နှုတ်ဆက်လိုက်၏။

ကျားဒုန်နှင့်အခြားသူများမှာ သူမ၏ဂရုမစိုက်သည့် အမူအရာကို မြင်ပြီး အေးခဲသွား၏။ တစ်ချိန်တည်းမှာပင်

လျှိုဖုန်း၏မျက်လုံးများတွင် မကျေနပ်မှုအရိပ်အယောင်များ ထွက်ပေါ်လာသည်။

ရှက်ရွံ့ဖွယ်အခြေအနေမဖြစ်စေရန် ကျားဒုန်က လျင်မြန်စွာ ပြောလိုက်သည်။ "အစ်ကိုလျို ငါတို့နဲ့ အတူလာပေါင်းလိုက်ပါလား။ ပါတီပွဲက လူများမှ ပိုပြီး ပျော်ဖို့ကောင်းတာ"

"ငါလား..နောက်မှ အဲ့ဒါကို ပြောကြတာပေါ့။ အစ်ကိုလင်းကို နှုတ်ဆက်ရအောင် သူတို့ကို ခေါ်သွားလိုက်ဦးမယ်။ ဒါပေမယ့် ငါ သူ့ကို လာချင်လား မေးလိုက်မယ်" လျှိုဖုန်းက တုံ့ဆိုင်းစွာဖြင့် ဇီယန်၏ထံမှ အကြည့်လွှဲလိုက်ပြီး ကျားဒုန်ကို ကြည့်ကာ ပြန်ပြောလိုက်သည်။

"အစ်ကိုလင်းရော ဒီမှာ ရောက်နေတာလား" ကျားဒုန်က အံ့ဩသွား၏။ ထိုနောက် သူက ပြုံးကာ အမြန်ပြောလိုက်သည်။

"သူက အခန်းနံပါတ် ၁ မှာလား။ ပြီးမှ ကျွန်တော် သူ့ကို လာနှုတ်ဆက်ပါမယ်"

"အင်း" လျိုဖုန်းက ခေါင်းညိတ်ကာ ခံစားချက်များပြည့်နေသည့်အကြည့်ဖြင့် ဇီယန်အား တစ်ချက်ကြည့်ကာ ထွက်သွား၏။

"အရင်သွားရအောင်"

ကျားဒုန်က ဦးဆောင်ကာ အခန်းနံပါတ် ၃ အတွင်းသို့ ဝင်လိုက်၏။ အားလုံး ထိုင်ပြီးနောက်တွင် သူသည် ဇီယန်အား တည်ငြိမ်စွာကြည့်လိုက်ပြီး တိုက်တွန်းသည့်လေသံဖြင့် ပြောသည်။

"ဇီယန်။ မင်းက အနားယူသွားတာ ငါးနှစ်ရှိပြီ။ ဖျော်ဖြေရေးနယ်ပယ်က အပြောင်းအလဲကြီးဖြစ်ခဲ့တယ်။ ဒီခေတ်မှာ အဆက်အသွယ်တွေက ပိုပြီး အရေးပါလာတယ်။ မင်းက အရမ်းလှတယ်။ ဒါကြောင့် မင်းအနေနဲ့ လုပ်ရကိုင်ရတာ

ပိုလွယ်လိမ့်မယ်။ မင်းမှာ အဆက်အသွယ်တွေအများကြီးရှိရင် မင်းပြန်နာမည်ကြီးလာမှဦးပါ"

"အင်း...ကျွန်မသိပါပြီ" ဇီယန်က ခေါင်းကို အသာညိတ်ကာ ပြန်ပြောသည်။

"အင်း..." ကျားဒုန်က ပြုံးလိုက်ပြီး ဆက်ပြောသည်။ "လျိုဖုန်းက နောက်ခံအင်အားရှိပေမယ့် ပေကျင်းမှာ သူ့ထက် အာဏာရှိတဲ့လူတွေ အများကြီးရှိပါသေးတယ်။ ဥပမာပြောရရင် ခုဏက ပြောတဲ့ အစ်ကိုလင်းတဲ့ လင်းကျဲ သူက ပေကျင်းရဲ့သခင်လေးလေးယောက်ထဲက တစ်ယောက်အဖြစ်သတ်မှတ်ထားပြီး အရမ်းသန်မာတယ်။ သူလည်း ဒီမှာစားနေတာဆိုတော့ နောက်မှ မင်းကို သူနဲ့ မိတ်ဆက်ပေးဖို့ခေါ်သွားပေးမယ်"

သူပြောလိုက်သည်နှင့် ဟိုတ်များအပါအဝင် အခြားသူများ၏မျက်နှာတွင် မနာလိုသည့်အရိပ်အယောင်များ ဖြတ်ပြေးသွားသည်။

"ဇီယန် မင်း သခင်လေးကျားကို ကျေးဇူးတင်ရမယ်"ု အန်းချန်က ပြောသည်။ "ဒါက လူကြီးလူကောင်းတစ်ယောက်နဲ့ ရင်းနှီးခွင့်ရဖို့ အခွင့်အရေးပဲ။ မင်းကို သခင်လေးလင်းက သဘောကျရင် မင်းအနာဂတ်က ချောမွေ့လာလိမ့်မယ်"

"ဟုတ်တယ်" ဇီယန်နှင် စင်ပေါ်တွင် အတူပါဝင်ခဲ့သည့် ဘီအဆင့်အမျိုးသမီးကြယ်ပွင့်က သက်ပြင်းချကာ မနာလိုသည့်အရိပ်အယောင်ဖြင့် ပြောသည်။ "အစ်မယန်က အရမ်းလှတော့ သွားလေရာမှာ အာရုံစိုက်ခံရတယ်။ သခင်လေးကျားကတောင် ငါတို့ကိုလျစ်လျူရှုထားပြီး နင့်ကို သခင်လေးလင်းနဲ့မိတ်ဆက်ပေးဖို့ စိတ်လိုလက်ရ စီစဉ်ပေးတယ်"

"ရှောင်လင်း ငါ့ကို မနောက်ပါနဲ့။ ငါ မင်းကို ခေါ်သွားပေးလို့ရပါတယ်။ ဒါပေမယ့် အစ်ကိုလင်းက မင်းရဲ့ပိန်ပိန်ပါးပါးပုံစံကို သဘောမကျဘူး။ ဟားဟား...မင်းမှာ

ဇီယန်လိုမျိုး ချစ်စရာကောင်းတဲ့အသွင်ပြင်ရှိရင် ငါမင်းကို သူနဲ့တွေ့ပေးပြီးပြီ” ကျားဒုန်က ပြုံးကာ ပြောသည်။

“ခစ်ခစ် အစ်ကိုကျားက တကယ့်ကိုဝါရင့်သဘာရင့်ပဲ” ရှောင်လင်းက မျက်စောင်းထိုးလိုက်၏။

အခြားသူများက လင်းကျဲ၏အဆင့်အတန်းကို မည်မျှမြင့်မားကြောင်း ပြောနေခဲ့ရင်း တစ်ယောက်နှင့်တစ်ယောက် စကားပြောနေခဲ့ကြသည်။

သို့သော် ဇီယန်သည် ထိုအရာများကို စိတ်မဝင်စားချေ။ သူက သခင်လေးလေးယောက်ထဲတွင် တစ်ယောက်ဖြစ်ခဲ့လျှင်ကော ဘာဖြစ်လဲ။ ကျန်းဟန်သည်လည်း အစက သခင်လေးလေးယောက်ထဲမှ တစ်ယောက်ဖြစ်ပေသည်။

အခြားသူများ ပြောနေချိန်တွင် ဇီယန်၏ပြန်ဖြေသံဦး ရုတ်တရက် ကြားလိုက်ရ၏။

"စိတ်မကောင်းပါဘူး သခင်လေးကျား။ ဒါပေမယ့် မိတ်ဆက်ပေးဖို့ မလိုပါဘူး"

ဟမ်...

အားလုံးက သူ့မား လှမ်းကြည့်လိုက်ကြ၏။

ကျားဒုန်၏မျက်နှာရှိ အပြုံးမှာ အေးခဲသွားသည်။

"ဇီယန် မင်း ဘာကိုဆိုလိုတာလဲ" ကျားဒုန်က မေးသည်။

"အစ်ကိုကျား" ထိုအချိန်တွင် ကျိုးဖေးက ဝင်ပြောသည်။ "အစ်မယန်က တော်ရုံလူတွေနဲ့ စကားပြောလေ့မရှိဘူး။ သခင်လေးလင်းက အာဏာရှိပေမယ့် ကျွန်မတို့က သူစိမ်းတွေဖြစ်နေတယ်လေ။ ကျွန်မအမြင်အရ အစ်ကိုကျားနဲ့ သောက်တာက တခြားသူတွေနဲ့သောက်တာထက် အများကြီးပိုကောင်းပါတယ်"

"အိုး" ကျားဒုန်က ဇီယန်ကို အကဲခတ်လိုက်ပြီး ခေါင်းကို အနည်းငယ်ယမ်းလိုက်သည်။ သူသည်

သူမ၏စကားကိုလက်မခံသော်လည်း ဘာမှပြန်မပြောတော့ပေ။ "မင်းတို့အဆင်ပြေသလိုသာနေပါ" ဟုသာ ပြတ်ပြတ်သားသားပြန်ပြောလိုက်၏။

"ဝိတ်တာ..မာဇာရိုတစ်ဖာ" ကျားဒုန်က တံခါးနားတွင် ရပ်နေသည့် စားပွဲထိုးကို လက်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ" စားပွဲထိုးက အော်ဒါတင်သည့်စက်ဖြင့် သောက်စရာများကို အမြန်မှာလိုက်သည်။

တစ်ဖာတွင် မာဇာရိုလေးပုလင်းပါ၏။ မာဇာရိုသည် မိုဂါအို အမှတ်တံဆိပ်၏ဝိုင်နီဖြစ်ပြီး လေးပုလင်းမှာ ယွမ် တစ်သိန်းနှစ်သောင်း ကုန်ကျသည်။ ဆိုလိုသည်မှာ တစ်ပုလင်းလျှင် ယွမ် ၃၀၀၀၀ ကုန်ကျ၏။

သောက်စရာမှာပြီးနောက် လူတိုင်း စကားစမြည်ပြောကြ၏။ ခဏအကြာတွင် စားပွဲထိုးသည် ဖန်ခွက်များကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ ထိုဝိုင်နီပုလင်းလေးလုံးကို ဟင်းပန်းကန်များအားလုံးချပြီးမှ

ဖွင့်သည်။ စားပွဲထိုးသည် ဝိုင်နီတစ်ပုလင်းကိုဖွင့်ကာ ဒီကန်တာကရားထဲသို့ လောင်းထည့်ပြီး ခဏအကြာတွင် ဖန်ခွက်များထဲသို့ ငှဲ့လိုက်၏။

"အရင်ဆုံးအောင်ပွဲခံဖို့အတွက် သောက်..."

ကျားဒုန်၏စကားမဆုံးခင်မှာပင် သူ၏မျက်လုံးထောင့်မှ တံခါးက်သို့ ကြည့်လိုက်မိသည်။ လူအနည်းငယ် ဝင်လာသည်ကို မြင်သည်နှင့် ထရပ်လိုက်ပြီး မျက်လုံးများ ပြူးကျယ်သွား၏။ အမြန်ထရပ်လိုက်ပြီး သူ၏မျက်နှာပေါ်တွင် ကြီးမားသည့်အပြုံးဖြင့် ရှေ့သို့တိုးသွားသည်။

"အာ...အစ်ကိုလင်း လာပြီလား။ ခဏနေမှ ကျွန်တော်က အစ်ကိုလင်းဆီ လာမလို စိတ်ကူးထားတာ။ အစ်ကို ဒီကို ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဟားဟား...လာ ဒီမှာထိုင်ပါ"

...

-အပိုင်း(၂၂၇) ပြီး

wunzinnosp

## အပိုင်း(၂၂၈) ကျန်းဟန်လား

"အင်း.." လင်းကျဲက ခေါင်းညိတ်ပြလိုက်ပြီး ကျားဒုန်နောက်မှလိုက်ကာ ဝင်ထိုင်လိုက်သည်။

ကျားဒုန်ထံမှ အချက်ပြမှုကို ရရှိပြီးနောက် တီဗီအစီအစဉ်တင်ဆက်သူများမှာ ဝင်လာသည့်လူငါးဦးကို ၎င်းတို့၏ထိုင်ခုံများ ဖယ်ပေးလိုက်သည်။

ထိုအချိန်တွင် လူတိုင်းက သူ့အား တလေးတစားနှုတ်ဆက်ကြ၏။

"သခင်လေးလင်း"

ဇီယန်သည် လင်းကျဲကို သူမ၏လှပသည့်မျက်လုံးလေးများဖြင့် အကဲခတ်လိုက်သည်။ နောက်ဆုံးတွင် သူမသည် သူ့အား နှုတ်ဆက်စကားပင်မပြောခဲ့ချေ။

လင်းကျဲသည် အသားအရေမှုတကာ အတန်ငယ်ပါးလျှသည့် မျက်ခုံးများနှင့် သေးငယ်သော မျက်လုံးများရှိပြီး မိန်းကလေးဆန်သည့်လူတစ်ယောက်ဖြစ်သည်။ ဇီယန်အား အစကတည်းက အမြင်ကောင်းပေးစွမ်းနိုင်၏။

သို့သော် လင်းကျဲသည် ချက်ချင်းဆိုသလို သူ၏ကြွမ်းရှသည့်အသံဖြင့် သူ၏စိတ်အခြေအနေကို ဖယ်ရှားပစ်လိုက်သည်။ သူ၏အကြည့်က စားပွဲပေါ်ရှိ ဝိုင်ပုလင်းများကို ရောက်ရှိသွားပြီး စားပွဲထိုးအား လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ “၁၉၈၂ လက်ဖ်ဖိုက်လေးပုလင်း ငါ့စားပွဲမှာ လာချပေး”

"ဟုတ်ကဲ့ပါ" စားပွဲထိုးမှာ ရုတ်တရက် အသက်ရှူမြန်လာပြီး စိတ်လှုပ်ရှားစွာခေါင်းညိတ်၍ အော်ဒါတင်ရန် အမြန်ထွက်သွား၏။

၁၉၈၂ လက်ဖ်ဖိုက်သည် တစ်ပုလင်းလျှင် ယွမ် ၁၇၀,၀၀၀ ကျသင့်ပြီး ၄ ပုလင်းအတွက် ၆၈၀,၀၀၀ ရှိလေသည်။ ထိုကြောင့် သူ၏ကော်မရှင်ကြေးမှာ ပမာဏများစွာ တိုးမြင့်သွားခဲ့သည်။

လင်းကျဲမည်မျှ ရက်ရောသည်ကို သိလိုက်ရသည့်အခါ လူတိုင်း၏မျက်လုံးများ တောက်ပသွား၏။

သူတို့၏စိတ်ထဲတွင် သက်ပြင်းချလိုက်မိကြသည်။ လင်းကျဲသည် အမှန်ပင် ဩဇာကြီးမားသူဖြစ်ပေ၏။

လက်ဖ်ဖိုက်လေးပုလင်းမှာ လျင်မြန်စွာ ရောက်ရှိလာခဲ့၏။

ဝိုင်နီကိုမြင်သည့်အခါ ကျားဒုန်က သူ၏ခွက်ကိုမြှောက်ကာ "လာ ဒီခွက်ထဲက ဝိုင်ကို

အရင်သောက်လိုက်ရအောင်။ သူ့ရဲ့ရက်ရောက်မှုအတွက် အစ်ကိုလင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ခွက်ချင်းတိုက်လိုက်ရအောင်”

ဤတစ်ကြိမ်တွင် သူတို့နောက်မှ ပါလာသည့်လူငါးယောက်အပြင် ဇီယန်ပါ ခွက်ကို မြှောက်လိုက်ပြီး ဝိုင်အနည်းငယ် သောက်လိုက်၏။ ထိုအချိန်တွင် ဟို့တ်များ၊ ရှောင်လင်းနှင့် အမျိုးသားကြယ်ပွင့်တို့မှာ သူ့အား ဖားယားကြလေသည်။

“ညှော့ဝတ်ကျေမှုအတွက် ကျေးဇူးတင်ပါတယ် သခင်လေးလင်း”

“ကျေးဇူးပါ အစ်ကိုလင်း”

“အစ်ကိုလင်းက အရမ်းရက်ရောတာပဲ”

“…”

လင်းကျဲသည် ထိုသို့သောအခြေအနေများကို ကျင့်သားရနေသည့်အတွက် တည်ငြိမ်နေခဲ့၏။ ရုတ်တရက် ဇီယန်အား ကြည့်လိုက်ပြီးနောက် သူ၏မျက်လုံးများတွင် အံ့ဩမှုများပြည့်သွားကာ လက်ဖ်ဖိုက်များဖြင့် ပြည့်နေသည့် ခွက်ကို မြှောက်ကာ မော့သောက်လိုက်ရင်း ပြုံးကာ ပြောသည်။

“ဇီယန်က လွန်ခဲ့တဲ့ငါးနှစ်ကထက် အများကြီး ပိုလှလာတာပဲ”

သူ၏စကားကို ကြားသည့်အခါ အားလုံးက ဇီယန်အား ကြည့်လိုက်ကြ၏။ လင်းကျဲသည် ဇီယန်အတွက်ကြောင့်သာမဟုတ်ပါက သူကိုယ်တိုင်လာခဲ့မည်မဟုတ်မှန်း သူတို့ သဘောပေါက်သွားကြသည်။

“ကျေးဇူးပါ” ဇီယန်က နှုတ်ခမ်းကို ခပ်ဟဟပြောရင်း ခေါင်းညိတ်ပြလိုက်၏။

“မစ္စဇီက ပုံမှန်လိုပဲ သိမ်မွေ့တယ်။ ငါ မင်းရဲ့ ပင်ကိုယ်စရိုက်ကို အရမ်းသဘောကျတယ်” လင်းကျဲက ပြုံးကာ ပြောသည်။

“သခင်လေးလင်းချီးကျူးဖို့အတွက် ကျွန်မက မထိုက်တန်ပါဘူး” ဇီယန်က လင်းကျဲအား စိုက်ကြည့်ကာ ပြန်ပြောသည်။

“ငါ ငယ်ငယ်ကတည်းက ဘယ်တော့မှ မလိမ်ဖူးဘူး” လင်းကျဲက ခေါင်းယမ်းကာ “မစ္စဇီက အရမ်းနာမည်ကြီးပြီး လွန်ခဲ့တဲ့ငါးနှစ်က အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရဖို့ အခွင့်အရေးများခဲ့တာကို ငါ သတိရမိတယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာက မင်းက အနားယူခဲ့သွားခဲ့တာပဲ။ တကယ်တော့ ငါ အရမ်းသိချင်နေခဲ့တာ။ သာမန်လူဆိုရင် ဒီလိုအကောင်းဆုံးအခြေအနေအောက်မှာ အနားယူဖို့ ရွေးချယ်ခဲ့မှာ မဟုတ်ဘူး”

သို့သော်...ဇီယန်သည် ထိုအကြောင်းအရာအား မပြောချင်ပေ။

၎င်းကိုမြင်သည့်အခါ ကျိုးဖေးက ဝင်ပြောလိုက်သည်။ "ဇီယန်က အိမ်မှာ ကိုယ်ရေးကိုယ်တာကိစ္စလေးရှိလို့ အနားယူခဲ့တာပါ။ သိပ်မကြာခင်အချိန်ထိ ပြန်လာဖို့ ရည်ရွယ်ချက်မရှိခဲ့ဘူး"

"အိုး...ငါသိပြီ" လင်းကျဲက ဇီယန်အား စိုက်ကြည့်ရင်း ဖြည်းညှင်းစွာပြောသည်။ "မစ္စဇီရဲ့ပြန်လည်ပေါ်ထွက်လာမှုက ကြီးမားတဲ့အောင်မြင်မှုဖြစ်မှာ ယုံပါတယ်။ ဒါကြောင့် ငါက နှင်းပန်းကို အမွှမ်းတင်ပေးချင်တယ်။ ငါ့မှာ ဝေ့ချောင်လို့ခေါ်တဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ သူက ဟိုတလောက အရည်အရည်သွေးမြင့် ရုပ်ရှင်းကားတစ်ခု ရိုက်ဖို့ ပြင်ဆင်နေပြီး ငါက ရင်းနှီးမြှုပ်နှံသူပါ။ မစ္စဇီက အဲဒါကို စိတ်ဝင်စားလား။ စိတ်ဝင်စားတယ်ဆိုရင် နောက်ကျရင်

ပါတီလေးတစ်ခုစီစဉ်ပြီးတော့ အားလုံးကို အသေးစိတ်ပြောပြပေးနိုင်ပါတယ်”

သူ၏စကားဆုံးသည့်အခါ ဟို့တ်များနှင့် အခြားကြယ်ပွင့်နှစ်ယောက်၏မျက်နှာများ အနည်းငယ်ပြောင်းလဲသွား၏။

ဝေ့ချောင်သည် နာမည်ကြီး ဒါရိုက်တာတစ်ဦးဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်ကမှ သူ၏အသက်မွေးဝမ်းကြောင်းနယ်ပယ်ကို စတင်ခဲ့သည့်တိုင် ယွမ် သန်း ၅၀၀ ကျော်ရရှိသည့် အရည်အသွေးမြင့် ဇာတ်ကားနှစ်ခု ထုတ်လုပ်ထားပြီးဖြစ်သည်။ ထို့ပြင် သခင်လေးလင်းသည် ကြီးမားသည့်ရုပ်ရှင်ကားတစ်ခုဟု ယူဆ၍သာ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ရမည်။ ဇီယန်သည် ဤဇာတ်ကားတွင် ပါဝင်ပြီးသည်နှင့် သူမ၏အလားအလာမှာ အလွန်ကောင်းမွန်လာပေမည်။

လူတိုင်းက ထိုအတွေးဖြင့် ဇီယန်အား မနာလိုအားကျစွာ စိုက်ကြည့်နေကြသည်။

လင်းကျဲနှင့်လျူဖုန်းတို့၏မျက်လုံးများသည် တောက်ပနေကြ၏။

ဇီယန်သည် ရုပ်ရှင်တွင် ပါဝင်ရန် ကတိပြုလိုက်သရွေ့ သူမ မည်သည့်အပိုင်းတွင် ပါဝင်ရသည်ဖြစ်ဖြစ် သူတို့၏အခန်းကဏ္ဍက ပြီးသွားပြီဖြစ်သည်။ ယနေ့ခေတ်တွင် တစ်စုံတစ်ရာ တန်ဖိုးမပေးရဘဲ မည်သို့ အောင်မြင်နိုင်ပါမည်နည်း။ ယခု ဇီယန်က တန်ဖိုးတစ်ခုပေးရန် ဆန္ဒရှိမရှိအပေါ် မူတည်နေပေ၏။

သို့သော် လင်းကျဲ၏ညာဘက်တွင် ရပ်နေသည့် ကျားဒုန်မှာ စိတ်ထဲတွင် သက်ပြင်းချရင်း ခါးသီးစွာ ပြုံးလိုက်၏။ လင်းကျဲသည် သူမအတွက် ဤနေရာသို့ လာကြောင်း ပြသနေလေသည်။ သူမသာ သဘောတူခဲ့လျှင်...

အားလုံး တဖြည်းဖြည်း တိတ်ဆိတ်သွားကြ၏။ သူတို့သည် ဇီယန်အား စိုက်ကြည့်ကာ သူမ၏အဖြေကို စောင့်နေကြသည်။ ရှောင်လင်းပင် မနေနိုင်ဘဲ ဝင်ပြောလိုက်သည်။

"အစ်မဇီယန် သူကို ကတိပေးလိုက်လေ။ ဒါက အခွင့်အရေးတစ်ခုပဲ"

"အိုး" သူမ၏စကားကိုကြားပြီးနောက် ဇီယန်သည် ရှောင်လင်းကို ကြည့်လိုက်ပြီးနောက် လင်းကျဲအား ကြည့်လိုက်၏။ ဇီယန်သည် သူ၏ပြုံးစစမျက်နှာကို တိုက်ရိုက်စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ရှင့်ရဲ့ကြင်နာမှုအတွက် ကျေးဇူးပါ သခင်လေးလင်း။ ဒါပေမယ့် ကျွန်မမှာ တခြားကိစ္စရှိလို့ မနက်ဖြန်အတွက် လေယာဉ်လက်မှတ်ကြိုမှာထားပြီးပါပြီ"

"တကယ်လား...ဒါဆို..." လင်းကျဲ၏မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူစကားပြောခါနီးတွင် ဇီယန်၏ဖုန်းက မြည်လာ၏။ သူမ ဖုန်းကို ထုတ်ကြည့်လိုက်ပြီးနောက် ချက်ချင်းမတ်တပ်ရပ်ကာ ပြောလိုက်သည်။ “တောင်းပန်ပါတယ်။ ကျွန်မ အပြင်ထွက်ပြီး ဒီဖုန်းကို ပြန်ဖြေမှရမယ်”

ပြောပြီးသည်နှင့် ဇီယန် ထွက်လာခဲ့သည်။ ဆိုင်ရှေ့တွင် စားပွဲများ၊ ထိုင်ခုံများနှင့် ထီးများစွာရှိသည့် ရှုခင်းကြည့်ရန် ပလက်ဖောင်းတစ်ခုရှိလေသည်။

“တဆိတ်လောက်”

ဇီယန်အခန်းထဲမှ ထွက်သွားပြီးနောက် လင်းကျဲသည် သူ၏ခွက်ကိုယူကာ ထ၍ သူမနောက်မှ လိုက်သွားခဲ့သည်။

သူ တံခါးမှထွက်လိုက်သည်နှင့် ဇီယန်ပြောသည်ကို ကြားလိုက်ရလေ၏။ “ကျန်းဟာန်”

ကျန်းဟာန်လား...

လင်းကျဲအေးခဲသွားပြီး ဇီယန်အား အံ့သြစွာကြည့်လိုက်သည်။

ဇီယန်သည်တော့ ဖုန်းကိုယူကာ တစ်ဖက်သို့လျှောက်လာရင်း သူမနောက်မှ လင်းကျဲထွက်လာသည်ကိုသတိပြုမိလိုက်သည်။ လင်းကျဲမှာ သူမနောက်သို့လိုက်မလာကြောင်း သေချာသည့်အခါ သူမ ဘာမှမပြောတော့ချေ။

"ကျွန်မ အစီအစဉ်ကို ရိုက်ပြီးသွားပြီ။ အခု တီဗီဌာနက ဝန်ထမ်းတွေနဲ့ ညစာစားနေတယ်"

"အင်း...မုန့်မုန့်က မင်းကိုလွမ်းနေတယ်" ကျွန်းဟန်က ပြန်ဖြေ၏။

"ကျွန်မလည်း မုန့်မုန့်ကို အရမ်းလွမ်းတယ်။ မနက်ဖြန် ညနေ ၃ နာရီ ၅၀ မိနစ် မှာ ဟောင်ကောင်ကို လေယာဉ်ထွက်ပြီး ည ၈ နာရီလောက်ရောက်မယ်။ ကျွန်မ မုန့်မုန့်အတွက် လက်ဆောင်ပြင်ထားပြီးပြီ။ ဘာလဲဆိုတာတော့

ရှင်ဘယ်တော့မှ ခန့်မှန်းလို့ရမှာမဟုတ်ဘူး” ကျန်းဟန်နှင့် စကားပြောသည့်အချိန်တွင် ဇီယန်၏လေသံမှာ တက်ကြွလာ၏။

“ကိုယ့်အတွက်ရော လက်ဆောင်ရှိလား” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

“ရှင်လား။ ဆုတောင်းလေ။ ရှင် ကျွန်မကို လက်ဆောင်တစ်ခါမှ မပေးဖူးဘူးဆိုတော့ ရှင့်ကိုလက်ဆောင်တစ်ခုပေးဖို့လည်း မမျှော်လင့်ထားသင့်ဘူး ဟမ့်” ဇီယန်က အသာအယာနှာခေါင်းရှုံ့လိုက်၏။

ဇီယန်၏ချိုသာညိမ့်ညောင်းသည့် အသံကို နားထောင်ရင်း ကျန်းဟန် မသိစိတ်က ပြုံးမိသွား၏။

“အိုး…ဖေဖေ ဘာလို့ မပြီးသေးတာလဲ။ သမီးအလှည့်လေ။ သမီးအလှည့် မေမေနဲ့ စကားပြောချင်တယ်”

မုန့်မုန့်၏စိတ်အားထက်သန်သည့်အသံက ဖုန်းထဲမှ ထွက်ပေါ်လာသည့်အခါ ဇီယန်၏လှပသော မျက်လုံးလေးများမှာ ချစ်စရာ ကောင်းသော လခြမ်းကွေးသဏ္ဍာန် ခုံးတက်သွား၏။

ထိုနောက် မုန့်မုန့်၏ နူးညံ့သည့် အသံလေးကို ရှင်းရှင်းလင်းလင်းကြားလိုက်ရသည်။ "မေမေ မေမေ သမီးမေမေ့ကို အရမ်းလွမ်းတယ်။ ဘာလို့ ပြန်မလာသေးတာလဲ"

"မေမေလည်း သမီးကို လွမ်းတယ်..."

ဇီယန်သည် ဘာလက်ခြမ်းတွင် ရပ်နေရင်း မုန့်မုန့်နှင့် စကားပြောနေခဲ့၏။

လင်းကျဲသည် ဘယ်ဘက်ခြမ်းတွင် ရပ်နေကာ ရံဖန်ရံခါ ဇီယန်အား လှမ်းကြည့်ရင်း ဝိုင်သောက်နေသည်။

လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ဇီယန်ထံသို့ သူလက်ကမ်းရန် စိတ်အားထက်သန်ခဲ့သော်လည်း သူ၏မိသားစုပြဿနာလေးများကြောင့် အချိန်မရှိခဲ့ချေ။ ထို့ကြောင့် သူသည် အချိန်အတန်ကြာသည်အထိ နောင်တရနေခဲ့၏။ နောက်ဆုံးတွင် သူမအား ပြန်တွေ့ခဲ့ရပြီး အချိန်များလည်းရှိနေသည့်အတွက် သူမကို လွယ်လွယ်နှင့် လက်မလွှတ်ချင်ခဲ့ပေ။

သို့သော် ကျန်းဟန်၏နာမည်အား ခေါ်သည့်လေသံအရ ဇီယန်သည် ကျန်းဟန်နှင့် အတော်လေးရင်းနီးသည်ဟု သူထင်ခဲ့သည်။

ကျန်းဟန်...

သူ့အား အနိုင်ယူရိုက်နှက်သွားခဲ့သည့် ကျန်းဟန်အား နှစ်အတန်ကြာ ရှာမတွေ့ခဲ့ချေ။

ကျန်းဟန်၏ဘဝကို ဖျက်ဆီးရန် သူသည် လှည့်ကွက်အချို့ကို အသုံးပြုခဲ့ကာ သူ့အား ပြောခဲ့လေ၏။

သူသည် ပေကျင်း၏သခင်လေး လေးယောက်မှ တစ်ယောက်ဟု ခေါ်ဆိုရန် အရည်အချင်းမပြည့်မီသည့်အပြင် သူနှင့်ရန်သူဖြစ်ရန် မထိုက်တန်ဟုပင်။

ဖုန်းခေါ်ဆိုမှုမှာ နာရီဝက်ကျော်ကြာနိုင်သော်လည်း ဇီယန်သည်ထိုအမှုအချိန်အကြာကြီး စကားပြောခဲ့ပါက လေးစားမှုမရှိရာ ကျမည်ဟု တွေးမိပေသည်။ ထို့ကြောင့် ဇီယန်သည် မုန့်မုန့်အား ဖုန်းချရန် အစွမ်းကုန်ကြိုးစားခဲ့ရသည်။

အခန်းထဲသို့ ဝင်ရန်ပြန်လှည့်လိုက်သည့်အခါ လင်းကျဲက သူမရှေ့သို့ ရောက်လာခဲ့သည်။

"သခင်လေးလင်း ဘာလို့ ထွက်လာတာလဲ" ဇီယန်က မေးသည်။

"ငါ မင်းနောက်လိုက်လာတာ" လင်းကျဲက ရိုးရိုးသားသားလေသံဖြင့် ပြောသည်။ "ခုနက ပြောတဲ့ကိစ္စကို ပြန်စဉ်းစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မင်းရဲ့ရုပ်ရည်က အဲဒီဇာတ်ညွှန်းနဲ့ လိုက်တယ်လို့ငါထင်တယ်။ ညဘက်ကြီး

ပြောဖို့က မသင့်တော်ဘူးထင်ရင် မနက်ဖြန် နေ့လည်ဘက် ဆွေးနွေးလို့ရပါတယ်”

သူ၏စကားများက အမှန်တကယ် ပူးပေါင်းဆောင်ရွက်လိုသည့်တိုင်း ရိုးသားဟန်ရှိလေသည်။

ဇီယန်သည် ဖျော်ဖြေရေးနယ်ပယ်တွင် နှစ်အတန်ကြာနေခဲ့ပြီးဖြစ်၍ စည်းမျည်းများကို ကောင်းစွာ သိရှိ၏။

သူမနှင့် အမှန်တကယ်ပူးပေါင်းဆောင်ရွက်လိုပါက ဤကိစ္စကို တော်ဝင်ဖျော်ဖြေရေးကုမ္ပဏီသို့ ပေးပို့ထားမည်ဖြစ်ကာ သူမအား တွေ့သည့်အချိန်တွင် ဤကိစ္စကို ပြောဆိုမည်မဟုတ်ချေ။

ဇီယန်သည် အလကားစားရသည့်နေ့လည်စာ မရှိဟု အခိုင်အမာယုံကြည်ထားသည့်အတွက် ခေါင်းကိုအနည်းငယ်ယမ်းကာ ပြောသည်။

"ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ ဒီခရီးစဉ်က အချိန်အကန့်အသတ်နဲ့ပါ။ ဒါကြောင့် ကျွန်မ ဆုံးဖြတ်ချက်ချလို့မရဘူး။ သခင်လေးလင်က ပူးပေါင်းချင်တယ်ဆိုရင် တော်ဝင်အန်တာတိတ်မန့်ရဲ့ ဝန်ထမ်းတွေနဲ့ ဆက်သွယ်နိုင်ပါတယ်။ သူတို့စီစဉ်ပေးမှာ သေချာပါတယ်"

"အင်း...ကောင်းပါပြီ" လင်းကျဲက အကူအညီမဲ့စွာ ပြုံးသည်။

"အင်း" ဇီယန်က ခေါင်းညိတ်ကာ အခန်းဆီသို့ လျှောက်သွားလိုက်၏။

"ဒါနဲ့ မစ္စဇီ" လင်းကျဲက ရုတ်တရက် ပြောသည်။ "ဖုန်းပြောမလို့ ထွက်လာပေမယ့် ကံမကောင်းစွာနဲ့ပဲ ငါ့ဖုန်းက ပါဝါကုန်သွားလို့။ အဲဒါ မစ္စဇီရဲ့ ဖုန်းကို ခဏလောက် ငှားလို့ရမလား"

"အာ..." ဇီဘန် ရပ်တန့်လိုက်ပြီး လင်းကျဲအား စိုက်ကြည့်လိုက်၏။ အချိန်အတန်ကြာ စဉ်းစားပြီးနောက်တွင်

နောက်ဆုံး၌ ခေါင်းညိတ်ကာ သဘောတူလိုက်သည်။ "ကောင်းပြီ"

ပြောပြီးသည်နှင့် ဇီယန်သည် ဖုန်းကိုထုတ်ကာ ဖုန်းခေါ်ဆိုသည့် စာမျက်နှာကို ဖွင့်၍ ပေးလိုက်သည်။

သူမထံမှ ဖုန်းကို ရရှိသည်နှင့် လင်းကျဲသည် ကျွန်းဟန်၏နံပါတ်ကို တိတ်တဆိတ်မှတ်သားလိုက်ပြီး နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်၏။

တင်း...

ရုတ်တရက် လင်းကျဲ၏အိတ်ကပ်ထဲမှ ဖုန်းမြည်သံထွက်လာခဲ့သည်။

"ဒါက ငါ့ဖုန်းနံပါတ်ပါ မစ္စဇီ။ မင်းနဲ့တွေ့ရတာ ဝမ်းသာပါတယ်။ နောင်မှ အဆင်မပြေတာရှိရင် ငါ့ကို ဖုန်းဆက်လို့ရပါတယ်" လင်းကျဲသည် ဇီယန်၏ဖုန်းကို နှိပ်လိုက်ပြီး သူ၏နာမည်ကို မှတ်ကာ ပြန်ပေးလိုက်သည်။

"ရှင့်ရဲ့နဘ်းလမ်းက အရမ်းထူးခြားတယ်" ဇီယန်က အေးစက်စက်ပြောကာ ဖုန်းကိုယူ၍ လှည့်ထွက်သွားခဲ့သည်။

ဤနည်းလမ်းက မိန်းကလေးတစ်ယောက်၏အာရုံကို စွဲဆောင်နိုင်သည် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဇီယန်မှာ မိခင်တစ်ယောက်ဖြစ်နေကာ ကလေးအဖေကိုလည်း သူမ တဖြည်းဖြည်းလက်ခံလာပြီဖြစ်ကြောင်း လင်းကျဲမသိခဲ့ချေ။ သူ၏အပြုအမူက သူမအား အတိုင်းအတာတစ်ခုအထိ ရွံ့ရှာသွားစေခဲ့သည်။

ဇီယန် အခန်းထဲသို့ ပြန်ဝင်သွားခဲ့၏။ လင်းကျဲသည် နောက်မှ လိုက်မသွားဘဲ ရှေ့သို့ ပေါ့ပေါ့ပါးပါး လျှောက်သွားကာ စားပွဲပေါ် ခြေထောက်တင်ရင်း ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်နေလိုက်သည်။ သူသည် ဖုန်းကို ထုတ်ကာ အဝေးမှ ကန်ရေပြင်ကို လှမ်းကြည့်ရင်း ယခုလေးတင် အလွတ်မှတ်ထားသည့် ကျန်းဟန်၏နံပါတ်ကို နှိပ်လိုက်၏။

“ဟဲလို”

“ကျန်းဟန်လား”

“အင်း”

“ငါဘယ်သူလဲဆိုတာ မင်းသိလား” လင်းကျဲက ရယ်မောကာ မေးးသည်။

“မသိဘူး”

ကျန်းဟန်၏တုံးတိတိအဖြေကို နားထောင်ရင်း လင်းကျဲမှာ ဘာမှ တွေးတောမနေလဲ “ငါ လင်းကျဲ” ဟု တိုက်ရိုက်ပြောလိုက်လေသည်။

…

-အပိုင်း(၂၂၈)ပြီး

wunzinnosp

## အပိုင်း(၂၂၉) ဧီယန်ဒေါ်သထွက်ခြင်း

"အင်း" ကျန်းဟန် တုံးတိတိပင် တုံ့ပြန်သည်။

"ဧီယန်ဆီက မင်းရဲ့နံပါတ်ကို ငါ ရထားတာ။ မင်းရဲ့သူငယ်ချင်းဟောင်းကြီးဆိုတော့ မင်းကို နှုတ်ဆက်ဖို့ ငါဖုန်းခေါ်လိုက်တာ" လင်းကျဲက သူတော်ကောင်းယောင်ဆောင်ကာ ပြောသည်။

ပြောပြီးသည့်အခါ လင်းကျဲက ရပ်တန့်သွား၏။ ဆယ်စက္ကန့်ခန့်ကြာသည်အထိ ကျန်းဟန်က တိတ်ဆိတ်နေသည့်အတွက် သူ၏မျက်လုံးများတွင် လှောင်ပြောင်ဟန်များ တိုးလာသည်။

"ဘာလဲ မင်းရဲ့သူငယ်ချင်းဟောင်းကြီးနဲ့ စကားမပြောချင်ဘူးလား"

"သူငယ်ချင်းဟောင်းလား။ မင်းက ငါ့သူငယ်ချင်းဖြစ်ဖို့ အရည်အချင်းမရှိဘူး" ကျန်းဟန်၏ အထင်သေးသည့် စကားလုံးများ ထွက်ပေါ်လာသည်။

"အိုး...လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကထက် မင်းက ရင့်ကျင်လာတဲ့ပုံပဲ။ ဘာပဲဖြစ်ဖြစ် မင်းရဲ့ရည်းစားနဲ့ ငါ အကြိမ်ပေါင်းများစွာ အိပ်ဖူးတယ်။ တိတ်တိတ်ပုန်းအချစ်ဇာတ်လမ်းဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို မင်း သိပါတယ်" လင်းကျဲက ပြုံးကာ ပြောသည်။

"မင်းက အလှလေးကို ဘယ်လိုတန်ဖိုးထားသလဲဆိုတာ ငါသိတာပေါ့။ ချောင်လောလောက တကယ်ကို ချစ်စရာကောင်းတဘ်။ ဪ...ဒါနဲ့.... မင်းကို အဲဒီ ဓာတ်ပုံတွေ မပို့ခင် တစ်လလောက်က ရုန်ရှန်းဟိုတယ်မှာ ငါ ချောင်လောလောနဲ့ အိပ်ခဲ့ပြီးပြီ။ အဲ့ဒါကြောင့် နောက်ပိုင်း သူမက ငါ့ကိုတွေ့ရင် ရှက်နေတာ။ ကံမကောင်းချင်တော့

အဲဒီညက မူးနေပြီး ခတ်ပုံရိုက်ဖို့မေ့သွားတယ်။ အဲ့ကြောင့် ဒုတိယအကြိမ် အတူအိပ်ဖို့ ငါ သူမကို တိုက်တွန်းခဲ့တာ”

“မင်း ဘာပြောချင်တာလဲ”

ကျန်းဟန်မှာ တုံးတိတိပြန်ပြောနေသေးသည်ကို ကြားလိုက်ရတော့ လင်းကျဲမျာ သူ၏စကားများကို သံသယဝင်မိသွားသည်။ သူ၏စရိုက်အရ ဒေါသထွက်ကာ ယခုလောက်ဆို သူ့အား အော်ဟစ်ပြောဆိုသင့်နေပေပြီ။ လွန်ခဲ့သည့် နှစ်များက ခက်ခဲကြမ်းတမ်းစွာနေခဲ့ရသည်က သူ၏မာနကို ချိုးနှိမ်သွားခဲ့သည်လား။

“ငါပြောချင်တာက ချောင်လောလောက မင်းရဲ့အချစ်နဲ့ မထိုက်တန်ဘူးလို့။ သူမကမင်းကိုသတိရတဲ့အခါ သက်ပြင်းလေးချလိုက်ရုံပဲ။ တကယ်တော့ မင်း ငါ့ကို ကျေးဇူးတင်သင့်တယ်။ သူမက လက်တွေ့မကျတဲ့ အကြံအစည်တွေနဲ့ မင်းဆီကို ချဉ်းကပ်လာခဲ့တာ။ အခု မင်းက ဇီယန်နဲ့ ရင်းနှီးပြီး မင်းမှာ

သူမရဲ့ပါဆင်နယ်ဖုန်းနံပါတ်ရှိတယ်ဆိုတော့ မင်းတို့သူငယ်ချင်းဖြစ်ရမယ်။ ဒါပေမယ့်...” လင်းကျဲက နှာခေါင်းရှုံ့လိုက်ပြီး ဆက်ပြောသည်။ “ဘာပဲဖြစ်ဖြစ် ငါ သူမကို တွေ့ပြီဆိုတကည်းက သူမကို ရဖို့ ကြိုးစားမှာပဲ”

“အင်း မင်းကြိုးစားကြည့်ပေါ့”

ကျန်းဟန်မှာ ဇီယန်အား အလွန်ယုံကြည်သည့်အတွက် တုံးတိတိပင် ပြန်ပြောလိုက်သည်။

လင်းကျဲမှာ ကျန်းဟန်၏အေးဆေးသည့်လေသံကို ထပ်မံကြားလိုက်ရသည့်အခါ သံသယများဖြင့် ပြည့်သွားသည်။ ကျန်းနံသည် ယခုအချိန်တွင် မည်သို့သော စိတ်နေစရိုက်ရှိသည်ကို သူမသိနိုင်တော့ချေ။ အစောပိုင်းက သူ့အား ရန်စသည့်စကားလုံးများကို ထပ်ခါထပ်ခါပြောနေခဲ့သော်လည်း ကျန်းဟန်အား တည်ငြိမ်နေဆဲပင်။ သူလုပ်သမျှအားလုံးမှာ အချည်းနှီးဖြစ်သွားပုံရ၏။

"ငါသေချာပေါက် ကြိုးစားမှာပါ" လင်းကျဲက ခဏရပ်တန့်လိုက်ပြီး ဆက်ပြောသည်။ "ဇီယန်က အရမ်းမိုက်တဲ့ပုံပါပဲ။ ဒါကြောင့် ငါသူ့မကို လိုက်မယ်ဆိုရင် ကျရှုံးနိုင်ချေရှိတယ်။ ဒါပေမယ့် မင်း ငါ့ရဲ့စိတ်ကို ကောင်းကောင်းသိပါတယ်။။ ငါ့ရဲ့ရည်မှန်းချက်မပြည့်မချင်း ငါက ရပ်တန့်မှာမဟုတ်ဘူး။ ဟားဟား.... မင်းကို ဇီယန်နဲ့ ပတ်သက်မှုတစ်ခုခုရှိလားမေးချင်တယ်။ ရှိတယ်ဆိုရင်တော့ ရက်အနည်းငယ်အတွင်း မင်းကို ခါတ်ပုံတွေပို့ပေးလိုက်ရဖို့ ငါစိတ်မရှိဘူးနော်"

"အဲ့လိုလား"

ကျန်းဟန်၏လေသံမှာ ပထမဆုံးအကြိမ်ပြောင်းလဲသွားပြီး လင်းကျဲအား အနည်းငယ် အေးစက်သွားစေသည်။

"လွန်ခဲ့တဲ့ငါးနှစ်က ငါမင်းရဲ့အရိုးတွေကို ရိုက်ချိုးခဲ့ပြီးပြီ။ မင်းကိုကျောထောက်နောက်ခံပြုပေးနေတဲ့ လင်းတွေက

ငါ့အတွက် ပုရွက်ဆိတ်တွေချည်းပဲ။ ငါ့ကိုထပ်ပြီး မစမိစေနဲ့။ မဟုတ်ရင် မင်းကို ဒီကမ္ဘာပေါ်ကနေ ဖျက်စီးပစ်လိုက်ဖို့ ဝန်မလေးဘူး”

ပြောပြီးသည်နှင့်ကျန်းဟန် ဖုန်းချလိုက်သည်။

သူ၏ဖုန်းမှ မြည့်နေသည့်အသံကို ကြားသည့်အခါ လင်းကျဲအနည်းငယ် အံ့အားသင့်သွား၏။

လင်းမိသားစုတစ်ခုလုံးက သူ့အတွက် ပုရွက်ဆိတ်တွေလား…။

“ဒါက ငါကြားဖူးသမျှထဲမှာ ရယ်စရာအကောင်းဆုံးဟာသပဲ” လင်းကျဲက မထီမဲ့မြင်ပြုံးကာ “ဒါဆို မင်းနဲ့ဇီယန်မှာ ထူးခြားတဲ့ ဆက်ဆံရေးရှိတယ်ပေါ့။ ကိစ္စတွေက စိတ်ဝင်စားဖို့ကောင်းလာပြီ”

လင်းကျဲက ရေရွတ်လိုက်ပြီး ထရပ်ကာ အခန်းထဲသို့ ပြန်ဝင်သွားခဲ့သည်။

"အစ်ကိုလင်း မင်းဘာလို့ ဒီလောက်အကြာကြီးထွက်သွားတာလဲ။ မင်းမရှိတော့ နေရတာ အဆင်မပြေကြဘူး" ကျားဒုန်က ပြုံးကာ ပြောသည်။

"ငါ ဖုန်းပြောနေလို့" လင်းကျဲက ခေါင်းညိတ်ကာ သူ၏ခုံတွင် ပြန်ထိုင်လိုက်သည်။ ဖန်ခွက်ထဲသို့ ဝိုင်နီအချို့ ငှဲ့လိုက်ပြီး "သောက်ရအောင်…" ဟု ပြောလိုက်သည်။

အရက်အနည်းငယ်သောက်ပြီးနောက် လေထုမှာ တဖြည်းဖြည်း အသက်ဝင်လာ၏။ လူတိုင်းက အချင်းချင်း စကားပြောကြသော်လည်း လင်းကျဲအား ဖားယားသည့်စကားများမှာ အဓိကဖြစ်လေသည်။

လင်းကျဲမှာ စိတ်ကောင်းဝင်နေပုံရပြီး သူသည် လူများနှင့် မကြာခဏ စကားပြန်ပြောခဲ့သည်။

အချိန်ကျပြီဟု ယူဆလိုက်ချိန်တွင် လင်းကျဲသည် ဇီယန်အား ကြည့်လိုက်၏။ သူသည် ဝိုင်ကို သောက်ရင်း ပြောသည်။

“မစ္စဇီ မင်း ကျန်းဟန်ကို သိလား”

လင်းကျဲက ဇီယန်အား စကားပြောသည်ကို သတိပြုမိသည့်အခါ လူတိုင်း တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။ ကျန်းဟန်ဆိုသည့် နာမည်ကို ကြားလိုက်ရသည့်အခါ လျှူဖုန်း၏မျက်နှာမှာ အထင်သေးမှုများဖြင့် ပြည့်နေပြီး သူ၏ဘေးတွင် ထိုင်နေသည့် ဒေါင်ဟူမှာ အနည်းငယ် မကျေမနပ်ဖြင့် မျက်နှာကို ရှုံ့မဲ့ထားသည်။

လူတိုင်း၏အကြည့်အောက်တွင် ဇီယန်က ခေါင်းညိတ်လိုက်သည်။

“အင်း”

“မင်း သူနဲ့ ရင်းနှီးလား” လင်းကျဲက ထပ်မေးသည်။

“နည်းနည်းပေါ့” ဇီယန်က ပြတ်သားစွာ ပြန်ဖြေသည်။

“မင်းနဲ့သူရဲ့ လက်ရှိ ဆက်ဆံရေးက ဘာလဲ”

"စိတ်မကောင်းပါဘူး။ ဒါက ကျွန်မကိစ္စပါ" ဇီယန်က မျက်ခုံးပင့်ကာ အနည်းငယ် စိတ်မရှည်စွာပြောသည်။

"ဟားဟားဟား..." လင်းကျဲက ရယ်မောပြီး "ကျန်းဟန်က ငါ့ရဲ့မိတ်ဆွေဟောင်းတစ်ယောက်အနေနဲ့ ငါတို့က ရင်းနှီးပြီးသားပါ။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က သူက မစ္စဇီအတွက် အဆင့်အတန်းမြင့်တဲ့လူတစ်ယောက်ကို ရိုက်နှက်ခဲ့တာ ငါ မှတ်မိတယ်။ ဒါကြောင့် မစ္စဇီ သူ့ကို သိမယ်ထင်ခဲ့တာ။ ဒါပေမယ့် တကယ်ဖြစ်နေလိမ့်မယ်လို့ ငါတကယ် မမျှော်လင့်ထားဘူး"

ထိုအချိန်တွင် ဇီယန်၏ဘေးတွင် ထိုင်နေသည့် ကျိုးဖေးမှာ နှုတ်ခမ်းများတွန့်ကွေးသွား၏။

ကျန်းဟန်သည် သူမ၏ခဲအိုဖြစ်ကာ မုန့်မုန့်၏အဖေဖြစ်သည်။ အနာဂတ်တွင် အစ်မယန်၏ခင်ပွန်းဖြစ်လာရန် ဖြစ်နိုင်ချေများ၏။ သူက သူမှင့် မရင်းနှီးဘူးလား။

သို့သော် သူမသည် ဤစကားများကို စိတ်ထဲတွင်သာ သိမ်းဆည်းထားပြီး တစ်ခွန်းမှ ဝင်မပြောချေ။

“ဒါဆို မိန်းမလှလေးကို ကယ်တင်တဲ့ သူရဲကောင်းအကြောင်း ဇာတ်လမ်းပေါ့” ကျားဒုန်က ပြုံးက ပြောသည်.

“ဟားဟား…အဲ့ကောင်က သူရဲကောင်းလို့ ခေါ်ရအောင် ထိုက်တန်လို့လား”

ရုတ်တရက် လှောင်ပြောင်သံထွက်လာခဲ့သည်။ အားလုံး လှည့်ကြည့်လိုက်ရာ လျူဖုန်းက နှာခေါင်းရှုံ့၍ ပြောလိုက်သည်ကို ကြားလိုက်ရသည်။ “တစ်ချိန်တုန်းက အစ်ကိုလင်းက သူ့ကိုလှည့်စားခဲ့ဖူးတယ်။ မိသားစုက နှင်ထုတ်ခံရပြီးတော့ ခွေးတစ်ကောင်လိုမျိုး ပေကျင်းမှာ ငါးနှစ်နေခဲ့ရတယ်။ သူက သူရဲကောင်းမဟုတ်ဘူး သူတောင်းစားတစ်ယောက်ပဲ။ ကျားဒုန် အပြစ်ပေးတဲ့အနေနဲ့ မင်း ဝိုင်တစ်ခွက် မသောက်သင့်ဘူးလား”

"ကောင်းပြီ ငါမှားသွားတယ်ဆိုတော့ ငါ့ကိုယ်ငါအပြစ်ပေးပါ့မယ်" ကျားဒုန်က အမြန်ခေါင်းညိတ်ကာ ဝိုင်တစ်ခွက်သောက်လိုက်သည်။

လင်းကျဲမှာ ဇီယန်အား တစ်ချိန်လုံး အကဲခတ်နေပြီး လျူဖုန်းက ကျန်းဟန်အကြောင်းပြောသည့်အချိန်တွင် ဇီယန်၏မျက်နှာပျက်သွားကာ သူမ အသက်ရှူမြန်လာသည်ကို သတိပြုမိလိုက်၏။ ထို့ပြင် သူမ၏ဘေးတွင် ထိုင်နေသည့် ကျိုးဖေးသည် ထိုအချိန်တွင် ဒေါသထွက်သည့်အမူအရာဖြစ်လာရာ သူမသည် ကျန်းဟန်နှင့် ပတ်သက်မှုရှိကြောင်း လင်းကျဲ ပို၍ ယုံကြည်သွားခဲ့သည်။

"သူတောင်းစားလို့ခေါ်တာက မြောက်ပြောရာကျနေပြီ"

ထိုအချိန်တွင် လျူဖုန်း၏ဘေးတွင် ထိုင်နေသည့် ခပ်ဝဝ ဒေါင်ဟူက ပြောသည်။ "သူက အဲဒီငါးနှစ်အတွင်း ခွေးတစ်ကောင်လို့ ရှင်သန်ခဲ့ရတာ။ ကားတွေပြင်ဖို့အတွက် သူ့ကိုငှားဖို့စိတ်ကူးခဲ့ပေမယ့် သူက မာနကြီးပြီး

ငြင်းခဲ့တယ်လေ။ အစ်ကိုလျှူနဲ့ ကားမောင်းပြိုင်ပြီးတော့ ကပ်သီးလေးအနိုင်ရခဲ့တာ။ အဲဒီလူမိုက်က နောက်တစ်လအကြာမှာ ထပ်ပြိုင်မယ်လို့ ကတိပေးခဲ့ပေမယ့် နောက်ဆုံးတော့ သူက ကားကိုရောင်းပြီး လေယာဉ်နဲ့ ထွက်ပြေးသွားခဲ့တယ်။ သူက…လုံးဝကို မိုက်မဲ…”

ဘန်း…

စားပွဲအား တစ်စုံတစ်ခုဖြင့် ထုရိုက်သံကို ရုတ်တရက် ကြားလိုက်ရ၏။

လူများက ဒေါင်ဟူမှ အကြည့်လွှဲကာ ဇီယန်၏မျက်နှာကို လှည့်ကြည့်လိုက်ကြသည်။ ထိုအချိန်တွင် သူမသည် မှုန်ကုပ်ကုပ်မျက်နှာဖြင့် ရုတ်တရပ် ထရပ်ကာ အေးစက်စက်ပြောလိုက်၏။

“ကျွန်မနေလို့ မကောင်းဘူး။ ခွင့်ပြုပါဦး”

ထိုနောက် သူမ လှည့်ကာ ထွက်သွားသည်။

ကျိုးဖေးသည်တော့ သူမပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်ပြီး ရှိနေသည့်လူများကို ဆိုးရွားစွာ လှည့်ပတ်ကြည့်လိုက်သည် ထိုနောက် သူမသည် ဒေါင်ဟူနှင့် လျူဖုန်းအား ရှုံ့ရှာဟန်ကြည့်ကာ လှည့်ထွက်လာခဲ့သည်။

“အာ...ဇီယန် မင်း...” ကျားဒုန်က ထရပ်ကာ သူမအား မေးရန် စကားစလိုက်သည်။

သို့သော် ထိုအချိန်တွင် လင်းကျဲက ပြုံးကာ ပြောလိုက်၏။ “ထားလိုက်ပါ သူမနေမကောင်းလို့ အရင်ပြန်သွားတာပြ။ ဆက်ပြီးပျော်လိုက်ကြရအောင်..”

“ကောင်းပြီ” ကျားဒုန်က တောင်းပန်ကာ ပြုံး၍ ထိုင်ခုံအတွင်း ပြန်ထိုင်လိုက်သည်။

ဇီယန်ဘာလုပ်နေသည်ကို နားမလည်သည့်အတွက် အခြားသူများမှာ တစ်ယောက်ကိုတစ်ယောက် အံ့သြစွာ ကြည့်လိုက်ကြ၏။

လင်းကျဲသည် ပြုံးကာ ဝိုင်ခွက်ကို တစ်ကျိုက်သောက်လိုက်သည်။ သူ၏အမူအရာကိုကြည့်ရင်း လျူဖုန်းမှာ သခင်လေးလင်းက တစ်စုံတစ်ရာကို စိတ်ဝင်စားနေမှန်း သိလိုက်၏။ တကယ်တမ်းတွင် ယနေ့ည ပါတီတွင် သူ၏စိတ်ဝင်စားမှုကို နှိုးဆွပေးနိုင်သည့် တစ်ဦးတည်းသောသူမှာ ဇီယန်ဖြစ်သည်။

"ရှောင်ဒုန် ငါနဲ့လိုက်ခဲ့" ရုတ်တရက် လင်းကျဲက ကျားဒုန်၏ပုခုံးကို ပုတ်ကာ ပြောလိုက်သည်။

"ဟုတ်ကဲ့" ကျားဒုန်က လင်းကျဲ၏နောက်မှလိုက်သွားကာ သူနှင့်အတူ ရှုခင်းကြည့်သည့် ခုံတွင် ဝင်ထိုင်လိုက်သည်။

"မစ္စဇီယ အရမ်းဆွဲဆောင်မှုရှိတယ်။ သူမ ဒီမှာရှိနေတုန်း တခြားအစီအစဉ်တစ်ခုမှာ ပါဝင်သင့်တယ်လို့ ငါထင်တယ်။ မင်းဘယ်လိုထင်လဲ"

လင်းကျဲသည် ကျားဒုန်အား ပြုံးကာ ပြောလိုက်သည်။ သူတစ်ခုခုကို ဆုံးဖြတ်လိုက်သည့်အခါ လင်းကျဲသည်

သူ၏စကားအတိုင်း လိုချင်သည့်အရာကို ရသရွေ့ ဘာကိုမှ နှမြောနေမည်ဟုတ်ပေ။

အခြားတစ်ဖက်တွင်…

ဇီယန်သည် မှုန်ကုပ်ကုပ်မျက်နှာဖြင့် စားသောက်ဆိုင်မှ ထွက်လာခဲ့သည်။

အကြောင်းအရင်းကို သူမ နားမလည်သောလည်း ကျန်းဟန်အား စော်ကားပြောဆိုနေသံများကို ကြားလိုက်ရသည့်အခါ သူမ နှလုံးသားထဲတွင် ဒေါသထွက်သွားခဲ့၏။ ထိုဒေါသသည် နောက်ဆုံးတွင် သူမအား ပေါက်ကွဲထွက်သွားစေစပြီး သူမ ထွက်မလာခင် မြင်ကွင်းကို ဖြစ်ပေါ်စေခဲ့သည်။

ယခုအချိန်ထိ သူမ အလွန်ဒေါသထွက်နေဆဲပင်။ ကျန်းဟန်သည် သူမ၏နှလုံးသားထဲတွင် ပို၍ အရေးပါသည့်နေရာသို့ မသိစိတ်က သိမ်းပိုက်လိုက်၏။

သူ၏အသံကိုကြားသည့်အခါ သူမကို သက်တောင့်သက်သာ ခံစားရစေပြီး သူ၏ဂရုစိုက်သည့်စကားသံများကို နားထောင်ရပါက သူမ နွေးထွေးသွားသလို ခံစားရ၏။

တကယ်တမ်းတွင် သူမ သူ့အား ချစ်မိသွားခြင်းဖြစ်နိုင်သည်ဟု ဝိုးတဝါးခံစားချက်တစ်ခုရှိနေခဲ့ပြီး သူမ ဒေါသထွက်ရသည့် အကြောင်းအရင်းမှာ သူ့အား ဂရုစိုက်သောကြောင့်ပင်ဖြစ်သည်။

ကျိုးဖေးသည်တော့ ဒေါသထွက်လွန်းသဖြင့် အဆုတ်များ ပေါက်ကွဲထွက်လုနီးပါးပင်။ အကယ်၍ သူမတို့သာ ထိုနေရာမှ ထွက်မလာခဲ့ပါက ကျိုးဖေး သူတို့အား စိုက်ကြည့်ကာ ကျိန်ဆဲမိပေတော့မည်။

"အောက်တန်းကျတဲ့ကောင်တွေ။ သူတို့က ဘယ်လိုဟာတွေလဲ။ ဘာလို့ သူများနောက်ကွယ်မှာ

မကောင်းကြောင်းပြောနေကြရတာလဲ။ နံစော်နေတဲ့အညစ်အကြေးတွေ စုပုံနေတာပဲ။ ခဲအိုကိုများ သူတို့က အထင်သေးရသေးတယ်” ကျိုးဖေးမှာ အံ့ကိုကြိတ်ကာ ပြောသည်။

“သူတို့က စိတ်ဓာတ်ညှို့ဖျင်းတဲ့သူတွေပါပဲ” ဇီယန်က အေးစက်စွာ ပြောသည်။

“အတိအကျပဲ။ သူတို့က လုံးဝကို လူကောင်းတွေမဟုတ်ဘူး။ အထူးသဖြင့် အဲဒီငတုံးဖတ်တီးနဲ့ အရှက်မရှိတဲ့ လျှူမျိုးရိုးကောင်ပဲ။ သူတို့က တူညီတဲ့ ဒဂ်ါးပြားရဲ့ ဆန့်ကျင်ဘက်ခြမ်းတွေပဲ..”

ကျိုးဖေးမှာ ထိုလူများအား လမ်းတစ်လျှောက် ပြောဆိုလာရင်း ကားပါကင်သို့ ရောက်လာကြသည်။ သူမသည် ကားသမားကို ကြည့်ကာ “ဟိုတယ်ကို ပြန်မောင်းပေးပါ” ဟု ပြောလိုက်၏။

"ကောင်းပါပြီ" ကားသမားက ခေါင်းညိတ်ကာ စက်နှိုးလိုက်ပြီး ဟိုတယ်သို့ ပြန်မောင်းသွားခဲ့သည်။

ဇီယန်သည် နောက်ခုံတွင် ထိုင်နေခဲ့သည်။ အချိန်ကိုကြည့်ရန် သူမ၏ဖုန်းကို ထုတ်လိုက်သည်။ ၁၁ နာရီ ၃၀ မိနစ်ရှိပြီဖြစ်ကြောင်း တွေ့လိုက်ရ၏။ သူမသည် ကျန်းဟန်ကို ဖုန်းဆက်ရန် စိတ်ကူးထားသော်လည်း မနက်ဖြန်ပြန်မည်ဖြစ်၍ အချိန်အတော်ကြာ စဉ်းစားပြီးနောက် မခေါ်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် အပေါ်ဆုံးတွင် ရှိသည့် လင်းကျဲ၏နံပါတ်ကို မြင်သည့်အခါ ဇီယန်သည် ၎င်းကို တစ်ခါတည်း ဘလော့လိုက်၏။

နောက်ဆုံးတွင်တော့ သူမသည်လည်း ကြောက်မက်ဖွယ်ဒေါသရှိပေသည်။

သန်းခေါင်ကျော် မနက်အစောကြီးသာရှိသေးသော်လည်း လဆန်းတောင်၏အနီးရှိ ကမ်းခြေတွင်တော့ လေ့ကျင့်မှုအသံများဖြင့် ပြည့်နေခဲ့သည်။

ရှုရုံနှင့် အခြားသူများမှာ ဒိုက်အကြိမ် ၁၀၀၀ ထိုးပြီးနောက် စကွက်ထိုင်ခြင်း အကြိမ် ၁၀၀၀ ကို ပထမဆုံးအကြိမ် ပြုလုပ်သည်။

ကျောက်ဖုန်းသည် သူတို့အား ဆက်ကြည့်မနေတော့ချေ။ ထိုအစား သူသည်လည်း ရှေ့တွင် မဟူရာနတ်ဆိုးအရိပ်၏ရိုးရှင်းသည့် ပုံစံကို လေ့ကျင့်နေခဲ့သည်။

သူသည် ငါးစက္ကန့်တစ်ကြိမ် လဲကျနေသဖြင့် ကျောက်ဖုန်းလေ့ကျင့်နေသည့် လှုပ်ရှားမှုများမှာ အလွန်ခက်ခဲမှန်း သူ၏နောက်လိုက်တိုင်း သိလိုက်ကြသည်။ ဖြစ်စဉ်တစ်ခုလုံးမှာ လဲကျခြင်း၊ ပြန်ထခြင်း၊ လဲကျခြင်း၊ ပြန်ထခြင်း၊ ထပ်၍လဲကျခြင်း၊ ထပ်၍ ပြန်ထခြင်း၊...

သူ၏ကြိုးစားမှုကို မြင်သည့်အခါ လူတိုင်းက စိတ်ပိုင်းဖြတ်လိုက်ကြသည်။ သူတို့ ပင်ပန်းနေကြသော်လည်း အံကိုကြိတ်ကာ ဆက်၍ ကြိုးစားနေကြသည်။

ထို့ကြောင့် သူတို့၏လေ့ကျင့်မှုအပြီးတွင် နားသည့်အချိန်တိုင်း ယန်ချင်ရေတစ်ဘူးသောက်ကာ မိနစ်အနည်းငယ်အကြာတွင် ဆက်၍ လေ့ကျင်ကြပြန်သည်။

ပထနေ့လေ့ကျင့်မှုမှာ မနက် ၂ နာရီထိုးသည်အထိ မပြီးခဲ့ချေ။

...

-အပိုင်း(၂၂၉) ပြီး

wunzinnosp

## အပိုင်း(၂၃၀) အထူးလက်ဆောင်

“မင်းတို့ အနားယူလို့ရပြီ။ ဒါပေမယ့် မနက်ဖြန် မနက် ၆ နာရီကျရင် လေ့ကျင့်ရေးဆင်းရမယ်” ကျောက်ဖုန်းက နာရီကို ကြည့်ကာ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ဘာ...။ လေးနာရီပဲ အိပ်ရမှာလား" လူများက အော်ဟစ်ညည်းညူကြသည်။

ပုံမှန်ဆိုလျှင် သူတို့သည် နေ့လည်ခင်းအထိ အိပ်နေလေ့ရှိကြသည်။

သို့သော် သူ၏စကားများက စကားပြောနေရန် ကြံစည်နေသူများကို ချက်ချင်းအိပ်ယာဝင်သွားစေခဲ့သည်။ ဤလေးနာရီကို ကောင်းကောင်း အသုံးချရန် လိုအပ်ပေသည်။ မဟုတ်ပါက သူတို့ အိပ်ရေးမဝဘဲ ပို၍ ပင်ပန်းနွမ်းနယ်နေကြပေမည်။

သို့သော်လည်း ကျောက်ဖုန်းသည် သုံးနာရီသာ အိပ်ခဲ့ကြောင်း သူတို့ မသိခဲ့ချေ။

သူသည် ငါးနာရီထိုးသည်နှင့် အိပ်ယာထကာ လဆန်းတောင်သို့သွား၍ ကြက်၊ ဘဲ၊ ငန်း များကို လုံလောက်အောင် ယူဆောင်လာပြီး ချက်ပြုတ် ကင်လှော်ရန် မီးမွှေးထားသည်။

ကင်ပြီးသည့်အခါ ကျောက်ဖုန်းသည် ပင်လယ်ရေမျက်နှာပြင်ကို မျက်နှာမူကာ တဖြည်းဖြည်း တောက်ပလာသည့် ကောင်းကင်ကို စိုက်ကြည့်နေသည်။ သူ၏ခွန်အားများ သန့်မာလာစေရန် လက်သီးကိုတင်းတင်းကြပ်ကြပ်ဆုပ်၍ ကမ်းခြေတွင် ခက်ခဲလွန်းသည့် လှုပ်ရှားမှုအမျိုးမျိုးကို စတင်လေ့ကျင့်ခဲ့သည်။

ဝှစ်...

ပထမဆုံးလှုပ်ရှားမှုကို ပြီးသွားသည့်နောက်တွင် သူသည် အချိန်မှတ်နာရီကို တစ်ချက်ကြည့်လိုက်သည်။ "၁၃ စက္ကန့် ငါပိုပြီးကြာကြာနေနိုင်ပြီ"

တစ်ရက်တာလေ့ကျင့်ပြီးနောက် ကျောက်ဖုန်းသည် ငါးစက္ကန့်မှ တစ်ဆယ့်သုံးစက္ကန့်အထိ တောင့်ထားနိုင်ခဲ့သည်။ သူသည် နောက်ထပ် ခြောက်စက္ကန့်သာ တိုးတက်လာခဲ့သော်လည်း သူ၏ခွန်အားမှာ

သိသိသာသာတိုးလာသည်ကို ခံစားရ၏။ ဤကဲ့သို့ ပြင်းထန်သည့် လေ့ကျင့်မှုမျိုးကို ဆက်လက် ပြုလုပ်ပါက အားဟူနှင့် အခြားသူများ အပြင်အားအဆင့်သို့ ရောက်ရှိသည့်အချိန်တွင် သူသည် အတွင်းအားအဆင့်သိုင်းပညာရှင်ဖြစ်လာပေလိမ့်မည်။

"ဟေး..အစ်ကိုဖုန်း မင်းနိုးနေပြီလား"

အားဟူသည် အပေါ့သွားချင်သဖြင့် မေးကနဲ့ထလာသည့်အချိန်တွင် ကျောက်ဖုန်းမှာ တစ်ယောက်တည်းလေ့ကျင့်နေသည်ကို တွေ့လိုက်ရသည့်အတွက် လန့်နိုးသွားသည်။ အစ်ကိုဖုန်း၏လုံ့လဝီရိယကြောင့် ခံစားချက်များဖြင့် သက်ပြင်းချမိသည်။

"အင်း...အချိန်နီးနေပီ။ အားလုံးကို နှိုးပြီး မနက်စာစားလိုက်ကြ။ ပြီးရင် လေ့ကျင့်ခန်းစမယ်" ကျောက်ဖုန်းက ဆက်လက်လေ့ကျင့်ရင်း ပြောသည်။

"ဟုတ်" အားဟူက ခေါင်းညိတ်သည်။ အနီးရှိလူကို နှိုးလိုက်ပြီးနောက် အားလုံးကို နှိုးရန် တဲများဆီသို့ တစ်ယောက်ပြီးတစ်ယောက် လျှောက်သွားခဲ့သည်။

"ထရမယ့်အချိန်ရောက်ပြီ။ မြန်မြန်ထကြ။ အစ်ကိုဖုန်းက ငါတို့အတွက် မနက်စာပြင်ထားတယ်"

လူတိုင်း တဲထဲမှ ထွက်လာကြသည်။ ကျောက်ဖုန်း လေ့ကျင့်နေသည်ကို တွေ့လိုက်ရသည့်အခါ လူအများစုမှာ နှုတ်ဆိတ်နေကြသော်လည်း သူတို့၏စိတ်ထဲတွင် တဖြည်းဖြည်းနှင့် ပို၍ ကြိုးစားချင်စိတ်များ ပေါ်လာသည်။ ချက်ပြုတ်ပြီးခါနီး အစားအသောက်များကို မြင်သည့်အခါ အံ့အားသင့်သွားပြီး ကျောက်ဖုန်းအား ပို၍ လေးစားသွားကြသည်။

ငါးမိနစ်ခန့်အကြာတွင် အားလုံးစုစည်းကြပြီး ကျောက်ဖုန်းက နဖူးမှ ချွေးများရွဲကာ ဖြင့်လျှောက်လာသည်။

မနက်စာစားပြီးနောက် ကျောက်ဖုန်းသည် လူတိုင်း သူတို့၏ခွန်အားကို ဒိုနမိုမီတာဖြင့် စစ်ဆေးရန် ခိုင်းစေခဲ့သည်။

ရလဒ်ကို ကျောက်ဖုန်း ကျေနပ်သွား၏။ မိန်းကလေးခြောက်ယောက်မှလွဲ၍ ကျန်သည့်လူအားလုံးမှာ အထူးတပ်ဖွဲ့များအတွက် လိုအပ်သည့် စံနှုန်းများအထိ ရောက်ရှိခဲ့ကြသည်။ အထူးသဖြင့် ရှုရုံ၊ အားဟူနှင့် မုံ့ကြီးတို့သည် ကီလိုအမှတ်အသားကို ကျော်လွန်သွားပြီး သူတို့၏အရည်အချင်းမှာ မဆိုးကြောင်း ပြသခဲ့သည်။

တစ်ချိန်တည်းမှာပင် ယမန်နေ့က လေ့ကျင့်မှုအပြီး၌ ဤလူများ၏ခွန်အားမှာ ၃၀ ရာခိုင်နှုန်းကျော် တိုးလာကြောင်း ကျောက်ဖုန်း တွေ့ရှိခဲ့သည်။ မှန်ပေသည် အများစုမှာ ယန်ချင်ရေကြောင့် သူတို့၏ခန္ဓာကိုယ်ကို မြှင့်တင်ပေးခဲ့သည့်အတွက်ဖြစ်ပေသည်။ ကျောက်ဖုန်းသည် ယခုကဲ့သို့ ပြင်းထန်သည့်လေ့ကျင့်မှုဖြင့်ဆိုပါက လူအများစုမှာ

အချိန်တိုအတွင်း အပြင်အားအဆင့်သို့ ရောက်ရှိနိုင်မည်ဟု အခိုင်အမာယုံကြည်၏။

"အားလုံးနားထောင်ပါ။ မနေ့က အတိုင်း တန်းစီပြီးရပ်လိုက်ကြမယ်။ ပထမအချီက ဒိုက် ၂၀၀၀ ထိုးရမယ်။ စတော့"

ကျောက်ဖုန်းသည် လေ့ကျင့်မှုအား တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။

ကျောက်ဖုန်းသည် ယန်ချင်ရေ၏အားဖြည့်မှုအောက်တွင် သူတို့သည် ပြင်းထန်သော လေ့ကျင့်မှု၏ဒဏ်ကို ခံနိုင်ရည်ရှိကာ ရက်အနည်းငယ်အတွင်း အပြင်အားအဆင့်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

ဤအခြေအနေမှာ အရင်းအမြစ်မလုံလောက်သောကြောင့် ဖြစ်ပေသည်။ ယန်ချင်ရေမှလွဲ၍ အခြားစိတ်ဝိညာဉ်ရတနာများ မရှိသည့်အတွက် သူတို့သည် ကျောက်ဖုန်းကဲ့သို့ အပြင်အားအဆင့်သို့ တန်း၍ မတိုးမြှင့်နိုင်ခြင်းပင်။

ကျောက်ဖုန်းသည် ကျင့်ကြံခြင်းခရီးစဉ်အား မီတာ ၁၀၀ အပြေးပြိုင်ပွဲကဲ့သို့ ယူဆထားသည်။ သူတို့သည် အပြင်အားအဆင့်သို့ ခုန်တက်သွားပါက သူတို့၏အခြေခံမှာ လုံလောင်အောင် ကောင်းမွန်မည်မဟုတ်ပေ။ နောက်ဆုံးတွင် ယန်ချင်ရေ၏အကျိုးသက်ရောက်မှုသည် အဆင့်မြင့်သည့်လူများအတွက် ထိရောက်မှုအကန့်အသတ်ရှိလေ၏။

ထို့ကြောင့် ကျောက်ဖုန်းသည် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ သူတို့အား တစ်ပတ်အတွင်း အပြင်အားအဆင့်သို့ရောက်အောင် လေ့ကျင့်ပေးပြီးနောက် စည်းမျဉ်းများ၊ ကျင့်ဝတ်များ၊ နိုင်ငံခြားဘာသာစကားနှင့် အခြားသော အသိပညာများအပြင် ပရော်ဖက်ရှင်နယ်သေနတ်ပစ်ကျွမ်းကျင်မှု၊ စုံစမ်းစစ်ဆေးခြင်း၊ ခြေရာဖျောက်ခြင်း စသဖြင့် အခြားသော လေ့ကျင့်မှုများကို စတင်လုပ်ဆောင်ရန် ခိုင်းစေမည်ဖြစ်သည်။

ကျောက်ဖုန်းလုပ်ရမည့်အရာမှာ လူတိုင်းအား အထူးစစ်သားအဆင့်သို့ရောက်အောင် လေ့ကျင့်ပေးရန်ပင်။

ကမ်းခြေရှိ ပြင်းထန်သည့်လေ့ကျင့်မှုနှင့် အလွန်ဝေးကွာသည့်နေရာတွင်...

ပေကျင်း၌ ဇီယန်နှင့် ကျိုးဖေးတို့သည် နေကာမျက်မှန်များကို တပ်ဆင်ကာ ဟိုတယ်မှ ထွက်လာခဲ့၏။

"အစ်မယန် ငါတို မနက်စာစားကြမလား" ကျိုးဖေးက မေးသည်။

"တော်ပြီ။ ငါစားချင်စိတ် သိပ်မရှိဘူး။ နေ့လည်မှ စားရအောင်။ နင် ဗိုက်ဆာရန် ငါလိုက်ခဲ့ပေးမယ်" ဇီယန်က တိုးလျှသည့်အသံဖြင့် ပြော၏။

"နေ့လည်မှ နင်နဲ့အတူစားတော့မယ်။ ခဲအိုချက်ပေးထားတဲ့ ဟင်းတွေကို အမြဲတမ်းစားနေရတော့

ဒီက အစားအသောက်တွေ မစားတတ်တော့ဘူး” ကျိုးဖေးက ခေါင်းယမ်းကာ ခါးသီးစွာပြုံးသည်။

ဇီယန်သည် ယနေ့တွင် အဖြူရောင်တီရှပ်ကို ဝတ်ဆင်ထားကာ အပြာဖျော့ဖျော့ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထား၏။ ခါတိုင်းထက်ပို၍ သွယ်လျသည့် ခြေတံများကို ပေါ်လွင်နေစေသည်။ ပန်းရောင်ဦးထုပ်နှင့် နေကာမျက်မှန်ကို တပ်ဆင်ထားကာ ဆံပင်အား ပိုနီတေးပုံ စည်းနှောင်ထား၏။

ဤဝတ်စုံသည် ဇီယန်အား မှန်မိုင်းသည့်ပုံစံထက် ပို၍ ပေါ့ပါးသွက်လက်သည့်ခံစားချက်ကို ပေးသည်။

ကျိုဖေးသည် အားကစားဝတ်စုံကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားပြီး ဆံပင်ကို ပုခုံးတစ်ဝိုက်တွင် ချထားသည်။ သူမသည် အဝတ်အစားအား အထူးတလည် ပြင်မနေလဲ နေကာမျက်မှန်တစ်လက်ကို ကောက်တပ်ထားလိုက်၏။

ဤသည်ကပင် လမ်းပေါ်တွင် ကောင်မလေးနှစ်ယောက်လမ်းလျှောက်နေသည်က လူတိုင်း၏အာရုံကို စွဲဆောင်သွားသည်။ ဖုံးကွယ်မထားသည့် ဓိယန်၏ပါးပြင်နှင့် အစိတ်အပိုင်းများကို ကြည့်ကာ သူမသည် အလွန်လှပသည့် မိန်းကလေးဖြစ်ကြောင်း လူတိုင်းပြောနိုင်ပေသည်။

ကျိုးဖေးသည် လမ်းပေါ်တွင် တက္ကစီတစ်စီးကို တားလိုက်၏။ သူမတို့ နောက်ခုံတွင် ဝင်ထိုင်လိုက်ပြီးနောက် ကျိုးဖေးက တိုက်ရိုက်ပြောလိုက်သည်။

“အမှတ် ၂၃၄ ဒုန်ဖန်းလမ်းကို မောင်းပါ”

“ကောင်းပါပြီ။ ကားသမားမှာ အသက်လေးဆယ်ကျော် လူလတ်ပိုင်းတစ်ဦးဖြစ်သည်။ သူမ၏စကားကို ကြားပြီးနောက် ကားကို တန်း၍ မောင်းလိုက်သည်။ မီးပွိုင့်စောင့်နေသည့်အချိန်တွင် သူသည်

နောက်ကြည့်မှန်မှတဆင့်ကြည့်ကာ “မိန်းကလေးတို့ ရှိ့ပန်းပုရုပ်ဝယ်မလို့လား”

“ဦးလေးဘယ်လိုသိတာလဲ” ကျိုးဖေးမှာ အနည်းငယ် အံ့သြသွား၏။

“ဟားဟား..ငါ ပေကျင်းမှာ တက္ကစီမောင်းလာတာ ဆယ်နှစ်ရှိပြီ။ နေရာတော်တော်များများရဲ့ လိပ်စာတွေကို သိတယ်လေ” ကားသမားက ရယ်မောကား ကားကို ကွေ့လိုက်သည်။

“အင်း” ကျိုးဖေးက ခေါင်းညိတ်သည်။

“အမှတ် ၂၃၄ ဒုန်ဖန်းလမ်းက ရှန်ကျွမ်းရှိ့ပန်းပုရဲ့ ပင်ရင်းလို့ ငါထင်တယ်” ကားသမားက အနည်းငယ်စဉ်းစားကာ ပြောသည်။

“ဟုတ်တယ်။ မနေ့က လေယာဉ်လက်မှတ် မှာပြီးတော့ ရှိ့ပန်းပုဝယ်မလို့ပါ” ဇီယန်က ပြန်ဖြေသည်။ သူမ၏

သာယာငြိမ့်ညောင်းသည့်အသံက ကားသမားကို အနည်းငယ် အံ့အားသင့်သွားစေ၏။

လက်ရှိတွင် ဇီယန်မှာ ရွှံ့ပန်းပုရုပ်များကို ပြန်ယူသွားရန် စီစဉ်ထားခဲ့သည်။

ရွှံ့ပန်းပုများနှင့် ပတ်သက်လျှင် ကျန်းရွှံ့ပန်းပုရုပ်သည် မြောက်ပိုင်းတွင် အလွှမ်းမိုးဆုံးဖြစ်သည်။ ကျန်းရွှံ့ပန်းပုရုပ်သည် ထိုနှစ်များက အလွန်စွမ်းဆောင်နိုင်စွမ်းရှိသူဟု ဆိုကြ၏။ ဖောက်သည်များနှင့် မျက်နှာချင်းဆိုင်စကားပြောနေရင်း ရွှံ့စေးကို လက်ဖြင့် အရုပ်ဖြစ်အောင် လုပ်နိုင်ပြီး ပန်းပုရုပ်များမှာ အသက်ဝင်လုနီးပါးပင် ဖြစ်သည်။

ရွှံ့ပန်းပုထုလုပ်ခြင်းသည် တရုတ်ရိုးရာအနုပညာရပ်တစ်ခုဖြစ်၏။ ၎င်းသည် ရွှံ့စေးကို အသုံးပြုကာ အမျိုးမျိုးသော ရုပ်ပုံများကို ပုံဖော်ရသည့် လက်မှုပစ္စည်းတစ်မျိုးဖြစ်သည်။

ဇီယန်သည် သူမ၊ မုန့်မုန့်နှင့် ကျန်းဟန်တို့ လဆန်းတောင်ပေါ်တွင် ရှုခင်းကြည့်နေပုံကို အခြေခံ၍ ပန်းပုတစ်ခုပြုလုပ်ရန် စီစဉ်ထား၏။ ၎င်းကို မုန့်မုန့် ကြိုက်လိမ့်မည်ဟု သူမ ယုံကြည်သည်။ ထို့ပြင် ကျန်းဟန်လည်း သဘောကျလိမ့်မည်ဟု သူမ ခန့်မှန်းမိ၏။

သူမ မနေ့က စားသောက်ဆိုင်သို့သွားသည့်လမ်းတွင် ပေကျင်း၌ ရွှံ့ပန်းပုလုပ်သည့်နေရာတစ်ခု အားတွေ့ခဲ့၏။ ရှန်ကျွမ်းရွှံ့ပန်းပုပင်ရင်းမှာ အလွန်ရေပန်စားကြောင်း သိရှိပြီးနောက် သူမ ယနေ့မနက်တွင် အပွိုင့်မန့်ယူခဲ့၏။

ထိုအချိန် ဇီယန်၏စကားကိုကြားပြီးနောက် ကားသမားမှာ တိတ်ဆိတ်သွားသည်။ တုံ့ဆိုင်းဆိုင်းဖြင့် နောက်ဆုံးတွင် သူသည် ခေါင်းယမ်းကာ ပြောလိုက်၏။ “တကယ်တော့ ဆိုင်ကြီးတွေရဲ့ပန်းပုရုပ်တွေကပဲ အရည်အသွေးကောင်းတယ်ဆိုတာ အမြဲတမ်းမဟုတ်ပါဘူး”

“အိုး…ဦးလေးက ရှုံ့ပန်းပုလုပ်တာပိုကောင်းတဲ့နေရာကို သိလို့လား” ကျိုးဖေးက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

“အဲဒါက နေရာကြီးတစ်ခုတော့မဟုတ်ပါဘူး။ ဆိုင်သေးသေးလေးပါပဲ။ ပိုင်ရှင်က အသက် ၇၀ ကျော်နေပေမယ့် ရှုံ့ပန်းပုလုပ်တဲ့နေရာ အတော်ကျွမ်းကျင်တယ်။ လွန်ခဲ့တဲ့နှစ်တွေက လူတော်တော်များများက သူ့ကို မန်နေဂျာလုပ်ဖို့ ခေါ်ခဲ့ပြီး တစ်ချို့ကလည်း သူ့ကိုတစ်လကို လေးကြိမ်ပဲ ရှုံ့ပန်းပုလုပ်ပေးဖို့ ပြောကြတယ်။ ဒါပေမယ့် သူက အသက်ကြီးလွန်းနေပြီး သူ့ဆိုင်လေးကို မစွန့်ခွာချင်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းဆန်ခဲ့တယ်”

“ဒီလောက်ကောင်းတဲ့ ဖိတ်ခေါ်မှုကို သူက ဘာလို့ငြင်းတာလဲ” ကျိုးဖေးက သိချင်စိတ်ဖြင့် မေးသည်။

“ဘာလို့လဲဆိုတော့…” ထိုအချိန်တွင် ကားသမား၏မျက်နှာမှာ ခါးသီးသည့်အရိပ်အယောင်များ

ဖြတ်ပြေးသွားပြီး "အဲဒီဆိုင်သေးသေးလေးက သူနဲ့သူ့မိန်းမရဲ့ အမှတ်တရတွေပ်ဝင်ပြီးတော့ သူသိပ်မြတ်နိုးတဲ့အရာတစ်ခုဖြစ်တာကြောင့်ပဲ။ ဆိုင်က သူတို့နှစ်ယောက်ဖွင့်ခဲ့တာလို့ ကြားတယ်။ သူတို့နှစ်ယောက် အနိမ့်အမြင့် အတက်အကျတွေကို ဆယ်စုနှစ်များစွာ အတူရင်ဆိုင်ကျော်ဖြတ်ခဲ့ကြပေမယ့် ဇနီးဖြစ်သူကတော့ လွန်ခဲ့တဲ့ ခုနှစ်နှစ်က ကွယ်လွန်သွားခဲ့ရှာပြီ။ အဲ့ဒီဆိုင်က အမှတ်တရတွေအများကြီးကို သယ်ဆောင်ထားရုံတင်မကဘူး သူ့ကို ဝေဒနာတွေပါ ယူလာပေးတယ်လေ။ သူ့သားသမီးတွေက သူ့ကို ခေါ်ပေမယ့် အကြိမ်တိုင်းငြင်းတဲ့တယ်။ သူက အဲဒီမှာနေတာကြာပြီမို့ ထွက်မသွားချင်ဘူးတဲ့လေ"

ဤမှတ်ချက်က ဇီယန်အား စိတ်အားထက်သန်သွားစေပြီး "ဘယ်တော့မှထွက်မသွားချင်ဘူးလား..." ဟု ရေရွတ်လိုက်မိသည်။

တွေးနေရင်းဖြင့် သူမ နက်နက်ရှိုင်းရှိုင်း လှုပ်ခတ်မိသွားသည်။ ဤမျှရိုးရှင်းသည့်စကားလုံးလေးများက လှုပ်ခတ်နိုင်သည့်အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပေါ်လွင်စေခဲ့သည်။ သူမသည် စံပြလူငယ်စုံတွဲများကို အားကျခြင်းမရှိသော်လည်း ဆံဖြူသွားကျိုးသည့်အထိ အတူတူနေထိုင်ခဲ့ကြသော သက်ကြီးစုံတွဲများကို လေးစားအားကျပေသည်။

"အဲဒီကို အခုသွားရအောင်" ဇီယန်က ပြင်တင်းပေါက်မှ လှမ်းကြည့်ရင်း စိတ်ပိုင်းဖြတ်ထားသည့် လေသံဖြင့်ပြောသည်။

"ကောင်းပြီ" ကားသမားက ခေါင်းညိတ်ကာ အရှိန်ကိုတင်လိုက်၏။

ဒုန်ဖန်းလမ်းသို့ရောက်သည့်အခါ ကားသမားသည် လမ်းလွှဲများစွာရှိသည့် နောက်ဘေးလမ်းကြားတစ်ခုသို့ ဝင်ရောက်လာခဲ့သည်။နောက်ဆုံးတွင် လမ်းကြား၏အပြင်ဘက် လမ်းတစ်ခုပေါ်၌ "လျူဟဲ ရှုံ့ပန်းပု"

ဆိုသည့် ဆိုင်းဘုတ်ဖြင့် ဘန်ဂလိုတစ်ရှေ့တွင် ကားရပ်သွားခဲ့သည်။

"ငါတို့ရောက်ပြီ။ မင်းတို့ဝင်သွားလို့ရတယ်။ ဆရာကြီးရဲ့ မျိုးရိုးနာမည် လျို ဒါပေမယ့် မင်းတို့သူ့ကို ဆရာလျိုလို့ ခေါ်နိုင်တယ်" ကားသမားက ပြောသည်။

"ဟုတ်ကဲ့။ ဒီမှာ ပိုက်ဆံပါ။ ပိုတာကို ပြန်မအမ်းနဲ့တော့" ကျိုးဖေးက ယွမ် ၅၀ တန်ငွေစက္ကူများကို တိုက်ရိုက်ပေးလိုက်ပြီး ဇီယန်နှင့်အတူ ကားထဲမှ ထွက်လာခဲ့သည်။

အလှဆင်ထားပုံနှင့် ပရိဘောဂများမှာ အတော်လေးဟောင်းနွမ်းလှသောကြောင့် ဆိုင်ထဲသို့ဝင်လိုက်သည်နှင့် ၁၉၉၀ ပြည့်နှစ်များဆီသို့ ပြန်ရောက်သွားသလို ခံစားရသည်။

အနီးဆုံးနေရာ၌ အဘိုးကြီးတစ်ဦးသည် လှုပ်ကုလားထိုင်တွင် ထိုင်ကာ

လက်ဖက်ရည်သောက်နေသည်။ သူသည် တစ်စုံတစ်ရာသတိရလွှမ်းဆွတ်နေဟန်ဖြင့် ညာဘက်မှ နံရံကို စူးစိုက်ကြည့်နေ၏။

ဇီယန်နှင့် ကျိုးဖေးတို့သည် နံရံပေါ်တွင် ရှိုးစေးပန်းပုများ အစီအရီရှိနေသည်ကို သတိပြုမိသွားသည်။ ပန်းပုရုပ်တစ်ခုစီတွင် လူနှစ်ယောက်သာပါရှိပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ဘယ်ဘက်အစွန်ဆုံးတွင် ရှိသည့် ပန်းပုရုပ်ရှိ လူငယ်မှာ အဘိုးကြီးနဲ့တူ၏။ ညာဘက်သို့တဖြည်းဖြည်းရောက်လာသည်နှင့် ပန်းပုရုပ်ထဲရှိ လူနှစ်ဦးမှာ တဖြည်းဖြည်းအသက်ကြီးလာပြီး ဆံပင်များဖြူလာကြသည်။ သို့သော် သူတို့နှစ်ဦးမှာ ပျော်ရွှင်နေကြဆဲပင်။ ဤသည်က ကြည်နူးစရာကောင်းသည့် ပုံရိပ်တစ်ခုဖြစ်လေသည်။

ဇီယန်နှင့်ကျိုးဖေးတို့ မတ်တပ်ရပ်ကာ တိတ်ဆိတ်စွာဖြင့် စောင်းဆိုင်းနေလိုက်ကြသည်။ အဘိုးအိုမှာ သူ၏ပျော်ရွှင်ဖွယ်အမှတ်တရများကို ပြန်၍တွေးတောနေနေ်ရပြီး သူမတို့နှစ်ယောက်လုံး အဘိုးအိုအား မနှောင့်ယှက်ကြချေ။

ဆယ်မိနစ်ခန့်အကြာတွင် အဘိုးအိုသည် လက်ဖက်ရည်သောက်နေရင်း အနားတွင်ရပ်နေသည့် မိန်းကလေးနှစ်ယောက်ကို သတိပြုမိသွား၏။ သူက ပြုံးကာ “မင်းတို့ စောင့်နေတာ ဘယ်လောက်ကြာပြီလဲ” ဟု အသံကျယ်ကျယ်ဖြင့် မေးလိုက်သည်။

“ကျွန်မတို့ အခုပဲရောက်တာပါ” ဇီယန်က ပြုံးကာ ဖြေသည်။

“ဟားဟားဟား…” အဘိုးအိုက မတ်တပ်ရပ်ကာ ခေါင်းယမ်းပြီး “စောင့်နေရစေတာ တောင်းပန်ပါတယ်။ ငါက

အသက်ကြီးလာတော့ ပြန်အောက်မေ့နေတယ်ထင်တယ်။ လာဒီမှာထိုင်ကြ"

"ရပါတယ် ရပါတယ်" ကျိုးဖေးက ထပ်တလဲလဲပြောသည်။

အဘိုးအို၏ညာဘက်ခြမ်းသို့ သွားလိုက်ပြီးနောက် ဇီယန်နှင့် ကျိုးဖေးသည် ညှော်သည့်များအတွက် ထိုင်ခုံတွင် ထိုင်လိုက်ကြသည်။ အဘိုးအိုသည် ဘေးဘက်ရှိ ကိရိယာမျိုးစုံဖြင့် ပို၍မြင့်သည့်ထိုင်ခုံတွင် ထိုင်နေလေ၏။

"မင်းတို့ ဘာကိုလုပ်ချင်ကြတာလဲ"

"ကျွန်မ အဘိုးကို ခေတ်ပုံပြလို့ရမလား" ဇီယန်က အသံတိုးတိုးဖြင့် မေးသည်။

"အင်း ရပါတယ်"

ဇီယန်သည် ဖုန်းကိုထုတ်ကာ ပြင်ဆင်လာသည့် ခတ်ပုံကို ပြလိုက်ပြီး "ဒီတစ်ခု၊ ဒီတစ်ခု၊ ပြီးတော့ ဒီတစ်ခု။ ကျွန်မတို့သုံးယောက် တောင်ပေါ်မှာ ရှိနေတဲ့ပုံ"

"ဘယ်လောက်ကြီးတဲ့ဟာ လိုချင်လဲ"

"ဒီလောက်လောက်ကြီးတဲ့ဟာ" ဇီယန်က သူမ၏လက်ဖဝါးဖြင့် တိုင်းပြကာ ရှစ်လက်မကတ်မုန့်ကဲ့သို့ ကြီးမားသည့်ပုံတစ်ခု လုပ်ပြသည်။

"ဆယ်လက်မရှိ ရုပ်ထုလုပ်ပေးလိုက်မယ်"

အဘိုးအိုက ခေါင်းညိတ်ကာ ဖုန်းကိုယူ၍ စင်ပေါ်တင်လိုက်ပြီး ခတ်ပုံတွင် ပြထားသည့်အတိုင်း စတင်ထုလုပ်လေသည်။

...

-အပိုင်း(၂၃၀) ပြီး

wunzinnosp

## အပိုင်း(၂၃၁) မမျှော်လင့်ထားသည့် အစီအစဉ်

ရွှံ့ပန်းပုလုပ်ရန်အတွက် အဓိကပစ္စည်းမှာ ရွှံ့စေးဖြစ်သည်။ အဘိုးအိုသည် ရွှံ့များကို ဖြည်းညှင်းစွာ ဆုပ်နယ်နေပြီး အရောင်ခြယ်လိုက်သည့်အခါ သူတို့ရှေ့တွင် ကွက်ကွက်ကွင်းကွင်းဖြင့် ရုပ်ထုတစ်ခု ဖြည်းညှင်းစွာ ပေါ်လာခဲ့သည်။ အလွန်အံ့သြစရာကောင်းသည်ဟု သူမတို့နှစ်ယောက် ခံစားရသည်။

ရွှံ့ရုပ်ထု လုပ်ပြီးချိန်တွင် ဆယ့်တစ်နာရီ ထိုးနေပြီဖြစ်၏။ ၎င်းမှာ အချိန် သုံးနာရီကျော် ကြာခဲ့လေသည်။

"ရုပ်ထုပြီးပြီ" ပြီးသွားသည့်အခါ အဘိုးအိုက သေတ္တာတစ်ခုတွင်ထည့်ကာ ကြိုးဖြင့်ချည်၍ ဇီယန်အား ပေးလိုက်သည်။

"ကျေးဇူးပါ ဆရာလျူ" ဇီယန်က ပျော်ရွှင်စွာဖြင့် လက်ခံလိုက်သည်။

"ဘယ်လောက်ကျလဲဆရာကြီး" ကျိုးဖေးက အိတ်ကိုကိုင်ရင်းမေးသည်။

"မင်းတို့ ပေးချင်သလောက် ပေးခဲ့ပါ" အဘိုးအိုက ပြုံးကာ ပြောသည်။

သူသည် ငွေကိုအဓိကမထားဘဲ ရှို့ပန်းပုထုခြင်းမှာ သူ၏ဝါသနာတစ်ခုသာဖြစ်လေသည်။

"အာ..." ကျိုးဖေးမှာ ခေါင်းခြောက်သွားသည်။ ရှို့ပန်းပုများ၏ ဈေးကို သူမ မသိချေ။

ကျိုးဖေး၏အမူအရာကို မြင်သည့်အခါ အဘိုးအိုက ပြုံးလိုက်ပြီး "ယွမ် ၂၀၀ ပေးခဲ့လိုက်ပါ" ဟု ဆိုသည်။

"ယွမ် ၂၀၀ လား" ကျိုးဖေးတန့်သွား၏။ ပုံမှန်ဈေးကို သူမ မသိသော်လည်း နူးညံ့သိမ်မွေ့သည့် ရှို့ပန်းပုအတွက် ယွမ် ၂၀၀

ထက်ပိုမို တန်ဖိုးရှိကြောင်း သူမ သိလေသည်။ ယွမ် ၂၀၀ သည် ခဲအို၏လက်မောင်းတစ်ဖက် လုပ်ရန်ပင် မလုံလောက်နိုင်ချေ။

"ဖေးဖေး ငါတို့ပါသမျှ အကုန်ပေးခဲ့လိုက်ပါ" ဇီယန်က ရုတ်တရက် ပြောလိုက်သည်။

သူမ၏စကားကိုကြားသည့်အခါ ကျိုးဖေး အိတ်ထဲမှ ပိုက်ဆံနှစ်အုပ်ကို ထုတ်လိုက်ပြီး စားပွဲလေးပေါ်တင်လိုက်၏။

"ဆရာကြီးလျူ။ ဆရာကြီးလုပ်ထားတဲ့ ရွှံ့ပန်းပုက ကျွန်မအတွက် အရမ်းအရေးပါတယ်။ ကျွန်မက တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာလက်ရာတစ်ခုလို့ သဘောထားတာ။ ဒါက ကျေးဇူးတင်ကြောင်း ဖော်ပြတဲ့အနေနဲ့ပါ။ ကျေးဇူးပါ ဆရာကြီးလျူ။ ကျွန်မတို့ ပြန်ပါတော့မယ်" ဇီယန်က ပြုံးကာ ခေါင်းညိတ်ပြ၍ ကျိုးဖေးနှင့်အတူ ထွက်လာခဲ့သည်။

သူမ၏စကားကိုကြားသည့်အခါ အဘိုးအိုမှာ ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်။

"ဘယ်လောက်တောင် လှလိုက်တဲ့ ပန်းပုရုပ်လဲ" ကျိုးဖေးသည် ဆိုင်ထဲမှထွက်လာပြီးနောက် စိတ်ခံစားချက်များဖြင့် အကြိမ်ကြိမ်သက်ပြင်းချရင်း ပြောသည်။ "အဲဒီတက္ကစီသမားက တကယ်ကို ကြင်နာတတ်တယ်။ ဆရာကြီးလျူက ဒီအသက်အရွယ်မှာ သူ့အနားမှာ သားသမီးတွေနဲ့ ဇနီးသည်မရှိတော့ တကယ်ကို အထီးကျန်နေတဲ့ပုံပဲ"

"ဖြစ်နိုင်တယ်..." ဇီယန်က ဆိုင်ကို ပြန်လှည့်ကြည့်ကာ "ဒါက အသက်ကြီးလာတဲ့လူတိုင်း ဖြတ်ကျော်ရမယ့်အရာပဲ" ဟု တိုးတိုးလေးပြောသည်။

ယခုအချိန်တွင် ဇီယန်သည် သူမ၏မိဘများကို အနည်းငယ် လွမ်းဆွတ်နေမိသည်။ နောက်ဆုံးအဆက်အသွယ်ရခဲ့သည်က လွန်ခဲ့သည့် တစ်လခန့်က ဖြစ်သည်။ လွန်ခဲ့သည့် တစ်နှစ်ကတည်းက

သူမတို့ မဆုံဖြစ်ကြခြင်းပင်။ ထိုစဉ်က သူတို့သည်လည်း ဆံပင်များဖြူနေကြပြီဖြစ်၏။

ဤအချိန်တွင် ဇီယန်သည် အနည်းငယ် အားကိုးရာမဲ့သလို ခံစားလိုက်ရသည်။ ကြီးမားသောမိသားစုကြီးတစ်ခု၏ သမီးဖြစ်သောကြောင့် သူမ လိုချင်သည့်အရာမှန်သမျှကို ဝယ်ကာ ဘာကိုမှဂရုမစိုက်ဘဲ နေနိုင်သော်လည်း မိသားစုတိုင်း၏ဗီရိုထဲတွင် အရိုးစုများရှိပေသည်။ ဇီယန်သည် သာမန်ကျေးလက်မိသားစုဘဝကို အနည်းငယ် အားကျမိ၏။

"အစ်မယန် ငါတို့ ထမင်းအရင်သွားစားကြမလား။ ငါဗိုက်ဆာနေပြီ" ကျိုးဖေးမှာ ပြောနေရင်းဖြင့် ဗိုက်ထဲက အသံမြည်လာ၏။

"နေ့လည်စာစားဖို့ ဒီအနားက စားသောက်ဆိုင်တစ်ဆိုင်ရှာလိုက်လို့ရတယ်" ဇီယန် ပြောပြီးသည်နှင့် ကျိုးဖေး၏ဖုန်းက မြည်လာခဲ့သည်။

စကားအနည်းငယ်ပြောပြီးနောက် သူမ ဖုန်းအားဘေးသို့ခဏချလိုက်သည်။ ထိုနောက် သူမသည် ဇီယန်၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောသည်။

"အစ်ကိုကျားပါ။ သူက ငါတို့နဲ့ ဆွေးနွေးစရာရှိလို့ နေ့လည်စာစားဖို့ဖိတ်နေတာ။ ငါတို့ သုံးယောက်ပဲတဲ့။ လက်ခံလိုက်ရမလား"

ခဏလောက်စဉ်းစားပြီးနောက် ဇီယန် ခေါင်းညိတ်ပြလိုက်သည်။ သူမ၏ခွင့်ပြုချက်ဖြင့် ကျိုးဖေးသည် ဖုန်းကို ပြန်ကိုင်လိုက်ပြီး တွေ့ဆုံရမည့်နေရာကို ပြောကာ ဖုန်းချလိုက်သည်။

"သူက ငါတို့နဲ့ ဘာဆွေးနွေးချင်လို့လဲ မသိဘူး" ကျိုးဖေးက တက္ကစီတစ်စီးကို တားရင်း ရွေ့ရွတ်သည်။

တက္ကစီပေါ်တက်ပြီးနောက် ကားသမားက သူမတို့၏ဟိုတယ်နှင့် မီးတာငါးရာကျော်ခန့်ဝေးသည့် ရာစီစားသောက်ဆိုင်သို့ မောင်းသွားခဲ့သည်။

"ကြိုဆိုပါတယ်။ နှစ်ယောက်စားပွဲလားမသိဘူး" ဧည့်သည်ဝင်လာသည်ကို မြင်သည့်အခါ ကောင်တာမှ မန်နေဂျာက ပြုံး၍ နှုတ်ဆက်သည်။

"ကျားဒုန်က အခန်းကြိုမှာထားတယ်" ကျိုးဖေးက ပြန်ဖြေသည်။

"မင်းတို့က မစ္စတာကျားရဲ့ ဧည့်သည်တွေကိုး။ ဒီဘက်ကိုကြွပါ။ ရှောင်ဟွား ဧည့်သည်တွေကို အခန်း ၈၈၈ လိုက်ပို့ပေးလိုက်ပါ" မန်နေဂျာက စားပွဲထိုးမိန်းကလေးကို ပြောလိုက်၏။

စားပွဲထိုးက ဇီယန်နှင့်ကျိုးဖေးကို အခန်းဆီ ခေါ်သွားသည်။

သာမန်အခန်းတစ်ခုသာဖြစ်သော်လည်း အလှဆင်မှုပုံစံမှာ ဆန်းသစ်၍ ထူးခြားသည်။ ထိုင်ခုံခြောက်လုံးပါသည့် စားပွဲဝိုင်းငယ်တစ်ခုရှိကာ ပန်းအိုးများနှင့် ပရိဘောဂအချို့ရှိသည်။ ကျားဒုန်သည် ထိုင်ခုံတစ်ခုတွင်

ထိုင်နေပြီး ဖုန်းကြည့်နေ၏။ သူမတို့နှစ်ယောက်ကို မြင်သည့်အခါ ပြုံးကာ ခေါင်းညိတ်၍ ပြောသည်။

"မင်းတို့ရောက်ပြီလား။ ထိုင်ပါ"

"အစားအသောက်တွေယူလာလို့ရပြီ" သူက စားပွဲထိုးကို ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ" စားပွဲထိုးက ပြုံးကာခေါင်းညိတ်၏။

ငါးမိနစ်ခန့်အကြာတွင် ကျားဒုန်မှာထားသည့် ဟင်းပွဲများအားလုံး ရောက်ရှိလာသည်။ သူတို့စားပွဲတွင် လူသုံးယောက်သာရှိသော်လည်း ကျားဒုန်က အထူးဟင်းရှစ်မျိုးနှင့် ရမ်မီမာတင်တစ်ပုလင်းကို မှာထားခဲ့သည်။

ကျားဒုန်သည် ဇီယန်နှင့် ကျိုးဖေးတို့ နှစ်ယောက်လုံးအတွက် ဝိုင်အချို့ငှဲ့ထည့်ပေးခဲ့သည်။ ပထမအကြိမ် သောက်လိုက်ပြီးနောက် ဇီယန်က ပြောသည်။

"ကျွန်မတို့ကို ဘာလို့တွေ့ချင်တာလဲ သခင်လေးကျား"

"အင်း ကိစ္စက ဒီလိုပါ" လုပ်ငန်းအကြောင်းပြောသည့်အခါ ကျားဒုန်မှာ လေးနက်လာသည်။

"မနက်ဖြန်မှာ မိုင်ဗွိုက်(My Voie) ဆိုတဲ့ အစီအစဉ်ရိုက်ကူးဖို့ရှိတယ်။ နောက်အပိုင်းအတွက် ဧည့်သည်အနုပညာရှင် ယွမ်ရှောင်းရှောင်းက ဒီမနက်မှ အစီအစဉ်ဌာနကို ဖုန်းဆက်ပြီးတော့ သူ့ဆွေမျိုးတစ်ယောက် အသည်းအသန်ဖြစ်လို့ မလာနိုင်တော့ဘူးပြောတယ်။ အစီအစဉ်ဌာနက သူ့နေရာမှာ ဧည့်သည်အနုပညာရှင်တစ်ယောက် ရှာဖို့လိုနေတာ။ အဲဒါ သတင်းကြားကြားချင်း မင်းကို သတိရမိပြီး ဒီရှိုးမှာ မင်းပါဝင်ခဲ့ရင် ပိုပြီးစိတ်ဝင်စားဖို့ကောင်းမယ်ထင်လို့ပါ။ မင်းရဲ့အချိန်နည်းနည်းလောက် ပေးနိုင်မလားလို့ ဧီယန်"

အိုး...

ကျိုးဖေး၏မျက်လုံးများ ချက်ချင်း တောက်ပသွား၏။

မိုင်ဖွိုက်စ်အစီအစဉ်သည် အလွန်ရေပန်းစားသော အစီအစဉ်တစ်ခုဖြစ်ပြီး ဂီတနှင့် ဂိမ်းတို့ ပေါင်းစပ်ထားသည်။ ရှိုးတွင် ပြိုင်ပွဲဝင်ခြောက်ယောက်၏ထူးချွန်သည့် ဖျော်ဖြေတင်ဆက်မှုများနှင့် ဟိုတ့်တံထံမှ ကျပန်းထင်မြင်ယူဆချက်များကို အသုံးပြုကာ အနုပညာရှင်များက တကယ်အဆိုတော်အမှန်အား ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့နှင့်အတူ သီဆိုဖျော်ဖြေရသည်။ အမှန်တကယ် စိတ်ဝင်စားဖို့ကောင်းသည့် အစီအစဉ်တစ်ခုပင်။

ဤအစီအစဉ်မှာ ဇီယန်အတွက် အကျိုးရှိပြီး ပို၍ နာမည်ကြီးလာစေရန် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ကျိုးဖေး သိ၏။ ထို့ပြင် ဇီယန်နှင့် ကျန်းရှမ်တီဗီဌာနသည် လူအများ၏အာရုံစိုက်မှုကို စွဲဆောင်နေသေးသဖြင့် ယခုအချိန်တွင် ပို၍ အကျိုးသက်ရောက်မှုရှိသည်။

"အစ်မယန်" ဇီယန် မဆုံးဖြတ်ရသေးကြောင်း သိလိုက်သဖြင့် ကျိုးဖေး စိတ်လှုပ်ရှားလာပြီး သူမအား မနေနိုင်ဘဲ သတိပေးလိုက်သည်။

ကျိုးဖေးသည် ရုတ်တရက် အခွင့်အရေးကြောင့် အံ့အားသင့်သွားခဲ့သည်။ သို့သော် ဇီယန်သည်တော့ ဤကိစ္စကို စဉ်းစားနေခဲ့၏။

သူမ ယနေ့ညပြန်လာမည်ဟု မုန့်မုန့်ကို ကတိပေးထားပြီးဖြစ်ကာ မဟုတ်ပါက မုန့်မုန့် ကျေနပ်လိမ့်မည်မဟုတ်ချေ။

ကျားဒုန်က သူမအား ကောင်းမွန်သည့်ရည်ရွယ်ချက်ဖြင့် ဤအခွင့်အရေးကို ပေးသည်လား။ အခြားရည်ရွယ်ချက်ရှိသည်လား။ ၎င်းက သခင်လေးလင်းနှင့်ပတ်သက်မှုရှိပါသလား။

ထိုအချိန်တွင် ဇီယန်သည် အနည်းငယ် ချီတုံချတုံဖြစ်နေလေသည်။

သို့သော်...သူမသည် သူမ၏လက်ရှိအခြေအနေကို နားလည်သဘောပေါက်ပြီး ဤအစီအစဉ်က သူမကို များစွာအထောက်အပံ့ဖြစ်စေမည်ကို သိရှိ၏။

ခဏလောက်တန့်နေပြီးနောက် ဇီယန်က ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"ကျေးဇူးပါ သခင်လေးကျား"

"ရပါတယ်" ကျားဒုန်က ရယ်မောလိုက်သည်။ သူ၏မျက်လုံးများမှာ တောက်ပနေပြီး "မနေ့က မင်းပြန်သွားပြီးတော့ အစ်ကိုလင်းက ငါနဲ့စကားပြောဖြစ်တယ်။ သူက မင်းကို တကယ်အသိအမှတ်ပြုတာ။ ဒါကြောင့် လက်ရှိ အစီအစဉ်မှာ မင်းကို အာရုံစိုက်မိသွားတာ။ ဒီရှုံးကို တွေ့လိမ့်မယ်လို့ ငါလုံးဝ မမျှော်လင့်ထားဘူး"

"ကျေးဇူးပါ သခင်လေးကျား" ဇီယန်က တုံ့ပြန်သည်။

"ရပါတယ်" ကျားဒုန်က ခေါင်းယမ်းကာ "မင်းရဲ့စိတ်နေစိတ်ထားနဲ့ ဆွဲဆောင်မှုကြောင့် ငါက မင်းကို အစိက အကြံပြုပေးခဲ့တာ။ မီဒီယာတော်တော်များများနဲ့ ပါပါရာဇီတစ်ချို့က မင်းကို စောင့်ကြည့်နေတယ်လို့ငါကြားတယ်"

"အိုး..."

ကျားဒုန်သည် အလုပ်အကြောင်းမပြောတော့ချေ။ ထိုအစား သူသည် ဖျော်ဖြေရေးနယ်ပယ်မှ စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ဇီယန်၊ ကျိုးဖေးတို့နှင့် ပြောဆိုနေခဲ့သည်။

နေ့လည်တစ်နာရီခန့်တွင် နေ့လည်စာစားပြီးသွားခဲ့သည်။ ကျားဒုန်က သူတို့အား ဟိုတယ်သို့ ကိုယ်တိုင်မောင်း၍ လိုက်ပို့ပေးခဲ့သည်။

သို့သော် မမျှော်ထားစွာဖြင့် တံခါးဝသို့ရောက်ခါနီးတွင် သတင်းထောက်များစွာမှာ ပြေးထွက်လာခဲ့လေ၏။

သူတို့သည် အလျစ်စလို တွန်းတိုးကာ မေးကြသည်။

“မင်္ဂလာပါ ဒီယန်။ ကျန်းရှမ်တီဗီနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်ကို မင်း ဘယ်လိုထင်မြင်ပါသလဲ”

“မင်းရုပ်ရှင်ကြီးတစ်ခုမှာ ပါဝင်မယ်လို့ ကြားပါတယ်. အဲဒီသတင်းက အမှန်ပဲလား”

“…”

“ခွင့်ပြုပါ။ ကျွန်မတို့အခု သတင်းစာရှင်းလင်းပွဲမလုပ်သေးပါဘူး။ ကျေးဇူးပြုပြီး ဘေးဖယ်ပေးကြပါ” ကျိုးဖေးက ဒီယန်ကို ချက်ချင်းကာကွယ်ပေးကာ ဒီယန်နှင့်အတူ ဟိုတယ်ထဲသို့ အမြန်ဝင်သွားလိုက်သည်။

သူတို့ ဟိုတယ်ထဲသို့ ဝင်သွားသည့်အခါ သတင်းထောက်များမှာ ရပ်တန့်လိုက်ပြီး ခေါင်းယမ်းကာ စိတ်မကောင်းစွာဖြင့် ထွက်သွားကြလေသည်။

ကားဘေးတွင် ရပ်နေသည့် ကျားဒုန်မှာ ခေါင်းယမ်းကာ သက်ပြင်းချလိုက်သည်။

ဤလူများမှာလည်း သူစီစဉ်ထားခြင်းဖြစ်သည်။ သူတို့၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဇီယန်အား နာမည်ကြီးကြယ်ပွင့်တစ်ယောက်၏ခံစားချက်ကို ပြန်လည်ရရှိစေရန်ဖြစ်သည်။ သို့မှသာ သူမသည် သခင်လေးလင်း၏အစီအစဉ်တွက် လိုက်လျောပေးနိုင်ပြီး အောင်မြင်မှုရရန် ပို၍ စိတ်အားထက်သန်လာပေမည်။ သို့သော်လည်း ယခုဖြစ်ပျက်ခဲ့သည်က အစသာရှိသေးလေ၏။ ဇီယန်ထွက်လာသည်နှင့် သတင်းထောက်အများအပြား ပေါ်လာပေလိမ့်မည်။

"လှပတဲ့ပန်းတွေက မြန်မြန်ခူးခံရတယ်။ ဇီယန်က ကံကောင်းတာလား ကံဆိုးတာလား ငါမသိတော့ဘူး"

ကျားဒုန်သည် စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်ရင်း ကားထဲသို့ဝင်ကာ ထွက်သွားခဲ့သည်

ဇီယန်နှင့် ကျိုးဖေးသည် အခန်းထဲသို့ ရောက်သည့်အခါ စနောက်သည်။

"အစ်မယန် နင်အပြင်သွားရင် သက်တော်စောင့်တွေ ခေါ်သွားသင့်တယ်"

"နင်သလေက်ကြီးလည်း မဟုတ်ပါဘူး။ ငါက ဒီလောက်လည်း နာမည်မကြီးသေးဘူး" ဇီယန်က အရေးမကြီးသလို တုံ့ပြန်သော်လည်း သူမ၏မျက်လုံးများတွင် ရွှင်လန်းမှုများဖြင့် ပြည့်နေ၏။

ပါပါရာဇီများနှင့် သတင်းထောက်များ၏ အနောက်မှလိုက်ခြင်းခံရသည်မှာ တစ်နည်းအားဖြင့် သူမ အနည်းငယ် ရေပန်းစားလာသည်ဟု ဆိုနိုင်သော်လည်း သူမ၏ကိုယ်ရေးကိုယ်တာအား ထိခိုက်စေခြင်းက စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ဇီယန်သည် သူမ၏ ပြည်မကြီးခရီးစဉ်ကို ချောမွေ့စွာသွားနိုင်ရန် မမျှော်လင့်ထားချေ။

ကျန်းရှမ်တီဗီမှ အဖြစ်အပျက်သည် အစကောင်းခြင်းမရှိသော်လည်း ဟန်ယန်၏အကူအညီကြောင့် ထူးဆန်းသည့်အခြေအနေတစ်ခုဖြစ်လာခဲ့သည်။

"သခင်လေးကျားက ဒီလောက် သဘောကောင်းပြီး မိုင်ဗိုလ်ကိစ်အစီအစဉ်မှာ အစ်မယန်ကို ဖိတ်မယ်လို့ တကယ် မမျှော်လင့်ထားဘူး" ကျိုးဖေးက သိချင်စိတ်ပြင်းစွာ ပြောသည်။

"ဒါက လင်းကျဲနဲ့လည်း ပတ်သက်နေတယ်" ပြောနေရင်းဖြင့် ဇီယန်မှာ ခံစားချက်ကင်းမဲ့လာသည်။ ခဏလောက်စဉ်းစားပြီးနောက် သူမ ဆက်ပြောသည်။ "သူပါဝင်ပတ်သက်နေသည်ဖြစ်စေ မပတ်သတ်သည်ဖြစ်စေ သခင်လေးကျားက ကောင်းမွန်တဲ့စေတနာလုပ်ခဲ့တာလို့ ယုံကြည်လိုက်ရအောင်။ ရိုက်ကူးရေးပြီးတာနဲ့ ဟောင်ကောင်ကို ပြန်ကြမယ်"

"ကောင်းပြီ" ကျိုးဖေးက ခေါင်းညိတ်သည်။

"ငါ ကျန်းဟန်ကို အရင်ခေါ်လိုက်ဦးမယ်။ ဒီနေ့ ပြန်မလာနိုင်တဲ့အတွက် မုန့်မုန့် ဘယ်လောက်စိတ်ကောက်နေမလဲ မသိဘူး" ဇီယန်သည် ဖုန်းကိုထုတ်ကာ အိပ်ခန်းထဲသို့ဝင်လာပြီး ကျန်းဟန်၏နံပါတ်ကို ခေါ်လိုက်သည်။

"ကျန်းဟန်"

"အင်း"

"ကျွန်မ..." ဇီယန်နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်ပြီး "ကျွန်မ ဒီနေ့ ပြန်မလာနိုင်သေးဘူး"

"တစ်ခုခုဖြစ်လို့လား" ကျန်းဟန် မေးသည်။

"မင်း...မိုင်ဗိုက်စ်လို့ခေါ်တဲ့ အစီအစဉ်မှာ နဂိုအနုပညာရှင်တစ်ယောက်က မလာနိုင်လို့ ကျွန်မကို ဖိတ်ထားတယ်။ မနက်ဖြန် ဒါမှမဟုတ် သုံးရက်လောက်နေမှ ပြန်လာလို့ရမယ်"

"အင်း" ကျန်းဟန်၏မျက်လုံးများကျဉ်းမြောင်းသွားပြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဆယ်စက္ကန့်အကြာတွင် ဇီယန်အနည်းငယ် အံ့အားသင့်သွား၏။ သူမ နှုတ်ခမ်းကို တွန့်ကာ "ဘာလို့ ဘာမှမပြောတာလဲ"

"ကိုယ်…" ကျန်းဟန် ခဏလောက်စဉ်းစားလိုက်ပြီး "မင်းကို ဒီအစီအစဉ် ဘယ်သူက စီစဉ်ပေးတာလဲ"

"ကျားဒုန် လို့ခေါ်တဲ့ တီဗီဌာနက စီအိုအိုရဲ့သားပါ" ခဏလောက် ရပ်တန့်သွားပြီးနောက် ဇီယန် အမှန်အတိုင်းဖြေသည်။

"မင်း လင်းကျဲကို သိလား" ကျန်းဟန်က မေးသည်။

"အာ…" ဇီယန်ခဏတုံ့ဆိုင်းသွားပြီး "ကျားဒုန်က မနေ့ညက ညစာစားဖို့ဖိတ်တယ်။ လင်းကျဲကို အဲဒီမှာ တွေ့ခဲ့တာ။ ရှင်နဲ့ဖုန်းပြောနေတုန်းက သူက ကျွန်မနဲ့

သိပ်မဝေးတဲ့နေရာမှာ ရှိတယ်။ ပြီးတော့ သူမ ကျွန်မဖုန်းကိုတောင် ငှားလိုက်သေးတယ်”

ခဏလောက်စဉ်းစားပြီးမှ ဇီယန်သည် ညစာစားပွဲတွင် သူတို့ ကျန်းဟန်အား စော်ကားပြောဆိုသည့်အကြောင်းကို မပြောသေးချေ။ ကျန်းဟန် ဒေါသထွက်သွားစေနိုင်မည်ဟု သူမ ယူဆသောကြောင့်ဖြစ်သည်။

သို့သော်…ကျန်းဟန်သည် အရေးမပါသည့်လူများအား အမြဲလျစ်လျူရှုထားခဲ့သည်ကို သူမ မသိရှိချေ။

…

-အပိုင်း(၂၃၁) ပြီး

wunzinnosp

## အပိုင်း(၂၃၂) အကြိမ်ကြိမ်ရွှေ့ဆိုင်းထားခြင်း

သို့သော် ဇီယန်ပြောသည့်စကားကို ကြားပြီးနောက် ဘာတွေဖြစ်နေသလဲဆိုသည်ကို ကျန်းဟန် နားလည်သွားသည်။ “မင်း လင်းကျဲနဲ့ တစ်ယောက်တည်း ညစာမစားသင့်ဘူး”

“အမ်” ဇီယန် ရုတ်တရက် အာမေဋိတ်သံထွက်သွားပြီး နှုတ်ခမ်းကို ကိုက်လိုက်မိသည်။ သူမ ကြိတ်၍ဝမ်းသာသွားပြီး “တစ်ယောက်ယောက်က ကျွန်မကို ခေါ်သွားမှာ စိုးရိမ်နေတာလား”

ရုတ်တရက် ဇီယန် အေးခဲသွားသည်။ သူမ၏လေသံမှာ အဘယ်ကြောင့် ရက်ရွံ့မှုများဖြင့် ပြည့်နေရပါသနည်း။

အာ...

သူမ၏မျက်နှာမှာ ချက်ချင်း နီရဲလာပြီး နှလုံးခုန်သံများ တဖြည်းဖြည်း မြန်လာသည်။

"အင်း...ကိုယ်မင်းကို စိုးရိမ်တယ်" ခဏလောက်စဉ်းစားပြီးနောက် ကျန်းနိကရိုးသားစွာ ပြန်ပြောသည်။

သေချာသည့်အဖြေကို ရလိုက်ပြီးနောက် ဇီယန် ရင်ထဲ၌ နွေးထွေးသောခံစားချက်တစ်ခုရှိလိုက်သည်။ သူမ နူးညံ့စွာ နှာခေါင်းရှုံ့လိုက်ပြီး "ကျွန်မ သူနဲ့ အပြင်သွားမှာမဟုတ်ပါဘူး။ ဘာအကြောင်းပြချက်မှရယ်လို့ မရှိဘူး။ လင်းကျဲကို ဒီတိုင်း သဘောမကျလို့"

"ကောင်းပြီ။ အဲဒီမှာ ဂရုစိုက်ပြီးနေပါ။ တစ်ခုခုဖြစ်ရင် ကိုယ့်ကို ဖုန်းဆက်လိုက်" ကျန်းဟန် ပြန်ဖြေ၏။

"ဘာမှမဖြစ်ပါဘူး။ ကျွန် ရိုက်ကူးရေးပြီးတာနဲ့ မနက်ဖြန်ညပြန်လာခဲ့မယ်" ဇီယန် ပြုံးကာ ဆက်ပြောသည်။ "စိတ်မပူပါနဲ့။ ဖေးဖေး ရှိနေသ၍ ကျွန်မ အနိုင်ကျင့်ခံရမှာ မဟုတ်ဘူး။ ဒါပေမယ့် မုန့်မုန့် ဝမ်းနည်းသွားမှာကို ကျွန်မ

စိုးရိမ်နေတာ။ ဒီနေ့ပြန်လာမယ်လို့ ပြောထားပေမယ့် ကျွန်မ ကတိပျက်သွားခဲ့တယ်”

“ကိုယ် သူမကို ချော့လိုက်ပါ့မယ်” ကျန်းဟန် ခပ်ရေးရေးပြုံးကာ ပြောသည်။

“ဟွန့် မုန့်မုန့်ကို ချော့ရတဲ့အခါကျရင် ဘာပြောမလဲဆိုတာ ရှင်အမြဲသိတယ်” ဇီယန်က နှာခေါင်းရှုံ့လိုက်ပြီး “ရှင်ဘယ်မှာလဲ ဖုန်းထဲမှာလေတိုက်သံတွေကြားနေရတယ်”

“ကိုယ် လဆန်းတောင်မှာ...”

နှစ်ယောက်သား မိနစ် ၂၀ ခန့်စကားပြောခဲ့ကြသည်။ ဇီယန်သည် မုန့်မုန့်အား စကားမပြောခဲ့ပေ။ ထိုအစား သူမသည် နေ့လည်ပိုင်းကျလျှင် မုန့်မုန့်အား ချော့မော့ပေးရန် ကျန်းဟန်အား တောင်းဆိုခဲ့သည်။ ညကျမှ သူမ သူ့အား ဖုန်းပြန်ခေါ်မည်ဖြစ်၏။

အမိန့်ကိုလက်ခံရရှိပြီးနောက် ကျန်းဟန် အိမ်မွေးတိရစ္ဆာန်ဧရိယာရှိ မုန့်မုန့်ဆီသို့ လျှောက်သွားကာ ဖုန်းကိုချလိုက်ပြီး သူမလေး၏ခေါင်းကို ဖွဖွနမ်းလိုက်သည်။

"မုန့်မုန့် သမီးမေမေကို လွမ်းနေလား"

"အင်း…လွမ်းတယ်"

"သမီးရဲ့မေမေက သမီးအတွက် အရမ်းဆန်းကြယ်တဲ့လက်ဆောင်တစ်ခုပြင်ဆင်ထားပြီးပြီ။ အဲဒါက အရမ်းလှတာ မုန့်မုန့် သေချာပေါက်ကြိုက်လိမ့်မယ်လို့ ပြောတယ်။ ဒါပေမယ့် အဲဒါကို ပြန်ယူလာဖို့ သုံးရက်လောက်တော့ စောင့်ရမယ်…"

ကျန်းဟန်က မုန့်မုန့်အား ချော့မော့လိုက်လေသည်။ အစပိုင်းတွင် မုန့်မုန့်သည် သူမအတွက် ဆန်းကြယ်သည့်လက်ဆောင်တစ်ခုရှိသည်ဟု ကြားလိုက်ရပြီး မျက်လုံးများတောက်ပသွား၏။ သို့သော် သူမ၏မေမေ ပြန်မလာသေးဘဲ သုံးရက်ခန့်ကြာမည်ဟု သိလိုက်ရသည့်အခါ

သူမလေး မပျော်တော့ချေ။ ကျန်းဟန်၏ချော့မော့မှုအောက်တွင် သူမလေးသည် နောက်ဆုံး၌ ဆန်းကြယ်သည့်လက်ဆောင်ဆီသို့ အာရုံပြောင်းသွားကာ ရွှင်လန်းလာသည်။

သို့သော်လည်း အခြေအနေမှာ ထိုသို့မရိုးရှင်းပေ။ ဇီယန်သည် သုံးရက်အကြာတွင် ပြန်လာမည်ဖြစ်သည်။

ကျားဒုန်သည် ထိုညတွင် ဇီယန်နှင့် ကျိုးဖေးအား ပါတီတစ်ခုသို့ ဖိတ်ခဲ့ပြီး လင်းကျဲသည် အမှတ်မထင်ပေါ်လာခဲ့သည်။ ညစာစားပြီးနောက်တွင် သူသည် အားလုံးကို သီးသန့်ကလပ်တစ်ခု၌ ညွှေ့ခံရန် ဖိတ်ကြားခဲ့သည်။ ကျားဒုန်၏ညွှေ့ဝတ်ကျေပွန်မှုအတွက် ဇီယန်နှင့် ကျိုးဖေးတို့လည်း သူတို့နှင့်အတူ လိုက်ပါခဲ့သည်။

သူတို့နှင့်အတူ လူတစ်ဒါဇင်ကျော် ထိုင်နေကြသည်။ ဇီယန်မှာ စကားပြောခဲသော်လည်း လင်းကျဲ၏စကားများနှင့်

အခြားသူများမှတ်ချက်စကားများက လင်းကဲ့သည် ဇီယန်အား လိုက်ချင်နေကြောင်း ပြသနေ၏။

သန်းခေါင်ယံအချိန်တွင် လျူဖုန်းက သူတို့အား နိုက်ကလပ်တစ်ခုသို့ သွားရန် ဖိတ်ခေါ်ခဲ့သော်လည်း ဤတစ်ကြိမ်တွင် ဇီယန်က တိုက်ရိုက်ငြင်းဆိုခဲ့သည်။

နောက်တစ်နေ့တွင် ကျားဒုန်က သူမတို့အား ထပ်မံဖိတ်ခေါ်သည်။ ထိုအချိန်တွင် ဇီယန်နှင့် ကျိုးဖေးသည် သူ၏ရည်ရွယ်ချက်အမှန်ကို မသိသဖြင့် ငြင်းဆိုခဲ့ကြသည်။

သုံးရောက်မြောက်နေ့ နေ့လည် ၂ နာရီတွင် ဇီယန်နှင့် ကျိုးဖေးတို့သည် ဟိုတယ်မှ ထွက်ကာ အစီအစဉ်ရိုက်ကူးရန် သိပ်မဝေးသည့် တီဗီဌာနသို့ သွားရန် ပြင်ဆင်ကြသည်။

သို့သော် သူမတို့ ဟိုတယ်မှ ထွက်လာသည်နှင့် သတင်းထောက် ၂၀ ကျော်က ဇီယန်နှင့် ကျိုးဖေးတို့အနီးတွင် ဝိုင်းအုံလာခဲ့၏။

“ဘာလုပ်နေတာလဲ။ ခွင့်ပြုပါ”

ကျိုးဖေးသည် သူမရှေ့သို့ အဆက်မပြတ်တိုးနေသော်လည်း လူအုပ်ကြီးမှာ ရှုပ်ထွေးလွန်းနေသဖြင့် ကျိုးဖေး မတိုးနိုင်ဖြစ်နေခဲ့သည်။ ထိုအချိန်တွင် သူတို့အားလာကြိုသည့်လူသုံးဦးသည်လည်း အလျင်စလို တဝင်လာခဲ့ပေ။ ၎င်းက တကယ်ကို ဝရုန်းသုန်းကားမြင်ကွင်းတစ်ခုဖြစ်၏။

ထိုအချိန်၌ ကားငါးစီးမှာ လမ်းဘေးတွင် ရပ်သွားခဲ့သည်။

ရှေ့နှင့်နောက်မှာ ကားနှစ်စီးစီသည် Cadillacs ဖြစ်ပြီး အလယ်မှတစ်စီးသည် Roll-Royce Phantom ကားဖြစ်သည်။

အနက်ရောင် Dior ဝတ်စုံကို ဝတ်ဆင်ထားသည့် လင်းကျဲသည် Roll Royce ကားထဲမှ ထွက်လာခဲ့၏။ ထိုအချိန်၌ အခြားကားလေးစီးထဲမှ သက်တော်စောင့်ဆယ်ယောက်ကျော် ထွက်လာခဲ့သည်။

"တစ်ချက် သွားကြည့်ရအောင်" လင်းကျဲက ဦးဆောင်ကာ သူတို့ဆီသို့ ဦးတည်၍ လျှောက်သွားကြ၏။

သူတို့ အနားရောက်လာစဉ်တွင် လင်းကျဲက လက်ကိုမြှောက်ကာ နောက်မှ သက်တော်စောင့်များကို လက်ပြလိုက်၏။

"လမ်းဖယ်ပေးစမ်း"

"ငါ မင်းတို့ကို ဆယ်စက္ကန့်အချိန်ပေးမယ်"

"ရှေ့ကဖယ်ကြ"

သက်တော်စောင့်အချို့သည် တိုးတိုက်ရိုက်နှက်ကာ သတင်းထောက်များကို နောက်သို့ အနည်းငယ် တွန်းထုတ်လိုက်၏။

ထိုအခိုက်တွင် လူတိုင်း အဖြစ်အပျက်ကို သတိပြုမိသွားကာ ထိတ်လန့်၍ နောက်ပြန်ဆုတ်ကုန်ကြသည်။

“ဇီယန် မင်းအဆင်ပြေလား” လင်းကျဲက ဇီယန်ဆီသို့အမြန်လျှောက်သွားကာ စိုးရိမ်တကြီးဖြင့် မေးသည်။

“အဆင်ပြေပါတယ်” ဇီယန်သည် ခေါင်းကို အနည်းငယ်ခါယမ်းကာ ဝရန်းသုန်းကားအခြေအနေတွင် ပြုတ်ကျသွားသည့် သူမ၏ဦးထုပ်ကို ကောက်ယူရန် ခါးကိုင်းလိုက်၏။

“ရှောင်ဒုန်က ဘယ်လို စီစဉ်ထားတာလဲ။ နောက်မှ သူ့ကို မေးလိုက်မယ်” လင်းကျဲက မျက်မှောင်ကြုတ်ကာ အပြစ်တင်ဟန်ဖြင့် ပြောသည်။ သူလုပ်ခဲ့သည်က ဇီယန်အား စိတ်ပူကြောင်း လူအများကို ဆွဲဆောင်နိုင်လောက်အောင်ဖြစ်ပြီး သူ၏စိုးရိမ်မှုကို အမှတ်တမဲ့ ထုတ်ဖော်ဟန် ပြုလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း တကယ်တမ်းတွင် ဤသတင်းထောက်များမှာ သူ၏အမိန့်ကြောင့် ကျားဒုန်က

ဤနေရာသို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။ ဘဝဆိုသည်မှာ ဒရာမာတစ်ခုကဲ့သို့ပင်။ အရာရာတိုင်းက မည်မျှကောင်းကောင်း စွမ်းဆောင်နိုင်သလဲဆိုသည့်အပေါ်တွင် မူတည်နေသည်ကို ငြင်းစရာမရှိချေ။

ထိုအချိန်တွင် လင်းကျဲသည် ဇီယန်အားကြည့်ကာ "ငါ့နောက် လိုက်ခဲ့ပါ။ ငါလည်း တီဗီဌာနကိုသွားမလို့"

ပြောပြီးသည်နှင့် ဇီယန်၏ပုခုံးကိုပုတ်ကာ နှစ်သိမ့်ပေးရန် ကြံရွယ်၍ လက်ကို မြှောက်လိုက်သည်။

သို့သော် ဇီယန်သည် ချက်ချင်းရှောင်ထွက်သွားကာ သူ၏အဝေးသို့ လွတ်သွားသည်။ သူမက လင်းကျဲအား ကြည့်ကာ အေးစက်စွာပြောလိုက်သည်။ "ကျေးဇူးပါ သခင်လေးလင်း"

"ရပါတယ်" လင်းကျဲက လက်ကို ပြန်ဆုတ်လိုက်ပြီး ကျိုးဖေးကိုကြည့်ကာ "ကားပေါ်သွားရအောင်" ဟု ဆိုလိုက်သည်။

ပြောပြီးသည်နှင့် လင်းကျဲက ဦးဆောင်ကာ Roll Royce ကားဆီသို့ လျှောက်သွားခဲ့သည်။

ကျိုးဖေးနှင့် ဇီယန်တို့သည် ကားဆီသို့ လိုက်သွားပြီး လင်းကျဲက နောက်တံခါးကို ဖွင့်ကာ ကားထဲသို့ဝင်ရန် ယဉ်ယဉ်ကျေးကျေးဖြင့် လက်ပြသည်။

ဇီယန် ခေါင်းကို အသာညိမ့်လိုက်ပြီး ကားထဲသို့ ဝင်သွား၏။ လင်းကျဲက နောက်မှလိုက်တက်ရန် ကြံရွယ်ထားသော်လည်း သူခြေထောက်မြှောက်လိုက်သည်နှင့် ကျိုးဖေးက ရှေ့သို့တိုးလာကာ ပြုံး၍ ပြောသည်။ "ကျွန်မတို့အတွက် တံခါးဖွင့်ပေးတာ ကျေးဇူးပါ သခင်လေးလင်း"

ပြောပြီးသည်နှင့် ကျိုးဖေးလည်း ကားထဲဝင်သွား၏။ ကျိုးဖေးဝင်လာသည်ကို မြင်သည့်အခါ ဇီယန်က ပြတင်းပေါက်အနားတို့ တိုးပေးကာ ကျိုးဖေးက အလယ်တွင် ထိုင်သည်။

ကျိုးဖေး၏အပြုအမူကိုမြင်သည့်အခါ လင်းကျဲ၏နှုတ်ခမ်းများ အနည်းငယ် တွန့်သွား၏။

သူမမှာ ဘယ်လောက်ပြင်းထန်တဲ့ အန္တရာယ်အသိရှိနေရတာလဲ။ ကားထဲမှာ ဘာမှလုပ်ဖို့ မစီစဉ်ထားပါဘူး။

"ဟေး သခင်လေးလင်း ရှင်ဘာလို့ မဝင်သေးတာလဲ။ အမြင်မှာ နေပူတယ်" ကျိုးဖေးက သူ့အား ဘယ်ဘက်ခြမ်းတွင် ထိုင်ရန် အမြန်လက်ဝှေ့ယမ်းပြသည်။

ကျိုးဖေးသည် အပြင်ပန်းတွင် စိတ်အားထက်သန်ဟန်ပေါ်နေသော်လည်း စိတ်ထဲတွင် နှာခေါင်းရှုံ့နေ၏။

အစ်မယန်ဘေးမှာ ထိုင်ချင်တာလား။ ဟမ့် အိပ်မက်မက်နေလိုက်။

"ကောင်းပြီ" လင်းကျဲက ကားပေါ်သို့ ကူရာမဲ့စွာ တက်လာခဲ့သည်။

ထိုနောက် သိပ်မဝေးလှသည့် တီဗီဌာနသို့ မောင်းသွားခဲ့ကြသည်။ လင်းကျဲက ခဏလောက်စဉ်းစားပြီး ပြုံးကာ ပြောသည်။ "ဇီယန် မင်းကို မိတ်ဆက်ပေးပါရစေ။ ရှေ့ခရီးသည်ခုံမှာ ထိုင်နေတဲ့သူက ဝေ့ချောင်ပါ"

"အိုး" ကျိုးဖေးနှင့် ဇီယန်သည် သူ့အား ထူးဆန်းသည့်အမူအရာများဖြင့် ကြည့်လိုက်ကြသည်။

"ဟားဟား..." ဝေ့ချောင်က ရယ်မောကာ နေကာမျက်မှန်ကို ချွတ်လိုက်ပြီး သူ့မတို့ဘက်သို့လှည့်၍ လက်ကို ဆန့်ထုတ်လိုက်သည်။ သူက ပြုံးက "မင်္ဂလာပါ ဇီယန် မင်းအကြောင်းတွေ အများကြီးကြားထားပါတယ်"

"မင်္ဂလာပါ" ဇီယန်က သူ၏လက်ကိုဆွဲကာ တုံ့ပြန်လိုက်သည်။

"မင်္ဂလာပါ" ဝေ့ချောင်က ကျိုးဖေးနှင့်လည်း လက်ဆွဲနှုတ်ဆက်သည်။

"မစ္စဇီ နေကာမျက်မှန်ကို ချွတ်လို့ရမလား" ဝေ့ချောင်က မေးသည်။

ဇီဘန်က သူ့အား ကြည့်ကာ နေကာမျက်ကို ချွတ်လိုက်၏။

"မင်းရ အရမ်းလှတယ်" ဝေ့ချောင်၏မျက်လုံးများ တောက်ပသွားပြီး "မင်းက နာမည်နဲ့လိုက်တဲ့ မိန်းမလှလေးပဲ ခေတ်ပုံတွေထဲထက်တောင် ပိုလှတယ်။ ပိုပြီးအရေးကြီးတာက မစ္စဇီရဲ့ စိတ်နေစိတ်ထားက အရမ်းကောင်းတယ်။ အဲဒါက အရမ်းရှားတယ်"

"ကျေးဇူးပါ" ဇီယန်က အသာခေါင်းညိတ်ပြ၏။

"ငါတကယ်ပြောတာပါ။ မစ္စဇီ ဒီမှာ အလုပ်ကိစ္စအကြောင်းပြောဖို့ မသင့်တော်ပေမယ့် မကြာခင်မှာ ယွမ်သန်း ၈၀ ရင်းနှီးမြှုပ်နှံထားတဲ့ ရုပ်ရှင်တစ်ကားရိုက်ဖို့

ပြင်ဆင်နေတယ်ဆိုငါ ငါ မနေနိုင် ပြောလိုက်ချင်တယ်။ သမိုင်းခေတ်ကို အခြေခံထားတော့ မစ္စဇီက တစ်ချို့အခန်းတွေမှာ ကောင်းကောင်းလိုက်ဖက်မယ်လို့ ထင်ပါတယ်။ မင်းရဲ့လက်ရှိ အချိန်ဇယားက ဘယ်လိုလဲ ငါတို့နဲ့အတူ လက်တွဲလုပ်နိုင်မလား" ဝေ့ချောင်က ရိုးရိုးသားသားကြည့်သည်။

သို့သော် သူ၏မျက်လုံးထောင့်မှာ လင်းကျဲ၏အမူအရာကို အကဲခတ်နေခဲ့သည်။ သူပြောသမျှအားလုံးမှာ စကားချည်းသက်သက်သာဖြစ်ပြီး ဇာတ်ကားတစ်ကားရိုက်မည်မှန်သော်လည်း ၎င်းသည် ယွမ်သန်း ၃၀ သာရှိသည်။ ထို့ပြင် အမျိုးသမီးဇာတ်တောင်မှ ဇာတ်ပို့များအထိ အားလုံး၏နေရာများကို အတည်ပြုထားပြီးဖြစ်လေသည်။

၎င်းက စကားလုံးများသာဖြစ်ကာ ဇီယန် လက်ခံလိုက်သည်ဆိုလျှင်ပင် သူမအနေနှင့်

တစ်စိတ်တစ်ပိုင်းရရှိနိုင်မည်မဟုတ်သလို ကြီးမားသည့် ဆုံးရှုံးမှုနှင့်ပင် ရင်ဆိုင်ရနိုင်သည်။

ပြောနေရင်းဖြင့် ဝေ့ချောင်မှာ စိတ်မသက်မသာခံစားလိုက်ရသည်။ သူသည် လိမ်ညာပြောရသည့် နည်းလမ်းများကို မနှစ်သက်ချေ။ သို့သော် သခင်လေးလင်းသည် ရင်းနှီးမြှုပ်နှံသူများထဲမှ တစ်ယောက်ဖြစ်၍ သူ့အား မလွှန်ဆန်နိုင်ချေ။ ထို့ကြောင့် ဝေ့ချောင်သည် သူ့အတွက် လုပ်ပေးရန်သာ ရှိလေသည်။

ဝေ့ချောင်၏မေးခွန်းအတွက် ကျိုးဖေးသည် ဤကိစ္စများအား အစ်မယန်ကိုယ်တိုင် အမြဲဆုံးဖြတ်သည့်အတွက် ဘာမှ ဝင်မပြောချေ။

ဇီယန် တိတ်ဆိတ်နေလိုက်၏။ ခဏအကြာတွင် သူမက ခေါင်းယမ်းကာ "မင်းရဲ့ကြင်နာမှုအတွက် ကျေးဇူးပါ မစ္စတာဝေ့။ ဒါပေမယ့် ကျွန်မမှာ အချိန်မရှိနိုင်ဘူး။ ဒီနေ့အစီအစဉ်ကို ရိုက်ကူးပြီးတာနဲ့

ဟောင်ကောင်ကိုပြန်ရမယ်။ မစ္စတာဝေ့က ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုရင် တော်ဝင်အန်တာတိတ်မန့်ကို ဆက်သွယ်နိုင်ပါတယ်"

"စိတ်မကောင်းစရာပဲ" ဝေ့ချောင်က ခေါင်းယမ်းကာ စိတ်မကောင်းသည့်ဟန်ဖြင့်ကြည့်သည်။ သူသည် ခေါင်းယမ်းကာ လက်လျှော့တော့မည့်အချိန်တွင် လင်းကျဲက သူ့အား စူးစူးရဲရဲစိုက်ကြည့်လိုက်၏။ ထိုနောက် သူက ဇီယန်အား မျက်လုံးမှေး၍ ကြည့်ကာ ဆိုသည်။ "ဒါဆို ငါ တော်ဝင်အန်တာတိတ်မန့်ကို ဆက်သွယ်လိုက်ပါ့မယ်။ မစ္စဇီက ငါ့ဇာတ်ကားထဲက နေရာတစ်ခုအတွက် အရမ်းကို သင့်တော်နေတယ်"

တီဗီဌာနကို ရောက်ရှိပြီး ကားထဲမှ ထွက်လာပြီးနောက် ဝေ့ချောင်က ဇီယန်အား ပြောလိုက်ခြင်းဖြစ်သည်။ သူသည် ဤထက်ပို၍ ရိုးသားသည့်ဟန် မပေါက်နိုင်တော့ချေ။

သူပြောသည်ကိုကြားသည့်အခါ ဇီယန် စိတ်ရှုပ်ထွေးသွား၏။ အမှန်တကယ် သူမနှင့်လိုက်ဖက်သည့် နေရာတစ်ခုရှိနေသည့်ပုံပင်။ ဤသို့ဆိုလျှင် သူမအတွက် အခွင့်အရေးတစ်ခုဖြစ်၏။

သို့သော် ဇီယန်က သူ့အား တန်း၍ လက်မခံလိုက်ချင်ပေ။ ထိုအစား ယနေ့အစီအစဉ်ကို ရိုက်ကူးပြီးနောက် ဟောင်ကောင်သို့ ပြန်ကာ အခြားအစီအစဉ်အချို့ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် သူမ၏စိတ်ကူးကို သူမ အကောင်အထည်ဖော်ရန် မဖြစ်နိုင်ခဲ့ချေ။ နေ့လည် ၂ နာရီ ၃ဝ တွင် အစီအစဉ်အား စတင်ရိုက်ကူး၏။ အမှတ်မထင်ဖြင့် ရိုက်ကူးရေးချိန်တွင် ဟို့တ်ဖြစ်သူမှ ရုတ်တရက် ဗိုက်ကိုကိုင်ကာ ရိုက်ကွင်းနေရာမှ ထွက်သွားခဲ့သည်။ ခဏအကြာတွင် ဟို့တ်မှာ ဆေးရုံသွားရမည်ဖြစ်၍ အစီအစဉ်ကို နှစ်ရက်ခန့် ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းထွက်လာလေသည်။

ဇီယန်က ကျန်းဟန်အား ထိုအကြောင်း ပြောပြခဲ့ပြီး မုန့်မုန့်မှာ ဖုန်းပြောရင်း မပျော်ရွှင်တော့ကြောင်း သူမ ရှင်းရှင်းလင်းလင်း နားလည်လိုက်သည်။ ၎င်းက ဇီယန်အား စိုးရိမ်စေခဲ့သည်။

"မစ္စဇီ ငါတကယ်စိတ်မကောင်းပါဘူး။ ဟိုတ်က နေပြန်ကောင်းဖို့ နှစ်ရက်လောက် ကုသမှုခံရမယ်။ သန်ဘက်ခါမှ ဆေးရုံဆေးနိုင်မှာ" ကျားဒုန်က စိတ်မကောင်းစွာ ပြောသည်။

"ရပါတယ်" ဇီယန်က အသာခေါင်းယမ်းပြလိုက်၏။

"ငါ မင်းတို့ကို ဟိုတယ် အရင်ပြန်ပို့ခိုင်းပြီး မနက်ဖြန်ကျရင် မင်းအတွက် သက်တော်စောင့်တွေစီစဉ်ပေးပါမယ်။ မင်းအပြင်ထွက်တဲ့အခါ သူတို့က လုံခြုံရေးကို ဂရုစိုက်ပေးပါလိမ့်မယ်" ကျားဒုန်က ဇီယန်အား ပြောကာ စတူဒီယိုမှ ထွက်လာခဲ့သည်။

သို့သော် သူတို့ထွက်လာပြီးနောက်တွင် စတူဒီယိုရှေ့၌ ဝတ်ကောင်းစားလှဖြင့် နှင်းဆီပန်းစည်းကို ကိုင်ဆောင်ထားသော လင်းကျဲကို တွေ့လိုက်ရသည်။

သူတို့ထွက်လာသည်ကို မြင်သည့်အခါ လင်းကျဲက ပြုံး၍ လျှောက်လာ၏။

“ဧယန် ဒီပန်းလှလှလေးတွေက မင်းအတွက်ပါ။ မင်းကြိုက်မယ်လို့ ငါမျှော်လင့်ပါတယ်။ ငါနဲ့ ညစာအတူစားနိုင်မလား”

...

-အပိုင်း(၂၃၂) ပြီး

wunzinnosp

## အပိုင်း(၂၃၃) နှင်းဆီပန်းမကြိုက်ဘူးလား

ထိုအချိန်တွင် ဖြတ်သွားဖြတ်လာများက ရပ်ကာကြည့်ရင်း ချီးကြူးပြောဆိုကြသည်။

“ဝိုး..သူက သူမကို လိုက်ဖို့ကြိုးစားနေတာလား”

“မသိဘူး။ ဒါပေမယ့် အဲဒီမိန်းကလေးက အရမ်းလှတယ်”

“ကောင်လေးက ဘယ်လောင်တောင်ကြည့်ကောင်းလိုက်လဲ။ ပုံမှန်နေ့မှာတောင် သူက သူမကို ပန်းပို့ပေးတယ်။ ငါ့ရည်းစားဆို တစ်ခါမှ ငါ့ဆီပန်းမပို့ဖူးဘူး”

“…”

လူအုပ်ထဲမှ လူတချို့က ပို၍ပြတ်သားကျယ်လောင်စွာပြောသည်။ လင်းကျဲအားအကြိမ်အနည်းငယ် စိုက်ကြည့်ပြီးနောက် နောက်ဆုံးတွင် သူတို့သည် သူမည်သူဖြစ်သည်ကို သိရှိသွားကာ အံ့အားသင့်သွားကြ၏။။

"ဘုရားရေ အဲဒါ လင်းမိသားစုက သခင်လေးလင်းမဟုတ်လား"

"ဟုတ်တယ် သူပဲ။ သခင်လေးလင်းကို ဒီနေ့တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ သခင်လေးလင်းက မိန်းကလေးတစ်ယောက်ကို နှင်းဆီပန်းပေးတာ ဒါပထမဆုံးလို့ ငါကြားတယ်"

"ဝိုး...အဲဒီမိန်းကလေးက ဘယ်သူလဲ။ သခင်လေးလင်းက သူမကို သဘောကျတယ်ဆိုတော့ သူမက အရမ်းကောင်းမွန်တဲ့အနာဂတ်ကို ရမှာပဲ"

"..."

ပတ်ဝန်းကျင်မှလူများက ထိုအကြောင်းကို ကျယ်လောင်စွာ ပြောကြသည်။ ဇီယန်အား အလွန်မနာလိုအားကျသည့် မိန်ကလေးများပင် ရှိလေသည်။ သခင်လေးလင်း၏မျက်နှာသာပေးမှုကို ရနိုင်လျှင်

လူကုံထံအသိုင်းအဝင်းသို့ ဝင်ရောက်ခွင့်ရှိပေသည်။ မည်သူက ချမ်းသာကြွယ်ဝသည့် ဘဝကို မလိုချင်ဘဲ နေပါမည်နည်း။

သို့သော် လင်းကျဲသည် ဗီယန်၏မျက်လုံးများမှာ နေကာမျက်မှန်အောက်တွင် ကွယ်ဝှက်ထားသည့်အတွက် သူမ၏မျက်လုံးများကို မမြင်နိုင်ပေ။ ထို့ကြောင့် သူက စဉ်းစားက ထပ်ပြောသည်။

"ဒါက ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး။ မင်းဘယ်လိုပန်းမျိုးကြိုက်လဲမသိတော့ ငါ့ရဲ့ခံစားချက်ကို ဖော်ပြဖို့ နှင်းဆီပန်းတွေကို ရွေးလိုက်တာ။ မင်း ငါနဲ့ ညစာအတူစားဖို့ မျှော်လင့်ပါတယ်။ မင်း ငါ့ကို မယုံကြည်ဘူးဆိုရင် မစ္စကျိုးလည်း ငါတို့နဲ့အတူ လိုက်လို့ရပါတယ်"

လင်းကျဲက သူမအား တိုက်ရိုက်လိုက်ရန် မဖြစ်နိုင်သော်လည်း သူမသည် သူမ၏လက်ရှိအခြေအနေကို စဉ်းစားကာ သူနှင့်ည စားအတူစားရန် သဘောတူပေလိမ့်မည်။

သို့သော် သူ အထင်မှားခဲ့ပေသည်။

သူ၏ပြုံးနေသည့်မျက်လုံးများဖြင့် ရင်ဆိုင်ရသည့်ပင် ဗီယန်က ပွင့်လင်းစွာ ပြန်ဖြေသည်။

“စိတ်မကောင်းပါဘူး။ ကျွန်မ နှင်းဆီပန်းမကြိုက်ဘူး။ ဟိုတယ်ကို ပြန်ရောက်ရင် အလုပ်ကိစ္စလေးရှိသေးတယ်။ ဒါကြောင့် သခင်လေးလင်းနဲ့ မလိုက်နိုင်ပါဘူး။ ကျေးဇူးပြုပြီး ပြန်သွားလိုက်ပါ”

ဟမ်…

လင်းကျဲ၏မျက်နှာပေါ်မှ အပြုံးသည် မှေးမှိန်သွား၏။

သူ၏မျက်နှာမှာ အငြင်းခံရသည့်အတွက် အနည်းငယ် မကျေမနပ်ဖြစ်နေခဲ့သည်။ ဗီယန်က ပြောပြီးနောက်တွင် လင်းကျဲသည် ကျားဒုန်အား လှမ်းကြည့်လိုက်၏။

ဤအချိန်တွင် ကျားဒုန်သည် သူ့အား မည်သို့ လွှန်ဆန်နိုင်ပါမည်နည်း။ သူက ခါးသီးစွာ ရယ်မောလိုက်ပြီး

"အင်း...ငါ စီစဉ်ပေးမယ့်လူက ဒီမှာ မရှိဘူးထင်တယ်။ အစ်ကိုလင်း မင်း ဇီယန်ကို ဟိုတယ်ပြန်ပို့ပေးဖို့ ကူညီပေးနိုင်မလား"

ထိုစကားကို ကြားပြီးနောက် လင်းကဲ့၏မျက်လုံးများတွင် ကျေနပ်မှုအရိပ်အယောင်များ ပေါ်လာသည်။ သူက တစ်စုံတစ်ရာ ပြောခါနီးတွင် ကျိုးဖေးက ပြန်ပြောလေသည်။

"ဒါဆို သခင်လေးလေး စိတ်မပူပါနဲ့။ ဟိုတယ်က ဒီကနေ ခုနစ်မိနစ် ရှစ်မိနစ်လောက်ပဲ လမ်းလျှောက်ရတာ။ အစ်မယန်နဲ့ငါ ဟိုတယ်ကို လမ်းလျှောက်ပြန်လိုက်ပါ့မယ်"

"ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ" ကျားဒုန်က အမြန်ပြောသည်။

"ကိစ္စမရှိပါဘူး။ ကျွန်မ ခဏလောက် လမ်းလျှောက်သွားလိုက်ပါမယ်" ဇီယန်က ပြောသည်။ "သခင်လေးလင်း သခင်လေးကျား ကျွန်မတို့ သွားပါတော့မယ်"

ပြောပြီးသည်နှင့် ဇီယန်က ဦးဆောင်ကာ အပြင်ထွက်လာခဲ့သည်။

လင်းကျဲမှာ အပြုံးမပျက်ဖြင့် ခေါင်းယမ်းလိုက်သည်။ သူသည် လက်ကို ဝှေ့ယမ်းကာ နောက်ဘက်ရှိ Roll Royce ၏ ယာဉ်မောင်းခုံနားတွင် ရပ်နေသည့်သူကို လှမ်းပြောလိုက်သည်။ "နန်တျန် မစ္စဇီကို ဟိုတယ်ပြန်ပို့ပေးလိုက်ပါ။ သတင်းထောက်တွေ မနှောင့်ယှက်စေနဲ့"

"ဟုတ်ကဲ့ပါ"

ဆံပင်တိုတိုနှင့် ယာဉ်မောင်းက ခေါင်းညိတ်ကာ သူ၏လူရှစ်ယောက်နှင့်အတူ ထွက်သွားခဲ့သည်။ သူတို့သည် ဇီယန်နောက်သို့လိုက်သွားကာ ပြန်ပို့ပေးလိုက်ကြသည်။

၎င်းကိုမြင်သည့်အခါ ကျားဒုန်ခေါင်းယမ်းလိုက်ပြီး နန်တျန်၏နောက်ကျောအား စိုက်ကြည့်နေ၏။ သူ၏သက်တော်စောင့်ရော ကားမောင်းသမားပါဖြစ်သည့်

နန်တျန်သည်
စစ်မှန်သည့်ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်း
သူသိသည်။

သူတို့၏အသိုင်းအဝိုင်းတွင် တစ်ခါတစ်ရံ သက်တော်စောင့်တစ်ဦး၏အရည်အချင်းက သူ၏အဆင့်အတန်းကို သွယ်ဝိုက်ဖော်ပြနိုင်၏။ အချို့သောသူများမှာ သာမန်သက်တော်စောင့်များသာ ငှားရပ်းနိုင်ကြပြီး အချို့မှာ အထူးတပ်ဖွဲ့မှ အငြိမ်းစားယူခဲ့သည့်သူများနှင့် လုံခြုံရေးကုမ္ပဏီများမှ လူများကဲ့သို့ စစ်မှန်သည့်ကျွမ်းကျင်သူများကို ငှားရမ်းကြသည်။ သို့သော် လင်းကျဲကဲ့သို့သော အဆင့်အတန်းမြင့်မားသူများမှာ အဆင့်မြင့်ကျွမ်းကျင်သူများကိုသာ ငှားရမ်းကြသည်။

သူတို့ကား...သိုင်းလောကမှ သိုင်းသမားများပင်ဖြစ်ပေသည်။

ကျားဒုန်သည် သိုင်းပညာရှင်များအကြောင်းကို ကြားဖူး၏။ အချို့သော နာမည်ကြီးလူချမ်းသာများမှာ ထိုသို့သော သက်တော်စောင့်များရှိကြောင်း သူသိ၏။ အကယ်၍ တစ်စုံတစ်ယောက်က ထိုအဆင့်မှ သက်တော်စောင့်ကို ငှားရမ်းနိုင်လျှင် သူသည် လူကုံထံအသိုင်းအဝိုင်းမှဖြစ်ကြောင်း ပြသနေလေသည်။

လင်းကျဲသည် ဇီယန်၏နောက်ကျောက်ကို ကြည့်ရင်း ခပ်ရေးရေးပြုံးလိုက်၏။ သူ၏ရှေ့မှ ပန်းများကို လွှင့်ပစ်လိုက်ပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒါက ပိုပြီး စိတ်ဝင်စားဖို့ကောင်းလာပြီ။ ဒီတော့ မင်းနဲ့အတူ ဒီဂိမ်းကို ငါ ဖြည်းဖြည်းချင်း ကစားပေးမယ်။ မင်းဘယ်လောက် ကြာကြာတောင့်ခံနိုင်မလဲ ကြည့်တာပေါ့ ဟားဟားဟား..."

ထိုနောက် သူ၏အိတ်ကပ်ထဲမှ ဖုန်းကို ထုတ်ကာ ဟောင်ကောင်နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။

တစ်ချိန်တည်းမှာပင် လဆန်းတောင်အနီး ကမ်းခြေတွင် သုံးရက်ကျော်လေ့ကျင့်ပြီးနောက် ရလဒ်များ တဖြည်းဖြည်းထွက်ပေါ်လာခဲ့သည်။

"ဟားဟား...၅၂၀ ကီလို။ ငါလည်း အောင်မြင်သွားပြီကွ"

လူအများအပြားမှာ ဒိုင်နမိုမီတာရှေ့တွင် သူတို့၏ခွန်အားကို စမ်းသပ်နေကြသည်။

ရှုရုံ၏စမ်းသပ်မှု ရလဒ်မှာ ၅၂၆ ကီလိုဂရမ် ဖြစ်ပြီး ပထမဆုံးစမ်းသပ်သူဖြစ်သည်။ ဒုတိယလူမှာ ၅၁၂ ကီလိုဂရမ် ရလဒ်ဖြင့် မုံ့ကြီးဖြစ်၏။

ခွန်အား ၅၂၀ ကီလိုရှိသည့် အားဟူမှာ ယခုလေးတင် ရယ်မောလိုက်ခြင်းဖြစ်သည်။

သူ၏နောက်တွင် ခွန်အား ၄၇၀ ကီလိုကျော်ရှိသည့် ယောက်ျားလေး ၁၂ ယောက်ရှိသည်။ ကျန် ယောက်ျားလေးများ၏ခွန်အားမှာ ၃၈၀ မှ ၄၅၀ ကီလို

အထိရှိကြ၏။ မိန်းကလေးခြောက်ယောက်မှာမူ လေ့ကျင့်မှုအပြီး၌ ၎င်းတို့၏ခွန်အားမှာ ၃၀၀ ကီလိုကျော်သာရှိသေးသည်။

မှန်ပေသည်။ ဤသည်က သူတို့၏ကြွက်သားခွန်အားကို ပြောခြင်းမဟုတ်ဘဲ သူတို့၏ ညာလက်သီးပြင်းအားကို ဆိုခြင်းဖြစ်သည်။

သာမန်လူတစ်ယောက်၏ညာလက်သီးပြင်းအားမှာ ကီလို ၁၀၀ မှ ၁၅၀ အထိသာ ရှိနိုင်ပေသည်။

ယခင်က ညာလက်သီးဖြင့် အမြင့်ဆုံးလက်သီးချက် ကီလို ၈၀၀ ကျော်အထိ ရှိသော နာမည်ကြီး လက်ဝှေ့ချန်ပီယံတစ်ယောက်ရှိခဲ့ဖူးကာ နွားတစ်ကောင်အား အလဲထိုးနိုင်ရန် လုံလောက်ပေသည်။ ဆိုလိုသည်မှာ သူ၏လက်သီးခွန်အားသာဖြစ်ပြီး ကြွက်သားခွန်အားမှာ ကီလို ၂၂၀ ကျော်သာရှိပေသည်။

"ကဲအားလုံးပဲ ကန်ကျွမ်းလေ့ကျင့်မှုကို စပြီး လေ့ကျင်ကြမယ်" ကျောက်ဖုန်းက ခေါင်းညိတ်ကာ ပြောသည်။

"အစ်ကိုဖုန်း စမ်းသပ်ကြည့်ပါလား" အားဟူက စိတ်ဝင်စားစွာဖြင့် ပြောသည်။

"ဟုတ်တယ် အစ်ကိုဖန်း စမ်းကြည့်ပါ" ရှုရုံနှင့် အခြားသူများကလည်း ရယ်မောကာ တိုက်တွန်းကြသည်။

"ဒါဆိုလည်း စမ်းကြည့်တာပေါ့" ကျောက်ဖုန်းက ပြုံးကာ ဒိုင်နမိုမီတာဆီသို့ သွားလိုက်၏။

ဝုစ်...

ညာလက်သီးကို ရှိသဖြင့်ခွန်အားဖြင့် စိုက်ထုတ်က ထိုးချလိုက်သည်။

ဘုန်း...

ဘုန်းခနဲအသံတစ်ခုကြားလိုက်ရသော်လည်း စက်တစ်ခုလုံးမှာ တုန်ခါနေသည့်ဟန်ရ၏။ ထိုအချိန်တွင်

လူတိုင်းက နံပါတ်များကို စောင့်မျှော်ကြည့်နေကြရင်း ရင်တထိတ်ထိတ်ဖြစ်နေကြသည်။

"အိုး...ဘုရားရေ အစ်ကိုဖုန်း။ အဲဒါ...ကီလို ၁၈၀၀ တောင် ပေါ်နေတယ်"

"ဘုရားရေ ငါတို့ထက် ကီလို ၁၀၀၀ ကျော်တောင် ပိုတာပဲ။ အရမ်းအံ့ဩဖို့ကောင်းတယ်"

"အစ်ကိုဖုန်းက အရမ်းမိုက်တာပဲ"

လူတိုင်း စတင်ကာ အော်ဟစ်နေတော့သည်။

ကျောက်ဖုန်း သူတို့အား ကြည့်လိုက်၏။ သူက ခေါင်းကို ဖြည်းဖြည်းချင်းမော့ကာ လက်ကို ဝှေ့ယမ်းလိုက်ပြီး ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

"ဒါက ငါ့ရဲ့သိပ်မကြာခင်က လေ့ကျင့်မှုရလဒ်ပဲ။ မင်းတို့သာ ကြိုးကြိုးစားစားနဲ့ ကန်ကျွမ်းလေ့ကျင့်မှုကို

လေ့ကျင့်ရင် ရက်အနည်းငယ်အတွင်း ကီလို ၁၀၀၀ ကို ကျော်သွားမှာ”

“ဒါဆို ငါတို့ ဘာကို စောင့်နေတာလဲ။ စလိုက်ကြမယ်” အားဟူက စိတ်လှုပ်ရှားစွာပြောသည်။

ထိုသို့ဖြင့် ကျောက်ဖုန်း၏ညွှန်ကြားမှုအောက်တွင် လူတိုင်း စိတ်အားထက်သန်စွာဖြင့် လေ့ကျင့်ကြလေတော့သည်။

…

တော်ဝန်ဖျော်ဖြေရေးကုမ္ပဏီ မိန်ချီ၏ရုံးခန်းတွင်…

“ပေကျင်းမှာနေဖို့ သူတို့ကို ဘယ်သူပြောတာလဲ။ ဘာတွေဖြစ်နေတာလဲ။ ဘယ်လိုလုပ် တခြားအစီအစဉ်တစ်ခုမှာ သူတို့ပါသွားရတာလဲ” လီချန်းသည် သတင်းကိုကြားလိုက်ရပြီးနောက် စားပွဲကို လက်ဖြင့် ဒေါသတကြီးထုရိုက်ကာ ပြောသည်။

"နေ့လည်ကမှ ကျိုးဖေးဖုန်းဆက်တာ။ ဒီအစီအစဉ်ကို စီစီအိုရဲ့သား ကျားဒုန်က စီစဉ်ပေးတာလို့ပြောတယ်။ ဒီနေ့စပြီး ရိုက်ကူးပေမယ် ဟို့တ်က နေမကောင်းဖြစ်သွားလို့ ရပ်ဆိုင်းလိုက်ရတာဘ်။ ဒါကြောင့် သူတို့ ရိုက်ကူးရေးပြီးဖို့ ဆေးရုံကဆင်းတဲ့အထိ ရက်အနည်းငယ် ကြာလိမ့်မယ်" မိန်ချီက ခါးသီးစွာ ပြုံး၍ ပြောသည်။

ဇီယန်သည် ပေကျင်းကို သွားရင်း ဤကဲ့သို့ အခွင့်အရေးရလိမ့်မည်ဟု သူမ မမျှော်လင့်ထားချေ။ သူမသည် အလွန်ကံကောင်းသည်ဟု ခံစားလိုက်ရသည်။

လီချန်းသည် ဒိုင်သုံးယောက်အား သူ့အတွက် ကိစ္စများလုပ်ပေးရန် ငွေအမြောက်အများသုံးခဲ့သော်လည်း နောက်ဆုံးတွင် ဒိုင်သုံးယောက် အလုပ်ထုတ်ခံခဲ့ရသည်။ ပေျကင်းသို့ ရောက်သည့်အခါ လီချန်း နောက်ထ် အစီအစဉ်များ လုပ်ခဲ့သော်လည်း မမျှော်လင့်ထားသည်များဖြစ်လာခဲ့သည်။ ယခုတော့ ဇီယန်သည် မိုင်ဗွိုက်စ်အစီအစဉ်၏အဓိက ရှိုးတွင်

ပါဝင်ရတော့မည်ဖြစ်၏။ ဘုရားသခင်က ဇီယန်အား မျက်နှာသာပေးလွန်းသည်မဟုတ်ပါလား။

"ဘာလုပ်နေတာလဲ။ ကျိုးဖေးကို ချက်ချင်းဖုန်းဆက်ပြီး ဒီညပြန်လာဖို့ ပြောလိုက်။ သူတို့အတွက် အလုပ်ရှိတယ်လို့ ပြောလိုက်ရုံပဲ" လီချန်းက လက်ဝှေ့ယမ်းလိုက်သည်။

"ကောင်းပြီ"

လီချန်းစိတ်တိုနေသည့်အခါ မိန်ချီလည်း အလွန်နာခံပေသည်။ သူမသည် သူပြောသမျှ လုပ်မည်ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်တွင် သူမ ကျိုးဖေးအား တန်း၍ ဖုန်းခေါ်လိုက်၏။

"ကျိုးဖေး ငါ နင့်ကို ဘာမှမပြောပါဘူး။ ဒါပေမယ့် ဇီယန်က သူမပါဝင်မယ့် ရှိုးအကြောင်း ငါ့ကို ပြောဖို့ အစီအစဉ်မရှိဘူးလား။ နင်အခု ပိုပြီး နာမည်ကြီးလာတော့ ငါ့ကို လျစ်လျူရှုထားပြီးပေါ့။ ငါအခုပြောမယ်။ ဒီည

ဟောင်ကောင်ကို ချက်ချင်းပြန်လာခဲ့ပါ။ မနက်ဖြန် အရေးကြီးတဲ့အလုပ်ရှိ…”

ပြောနေရင်းဖြင့် မိန်ချီ၏မျက်လုံးများမှာ ရုတ်တရက် အေးခဲသွားသည်။ ရုတ်တရက် သူမထရပ်ကာ အသံတိတ်သွား၏။ “ဘာပြောတယ်။ ဖူရှန်းက အလုပ်ကိစ္စပြောဖို့ ရောက်နေတာလား။ နင်တို့ ပြန်လို့မရသေးလား။ အဲဒါ…အဲဒါဆို ပြီးရောလေ”

မိန်ချီ ဖုန်းချလိုက်၏။ သူမ အသက်ပြင်းပြင်းရှူကာ “သခင်လေးလီ ကိစ္စတွေက ပိုပြီး ရှုပ်ထွေးနေတယ်ထင်တယ်။ ဇီယန်ကလည်း ပြန်လာချင်ပေမယ့် လောလောဆယ် ပြန်မလာနိုင်သေးဘူး။ ဖူရှန်းက ဇီယန်နဲ့ အလုပ်ကိစ္စပြောဖို့ရှိတယ်ပြောတယ်”

“ဘယ်လိုဖြစ်နိုင်မှာလဲ” လီချန်း မတည်ငြိမ်နိုင်တော့ချေ။ သူ မတ်တပ်ထရပ်ကာ မှုန်ကုပ်သွား၏။

ဖူရှန်းသည် ရုပ်ရှင်နှင့် တီဗီဌာန၏ဒါရိုက်တာဖြစ်ပြီး ပုံမှန်အားဖြင့် ကုမ္ပဏီတွင် သူ၏အချိန်များကို ကုန်ဆုံးလေ့ရှိသည်။ သူက ဘယ်လိုလုပ် ပေကျင်းကို ကိုယ်တိုင်သွားရမှာလဲ။

"အဲဒါက သူဌေးဝူကိုယ်တိုင် ခိုင်းလိုက်တာပါ" မိန်ချီက အနည်းငယ် အားနည်းစွာပြောသည်။

"ဝူချန်းဒုန်လား" လီချန်း၏မျက်နှာမှာ အနည်းငယ် အံ့အားသင့်သွား၏။ အံကိုကြိတ်လိုက်ပြီး တံခါးဆီသို့လျှောက်သွားကာ ဒေါသတကြီးပြောလိုက်သည်။

"ငါသွားမေးကြည့်မယ်"

ဝူချန်းဒုန်သည် တော်ဝင်အန်တာတိတ်မန့်၏ စီအီးအိုဖြစ်ပြီး သူ၏ဖခင်နှင့် အလွန်ရင်းနှီးသည့် ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

ရာထူးအရဆိုလျှင် ဝူချန်းဒုန်သည် လီချန်း၏အထက်အရာရှိဖြစ်သည်။ အနေအထားမှာ ဝူချန်းဒုန်သည် သူ၏အဖေနှင့် အဆင့်တူဖြစ်၏။ ယခု သူ လှုပ်ရှားလိုက်သည့်အခါ လီချန်း၏စိတ်ထဲတွင် ဆိုးရွားသည့် ခံစားချက်တစ်ခုရှိနေသည်။

မိန်ချီ၏ရုံးခန်းမှ ထွက်လာပြီးနောက် သူသည် ဝူချန်းဒုန်၏ရုံးခန်းသို့ အမြန်သွားခဲ့သည်။ လီချန်း စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး တံခါးခေါက်လိုက်၏။

ဒေါက် ဒေါက် ဒေါက်

"ဝင်ခဲ့ပါ"

လီချန်း တံခါးဖွင့်ကာ ဝင်သွားသည်။

"ရှောင်ချန်းပါလား။ ထိုင်လေ" ဝူချန်းဒုန်က လီချန်းအား ခေါင်းညိတ်ပြ၏။

ဂူချန်းဒုန်သည် အသက် ၄၅ နှစ်အရွယ်ဖြစ်၏။ သူ၏မျက်လုံးများမှာ ကြီးမားကာ မျက်ခုံးထူးထူးဖြင့် ပါးပြင်တွင် အမှတ်တချို့ရှိ၏။ သူသည် ဝတ်စုံပြည့်ဝတ်ဆင်ထားပြီး စီအီးအိုတစ်ယောက်၏ထူးခြားသော လက္ခဏာကို ပိုင်ဆိုင်ထားသည်။

"ဘာကိစ္စရှိလို့လဲ" ဂူချန်းဒုန်က တိုက်ရိုက်ပေးသည်။

"ကိစ္စက ဒီလိုပါ" လီချန်းက စဉ်းစားလိုက်ပြီး သူပြင်ဆင်ထားသည့် စကားများကို ပြောလိုက်သည်။ "အဲဒါက ဇီယန်ကိစ္စပါ။ သူမက မိန်ချီရဲ့လက်အောက်ကမဟုတ်လား။ ပြီးခဲ့တဲ့ရက်က မိန်ချီ သူမအတွက် စီစဉ်ပေးခဲ့...."

"မင်းဘာမှ ပြောဖို့မလိုတော့ဘူး" ဂူချန်းဒုန်က သူ့အား ကြားဖြတ်လိုက်ပြီး "သူမက ပေကျင်းမှာ တစ်လနှစ်လလောက်နေလိမ့်မယ်။ ဒီထက် ပိုကြာရင် ကြာနိုင်တယ်"

"ဒါပေမယ့်...ဘာဖြစ်လို့လဲ" လီချန်းအနည်းငယ် တည်ငြိမ်မှုပျောက်သွားပြီး မျက်မှောင်ကြုတ်လိုက်၏။

"ဟားဟားဟား..." ဝူချန်းဒုန်က ပြုံးကာ ခေါင်းယမ်းလိုက်၏။ သူက ထရပ်ကာ လီချန်းထံလျှောက်သွားကာ ပုခုံးပေါ်သို့ ပုတ်၍ "ဇီယန်က တကယ်လှပတဲ့ မိန်းကလေးပါ။ ယောက်ျားကောင်းတစ်ယောက်အနေနဲ့ မိန်းမလှလေးကို လက်ထပ်ချင်တာကို ငါနားလည်ပါတယ်။ ဒါပေမယ့် ငါ့အမြင်အရတော့ တစ်ခါတစ်လေ အချိန်ယူရမှာပဲ။ လောလောဆယ်တော့ မင်း ဇီယန်အကြောင်း မစဉ်းစားနဲ့ဦး"

"ဦးလေးဝူ ကျွန်တော့်ကို ပြောပြပါ" လီချန်းမှာ အနည်းငယ် မယုံနိုင်ဖြစ်နေသည်။

ဝူချန်းဒုန်က သူ့အား ကြည့်ကာ ခပ်ရေးရေးပြုံးလိုက်ပြီး ဖြည်းညှင်းစွာ ပြောလိုက်၏။ "မင်း ပေကျင်းက လင်းကျဲအကြောင်း ကြားဖူးလား"

…

-အပိုင်း(၂၃၃) ပြီး

wunzinnosp

## အပိုင်း(၂၃၄) ကိုယ်မင်းကိုလာခေါ်မယ်

“ဘယ် လင်းကျဲလဲ” လီချန်းအနည်းငယ် ခေါင်းရှုပ်သွားပြီး သံသယဖြင့် မေးလိုက်သည်။

“ပေကျောင်းမှာ လင်း မျိုးရိုးနဲ့ခေါ်နိုင်တာ လူနည်းနည်းပဲရှိတယ်။ အဲဒီနာမည်က လူဘယ်နှယောက်ရှိမယ်လို့ မင်းထင်လဲ” ဝူချန်းဒုန်က ပြုံးကာ ပြောသည်။

ထိုစကားကို ကြားလိုက်ရသည့်အခါ လီချန်း တစ်စုံတစ်ရာအား တွေးမိသွားပုံရသည်။ သူ၏အမူအရာမှာ အနည်းငယ် တောင့်တင်းသွားပြီး အော်လိုက်မိသည်။

"ပေကျောင်းက လင်းလး။ လင်းမိသားစုရဲ့ အကြီးဆုံးသား လင်းကျဲလား။ ပေကျောင်းရဲ့ နာမည်ကြီးသခင်လေး လေးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ လင်းကျဲ"

"အမှန်ပဲ" ဝူချန်းဒုန်က ခေါင်းညိတ်သည်။

"ဒါက…" လီချန်း အနည်းငယ် ဖျော့တော့သွား၏။

သူ၏ရင်ထဲတွင် နာကျင်သွား၏။ သူ၏အမြင်တွင် ဇီယန်မှာ သူ၏အပိုင်ဖြစ်သည်။ သို့သော် ယခု သူမအား လင်းကျဲက မျက်စိကျနေသည့်အတွက် သူ့တွင်အခွင့်အရေးမရှိတော့ ဟုဆိုလိုပေ၏။

"ဒါဆို ဇီယန်က လောလောဆယ် ပြန်မလာနိုင်သေးဘူးပေါ့"

"ယေဘူယျအားဖြင့်တော့ အမှန်ပဲ" ဝူချန်းဒုန်က ခေါင်းကို အနည်းငယ်ခါယမ်းသည်။ "သူမက ခေါင်းမာလွန်းနေလို့ပါ။ သူမသာ ဆုံးဖြတ်ချက်ချပြီးင် စောစောပြန်လာနိုင်ပါတယ်။

ဒါပေမယ့် ဒါက လင်းကျဲအပေါ် မူတည်တယ်။ သူ့အတွက် လိုအပ်တဲ့အရာရှိလို့ လင်းကျဲက ငါ့ကို ခေါ်လိုက်တာပဲ။ ဒါကြောင့် အနာဂတ်မှာ ငါ သူနဲ့ ပူးပေါင်းနိုင်ပြီးတော့....”

ဝူချန်းဒုန်က ခဏလောက်စဉ်းစားကာ လီချန်း၏ပုခုံးအားပုတ်လိုက်သည်။ “တစ်ခါတစ်လေ မိန်းမလှဆိုတာ ကစားစရာတစ်ခုပါပဲ။ မင်းငြီးငွေ့လာရင် ကစားစရာအသစ်ရှာမယ်။ ဒါပေမယ့် လူတစ်ယောက် မလိုချင်တော့တာနဲ့ နောက်တစ်ယောက် မရနိုင်ဘူးဆို့ မပြောပါဘူး. ငါပြောချင်တာကို မင်းသိတယ်မလား”

“ဟုတ်ကဲ့ ဦးလေးဝူ ကျွန်တော် အရင်ပြန်လိုက်ဦးမယ်”

လီချန်းသည် စိတ်ဓာတ်ကျသည့်အမူအရာဖြင့် ထွက်သွားသည်။

သူသည် အလွန်စိတ်မကောင်းဖြစ်နေသော်လည်း သူ၏အဆင့်အတန်းသည် လင်းကျဲနှင့် မယှဉ်နိုင်ပေ။

သို့သော်…လိုက်နာရမည့်စည်းမျဉ်းများရှိသလို တန်ပြန်တုံ့ပြန်မှုများလည်း ရှိပေသည်။

လီချန်း ခတ်လှေကားဖြင့် ဆင်းကား ကုမ္ပဏီမှ ထွက်လာခဲ့သည်။ ကားပေါ်သို့ရောက်သည့်အခါ သူ ဇီယန်အား ဖုန်းဆက်လိုက်၏။

နှစ်မိနစ်ခန့်ကြာသည့်အခါ ဇီယန်ဖုန်းချလိုက်သည်။

သူမရှေ့ရှိ ကျိုးဖေးအား တစ်ချက်ကြည့်ရင်း မျက်လုံးပင့်လိုက်သည်။

ဤအချိန်တွင် လင်းကျဲ ဘာတွေးနေမှန်း သူမ မည်သို့ သိနိုင်ပါမည်နည်း။

ယခုလေးတင် ဖူရှန်းသည် သူ့ပေကျောင်းသို့ လာပြီး ဝေ့ချောင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စပြောမည့်အကြောင်း ဖုန်းဆက်ပြောခဲ့သည်။

ထိုထက် ပို၍ အရေးကြီးသည်မှာ အခန်းရှေ့တွင် သတင်းထောက်များကြောင့် လင်းကျဲ၏ သက်တောင်စောင့်များက စောင့်နေခဲ့သည်။ သူတို့သည် အချိန်မရွေး အမိန့်နာခံကာ ဇီယန်အား ကာကွယ်ပေးမည်ဟု ခံစားရစေသည်။

"ငါတို့ ဘာလုပ်ကြမလဲ။ ဖူရှန်းကိုယ်တိုင် ဒီကိုလပြီး စာချုပ်ကိစ္စပြောမှာ သေချာတယ်" ကျိုးဖေးက ခဏလောက် စဉ်းစားကာ ပြောသည်။

"ငါဆုံးဖြတ်ပြီးပြီ။ သူနဲ့ ရုပ်ရှင်ကိစ္စ စာချုပ်ကို ပြောမှာမဟုတ်ဘူး။ မနက်ဖြန် အစီအစဉ်ပြီးတာနဲ့ ဟောင်ကောင်ကို ချက်ချင်းပြန်မယ်" ဇီယန်၏မျက်လုံးများပြောင်းလဲသွားပြီး အနည်းငယ် တင်းမာလာ၏။

အနည်းငယ် ဖျော့တော့သော်လည်း သူမသည် လင်းကျဲထံမှ ခြိမ်းခြောက်မှုကို ခံစားနေရသည်။

ကျန်းဟန် သူမအား ယခင်က ပြောခဲ့သည့်စကားများအတိုင်းပင် ဘာပဲဖြစ်ဖြစ် အစီအစဉ်အား ရိုက်ကူးပြီးသည်နှင့် ဟောင်ကောင်သို့ ပြန်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

သူတို့ပြောနေစဉ် တစ်စုံတစ်ယောက်က တံခါးလာခေါက်၏။

ကျိုးဖေး တံခါးသွားဖွင့်လိုက်ရာ နှင်းဆီပန်းများကို လက်ဖြင့် ဆုပ်ကိုင်ထားသည့် လင်းကျဲကို မြင်လိုက်ရသည်။ ပန်းရောင်နှင်းဆီပန်းများမှာ သာမန်အချိန်ဆိုလျှင် အလွန်လှပမည်ဖြစ်သော်လည်း ဇီယန် ၎င်းတို့အား မကြည့်ချင်ပေ။

"သခင်လေးလင်း"

"အင်း" လင်းကျဲက နှင်းဆီပန်းများကို စားပွဲပေါ်တင်ကာ

"မင်း ဘာမှမစားရသေးဘူးမလား။ ခြောက်နာရီထိုးခါနီးပြီ။ ညစာစားဖို့ အပြင်သွားကြမလား"

လင်းကျဲ၏ဖိတ်ကြားမှုကို ဇီယန် ခေါင်းခါ၍ ပြောလိုက်သည်။

"စိတ်မကောင်းပါဘူး သခင်လေးလင်း။ ကျွန်မနေ့လည်က အသံသွင်းပြီးတော့ နည်းနည်းပင်ပန်းနေလို့ ဟိုတယ်မှာပဲ အနားယူချင်တယ်။ သခင်လေးလင်းနဲ့ မလိုက်နိုင်ပါဘူး"

"ဒါဆို ကောင်းပါပြီ"

ကျိုးဖေးက လင်းကျဲအား တံခါးဖွင့်ပေးကာ အပြင်လိုက်ပို့ပေးလိုက်ပြီး "သခင်လေးလင်း ဂရုစိုက်ပါ" ဟု နှုတ်ဆက်လိုက်သည်။

နောက်တစ်နေ့တွင် လင်းကျဲ ပေါ်မလာသော်လည်း နေ့လည်ခင်းတွင် တစ်ယောက်ယောက်ဖြင့် ပန်းတစ်ပွင့် ပို့လိုက်၏။

မွန်းလွဲပိုင်းတွင် ဖူရှန်းသည် အဖော်နှစ်ယောက်နှင့်အတူရောက်လာပြီး အစီအစဉ်ကြောင်း ကျိုးဖေးကို မေးမြန်းခဲ့သည်။ နောက်နေ့ အစီစဉ်အား ရိုက်ကူးမည်ကို သိရသည့်အခါ သူတို့ ပြန်သွားကြသည်။

ဇီယန်နှင့် ကျိုးဖေးတို့ ဟိုတယ်တွင်သာ နေခဲ့ကြပြီး အပြင်မထွက်ခဲ့ချေ။

အခြားတစ်ဖက်ရှိ ကျန်းဟန်ရှိရာ စားသောက်ဆိုင်တွင် နေ့လည်သုံးနာရီ၌ စိတ်ဝင်စားဖွယ်ရာ တစ်ခုဖြစ်ပျက်ခဲ့သည်။

"မင်းက ဒီစားသောက်ဆိုင်ပိုင်ရှင်လား"

လူငယ်သုံးယောက်မှာ ရင်ကော့၍ ဝင်လာပြီး မျက်နှာသွယ်သွယ်ဖြင့် လူက ဦးဆောင်လာသည်။ သူသည် မောက်မာစွာ မေးလိုက်ခြင်းဖြစ်၏။

"အင်း" ကျန်းဟန် တုံးတိပြန်ဖြေသည်။

"ဟားဟား..." မျက်နှာသွယ်သွယ်လူက လှောင်ရယ်လိုက်ပြီး "ငါက အက်စ်လင်းစားသောက်ဆိုက်က စားဖိုမှူးပဲ။ ငါတို့ဆိုင်က ကြယ်နှစ်ပွင့် မီရှယ်လင်စားသောက်ဆိုင်။ မင်းရဲ့ဆိုင်နဲ့ပတ်သက်တဲ့ အစီစဉ်ကို ကြည့်ပြီးပြီ။ ဒါက ဝါဒဖြန့်ရုံသက်သက်ပဲ။ အပိုတွေပြောလွန်းတယ်။ မင်းက ဧည့်သည်တွေကို လိမ်ဖို့ကြိုးစားနေတာပြ။ ဒါကြောင့် ငါတို့ရဲ့ စားဖိုမှူးခေါင်းဆောင် လုချောင်က မနက်ဖြန် မင်းနဲ့ ပြိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ မင်း ရုပ်ပျက်ဆင်းပျက် မရှုံးစေဖို့ လုံလောက်အောင် အရည်အချင်းရှိမယ်ထင်ပါတယ်"

ပြောနေရင်းဖြင့် သူက စားပွဲပေါ်တွင် ဖိတ်စာတစ်စောင် တင်ကာ လှည့်ထွက်သွားလေသည်။

သို့သော် သူသာ နှစ်နာရီထက် စော၍ လာခဲ့ပြီး ဤသို့ပြုမူခဲ့ပါက စားသောက်ဆိုင်၏ပရိသတ်များက ဝေဖန်ပြစ်တင်ကြပေလိမ့်မည်။

"ဟားဟား..." ကျန်းဟန် ဖိတ်စာကို ကောက်ယူလိုက်သော်လည်း နည်းနည်းလေးမှ စိတ်မဝင်စားပေသည်။ သူသည် လက်ညှိုးဖြင့် တောက်ကာ ဖိတ်စာအား အမှိုက်ပုံးထဲသို့ တစ်ခါတည်းပစ်ထည့်လိုက်၏။

"အာ...ဖေဖေ သူတို့က ဘာလာလုပ်တာလဲ" မုန့်မုန့်က အနည်းငယ် ပဟေဠိဖြစ်ကာ မေးသည်။

"သူတို့ခေါင်းက နည်းနည်းမှားနေလို့ပါ..."

...

နောက်တစ်နေ့ နေ့လည်ပိုင်းတွင် ဓိယန်နှင့် ကျိုးဖေးသည် တီဗီအစီအစဉ်ရိုက်ကူးရန် ထပ်မံသွားခဲ့၏။

ထိုအချိန်၌ တံခါးဝတွင် လူ ၃၀ ကျော်ခန့် ပြေးလာကြသည်။ အားလုံးက အင်တာဗျူးရန် ကြိုးစားရင်း ဓာတ်ပုံရိုက်ခြင်း မိုက်ခရိုဖုန်းဖြင့် ထိုးပေးခြင်းများ ပြုကြသည်။

သို့သော် ဤတစ်ကြိမ်တွင် လာရောက်ရန် ငွားရမ်းထားသူများမှာ သတင်းထောက်များ မဟုတ်ကြပေ။

ကံကောင်းစွာဖြင့် လင်းကဲ့စီစဉ်ပေးထားသည့် သက်တောင်စောင့်များက အလွန်ကျွမ်းကျင်ကြ၏။ သူတို့ကြောင့် ချောချောမောမောဖြင့် ကားပေါ်တက်နိုင်ခဲ့သည်။

တီဗီဌာနသို့ ရောက်သည့်အချိန်မှစ၍ ညနေ ၅ နာရီအထိ အစီအစဉ်ကို အောင်မြင်စွာ ရိုက်ကူးနိုင်ခဲ့သည်။ ဇီယန်က ညစာစားရန် ဖိတ်သည်ကို ငြင်းဆန်ခဲ့ပြီး ဟိုတယ်သို့ ပြန်လာခဲ့သည်။ ပြန်ရောက်သည့်အခါ ကျိုးဖေးကို ထိုနေ့ညနေ လေယာဉ်လက်မှတ်မှာရန် ညွှန်ကြားထား၏။ ကျန်းဟန်အား သူမ အကြောင်းမကြားမီမှာပင် ဖူရှင်း ရောက်ရှိလာသည်။

"ဇီယန် အဆင်သင့်ပြင်ထားပါ။ ခုနှစ်နာရီကျင်ရင် ဒါရိုက်တာဝေ့၊ သခင်လေးလင်းတို့နဲ့ ညစာစားရမယ်" ဖူရှန်းက တိုက်ရိုက်ပြောသည်။

"ညစာစားပွဲလား" ဇီယန်ခေါင်းယမ်းကာ "စိတ်မကောင်းပါဘူး။ ကျွန်မ ရှစ်နာရီလေယာဉ်ကို ဘိုကင်လုပ်ထားပြီးပြီ။ ကျွန်မတို့ ဟောင်ကောင်ပြန်တော့မယ်"

"မင်းဘာပြောတာလဲ" ဖူရှန်း၏မျက်နှာမှာ ရုတ်တရက် ခက်ထန်လာပြီး "မင်းရဲ့လက်မှတ်ကို ဖျက်လိုက်ပါ။ ငါမင်းကို ပြင်ဆင်ဖို့ နာရီဝက်အချိန်ပေးမယ်။ ၆ နာရီ ၃၀ ကျရင် ထွက်မယ်"

"ဒါရိုက်တာဖူ ရှင်ကိုယ်တိုင်ပဲ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စပြောလိုက်ပါ။ ကျွန်မ ဒီည ဟောင်ကောင်ကို ပြန်ရမယ်"

"ဟမ်..."

ဖူးရှန်းမျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ မင်းရဲ့အတောင်တွေက မာကျောနေပြီလား"

“ကျွန်မမှာ လွတ်လပ်ခွင့်ရှိတယ်။ ကျွန်မက ကုမ္ပဏီက သရုပ်ဆောင်တစ်ယောက်ပဲ။ အကျဉ်းသားမဟုတ်ဘူး”

“ဟားဟား...လွတ်လပ်မှုလား။ ဇီယန် မင်းက မင်းအနေအထားကို နားမလည်ဘူးလား။ မင်းက တတိယအဆင့်သရုပ်ဆောင်တစ်ယောက်ထက်တောင် အခြေအနေဆိုးနေပြီဆိုတာ မသိဘူးလား။ ကုမ္ပဏီက မင်းတိုးတက်ဖို့အတွက် အရင်းအမြစ်တစ်ချို့အသုံးပြုချင်ပေမယ့် မင်းက ကျေးဇူးမတင်ရုံမက ငြင်းတောင် ငြင်းလိုက်သေးတာလား”

“ကျွန်မမှာ ငြင်းခွင့်ရှိတယ်ထင်တယ်။ ဒါတွေက ကုမ္ပဏီက ကျွန်မကို ပေးတဲ့ အရင်းအမြစ်တွေတောင် မဟုတ်ဘူး။ ဒါရိုက်တာဖူ အသေးစိတ်အချက်တွေအားလုံးကို မသိလို့လား”

“ကောင်းပြီ။ မင်းက ဒီလောက် ခေါင်းမာလိမ့်မယ်လို့ မထင်ထားဘူး။ ဒါရိုက်တာဖြစ်တဲ့ငါ့ကိုတောင် မလေးစားဘူးလား၊ မင်းက ကုမ္ပဏီနဲ့

သုံးနှစ်စာချုပ်ချုပ်ထားတာကို မမေ့နဲ့။ မင်းရဲ့အခြေအနေကို မင်းနားလည်လား”

“ဒါဆိုလည်း လုပ်လိုက်ပါ” ဇီယန်က အေးစက်စက်ပြောသည်။

ဖူရှန်း အံ့အားသင့်သွား၏။ ဇီယန်၏တင်းမာသော သဘောထားကို သူမျှော်လင့်ထားပြီးဖြစ်သော်လည်း ၎င်းက သူ့အား ပို၍ ဒေါသထွက်စေသည်။ သို့သော် ယခုအချိန်တွင် သူသည် စကားများရန်ဖြစ်လိုခြင်းမရှိသလို သူမနှင့် လုံးဝ ကိစ္စပြတ်သွားရန်လည်း မလိုလားပေ။ ထို့ကြောင့် သူ၏လေသံကို လျှော့ကာ ပြောလိုက်သည်။

“ဇီယန် ငါမင်းကို ပြောလိုက်မယ်။ ဒီကိစ္စက ငါတို့အတွက် အရမ်းအရေးကြီးတယ်။ သူဌေးဝူကိုယ်တိုင် ငါ့ကို အမိန့်ပေးခဲ့တာ။ မဟုတ်ရင် ငါကိုယ်တိုင်လာမှာ မဟုတ်ဘူး။ မင်း ဒေါသကို ထုတ်ပြရမယ့် အချိန်မဟုတ်သေးဘူး။ သူဌေးဝူ

ဒေါသထွက်သွားရင် တော်ဝင်အန်တာတိတ်မန့်က ဘယ်သူမှ မင်းကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး”

၎င်းကို ကြားသည့်အခါ ဇီယန်အနည်းငယ် အံ့အားသင့်သွားသည်။ ဝူချန်းဒုန်၏အမိန့်ကြောင့် ဖူရှန်း ရောက်လာခြင်းဖြစ်မည်ဟု မထင်ထားချေ။ ဤသည်က သူဌေးဝူ၏အမိန့် ဟုတ်သလား တခြားတစ်ယောက်က သူ၏အခွင့်အာဏာကို အလွဲသုံးစားလုပ်သည်လား သူမ သေချာမသိချေ။

ကျိုးဖေးမှာ သည်းမခံနိုင်တော့ပေ။ ထိုအချိန်တွင် သူမ ထရပ်ကာ “ရှင်က ကျွန်မတို့ကို အတင်းအကြပ်ဖိအားပေးချင်တာနဲ့ သူဌေးဝူနာမည်ကို လာမသုံးနဲ့။ အဲဒါ အသုံးမဝင်ဘူးဆိုတာ သိသင့်တယ်။ ကျွန်မတို့ ဒီနေ့ပြန်မယ်။ ကေရာဇ်ကိုယ်တိုင် ရောက်လာရင်တောင် ကျွန်မတို့ပြန်မယ်။ ကျွန်မတို့…”

ကျိုးဖေး၏စကားကြောင့် ဖူရှန်း၏မျက်လုံးများ ပြူးကျယ်လာသည်။

သူတို့က ပုန်ကန်ချင်တာလား...

ဖူရှန်း ဒေါသမထိန်းနိုင်တော့ချေ။

ကျိုးဖေး၏စကားမဆုံးခင်မှာပင် ဇီယန်က ပြောလိုက်သည်။ "ဖေးဖေး ဘာမှမပြောနဲ့တော့။ နာရီဝက်နေရင် ချိန်းထားတဲ့နေရာကို ငါတို့သွားမယ်"

၎င်းကိုကြားသည့်အခါ ဒေါသထွက်တော့မည့် ဖူရှန်း တန့်သွားသည်။ "ဒါက မင်းအတွက် အခွင့်အရေးတစ်ခုပဲ။ မင်း ရေရှည်ကို မျှော်ကြည့်၍ရမယ်။ ငါ ဘေးခန်းမှာ ရှိတယ်။ မင်းအဆင်သင့်ဖြစ်ရင် ငါ့ကို ခေါ်လိုက်ပါ"

ထိုနောက် သူထွက်သွားလေသည်။

"အစ်မယန်..." ကျိုးဖေး မျက်မှောင်ကြုတ်ကာ "သူတို့က ငါတို့ကို သိသိသာသာကြီး အနိုင်ကျင့်နေတာပဲ"

"သူတို့က ညစာစားချင်မှတော့ သွားကြတာပေါ့။ သူတို့ ဘာလုပ်နိုင်လဲ ကြည့်မယ်" ဇီယန်က အေးစက်စွာပြောသည်။

ထိုသို့ဖြင့် ညစားစားပွဲသို့ သူမတို့ ရောက်ရှိသွားကြသည်။ လူရှစ်ယောက် ကိုးယောဦက်ခန့် ရှိလေသည်။ ဖူန်ရှန်းနှင်ပါလာသည့်နှစ်ဦးအပြင် ဝေ့ချောင်၏လူများလည်း ရှိသည်။ ဇီယန်၏အသွင်ပြင်ကို တွေ့မြင်ပြီးနောက် လူတိုင်းက သူမအား ချီးကျူးက အချို့သော နေရာများတွင် သူမနှင့် သင့်တော်ကြောင်း ပြောကြသည်။

ထုံးစံအတိုင်းပင် လင်းကျဲသည် ဇီယန်နှင့် စကားပြောရန် အခွင့်အရေးရှာနေသော်လည်း ဇီယန်၏မျက်နှာမှာ အေးစက်နေခဲ့သည်။ သူမသည် လေးနက်သည့်အဖြေတစ်ခုပင် မပေးဘဲ စိတ်မဝင်စားဟန်ဖြင့် "အင်း" "အဲ" ဟုသာ ပြန်ဖြေသည်။

ဖူရှန်းက ဇီယန်အား အကြိမ်ကြိမ်အချက်ပြနေသည်ကို လူတိုင်းမြင်နိုင်သော်ညလ်း သူမက လုံး၀ လျစ်လျူရှုထားခဲ့သည်။

ထို့ကြောင့် လင်းကျဲ၏စိတ်ကောင်း၀င်နေမှုမှာ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ သူ အနည်းငယ် စိတ်မရှည်ဖြစ်လာ၏။

ထိုအချိန်တွင် ဇီယန်က မတ်တပ်ရပ်၍ နှုတ်ခမ်းကို ဖွင့်ဟကာ သူမရောက်လာကတည်းက ပထမဆုံးအကြိမ် စကားများစွာပြောလိုက်သည်။

"သခင်လေးလင်းရဲ့ညှော့၀တ်ကျေမှုအတွက် ကျေးဇူးပါ။ ကျွန်မ နေလို့မကောင်းလို့ အရင်ပြန်ပါတော့မယ်"

ထိုနောက် ဇီယန်က ဖူရှန်းအားကြည့်ကာ အေးစက်စက်ပြောလိုက်သည်။

"အိုး ဒါနဲ့ ဒါရိုက်တာဖူ ကျွန်မလေယာဉ်ကို မနက်ဖြန်နေ့လည် ၃ နာရီ ရွှေ့လိုက်တာဘူ။ ကျွန်မ ပြန်သွားရန်ကိစ္စလေးရှိသေးလို့ ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စကို ရှင်နဲ့ထားခဲ့လိုက်မယ်"

ထိုနောက် ဇီယန်နှင့် ကျိုးဖေးသည် တန်း၍ ထွက်သွားခဲ့လေသည်။

...

နောက်တစ်နေ့ နေ့လည် တစ်နာရီတွင် ဇီယန်နှင့် ကျိုးဖေးတို့ ထွက်သွားရန် အဆင့်သင့်ဖြစ်နေကြသည်။

တံခါးဖွင့်ပြီးထွက်လာစဉ်တွင် တံခါးနှစ်ဖက်၌ ရပ်နေသည့် သက်တော်စောင့်ရှစ်ဦးထဲမှ တစ်ယောက်က လမ်းတွင် ပိတ်ရပ်နေသည်။

"နင်ဘာလုပ်တာလဲ" ကျိုးဖေးက မျက်ခုံးပင့်ကာ မေးသည်။

"တောင်းပန်ပါတယ်။ မစ္စတာဖူရှန်းက အမိန့်ပေးထားတယ်။ မင်းတို့ ဒီကနေ လောလောဆယ် ထွက်သွားလို့မရဘူး"

"သူက နင့်ပထွေးလား။ သူပြောတိုင်း လုပ်စရာလား။ ရှေ့ကဖယ်" ကျိုးဖေးက အေးစက်စက်ပြောလိုက်သည်။

"မစ္စတာဖူရှန်းရဲ့အမိန့်မရှိရင် မင်းတို့ ထွက်သွားလို့မရဘူး" ထိုသူက ပြန်ပြောသည်။

"ဖေးဖေး ရဲကို ဖုန်းဆက်လိုက်" ဇီယန်က ပြောလိုက်သည်။

"ဟုတ်တယ် ငါတို့ ရဲကို ဖုန်းဆက်ရမယ်။ နင်တို့အခုလုပ်နေတာက တရားမဝင်ဘူးဆိုတာသိလား" ကျိုးဖေးက ဒေါသတကြီးဖြင့် ဖုန်းကို ထုတ်လိုက်သည်။

"ဟားဟား...ခေါ်လိုက်ပါ။ အဲဒါက အသုံးမဝင်ဘူး။ မင်းတို့က မစ္စတာဖူးရှန်းရဲ့ သရုပ်ဆောင်တွေပဲ။

ပူးပေါင်းဆောင်ရွက်မှုအတွက် မင်းရဲ့အချိန်ဇယားကို စီစဉ်ပေးတာက တရားဝင်တယ်”

“အမှန်ပဲ”

ရုတ်တရက် လက်ခုပ်သံနှင့်အတူ ချီးကျူးသံကြားလိုက်ရ၏။

ဖူရှန်းသည် ရယ်မောကာ ဝင်လာပြီး “ဇီယန် လာ ငါတို့ စကားပြောကြမယ်”

၎င်းကို မြင်သည့်အခါ ကျိုးဖေးက ဖုန်းကို ချလိုက်ပြီး ဇီယန်နှင့် အခန်းထဲပြန်ဝင်လာ၏။

ဖူရှန်း ဝင်လာပြီးနောက် တံခါးကို ပိတ်လိုက်သည်။

“ဒါရိုက်တာဖူ ရှင်က တော်တော် အောက်တန်းကျတာပြ” ကျိုးဖေးက အေးစက်စွာ ပြောသည်။

“ငါက အောက်တန်းကျတာလား။ ဒါမှမဟုတ် မင်းက….”

"ဘာတွေလာပြောနေတာလဲ" ကျိုးဖေးက သူ့အား စိုက်ကြည့်ရင်း ဒေါသပိုထွက်လာကာ အော်လိုက်သည်။

ထိုအချိန်တွင် ဇီယန်က အေးစက်စွာဖြင့် ဝင်ပြောလိုက်သည်။ "အရေးမကြီးတာတွေပြောပြီး အချိန်ဖြုန်းမနေပါနဲ့။ ဒါရိုက်တာဖူ ဘာလုပ်ချင်နေတာလဲ။ ရှင်အဲဒါမျိုး ထပ်လုပ်မယ်ဆိုရင် ကျွန်မရဲ့ အခွင့်အရေးနဲ့ အကျိုးကို တရားဥပဒေအတိုင်း ကာကွယ်ရမှာပဲ"

"တရားဥပဒေအတိုင်းလား။ အရမ်းကောင်းတယ်။ ဟုတ်ပြီလေ" ဖူရှန်းသည် သူ၏လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းများကို ထုတ်၍ စားပွဲပေါ်ပစ်တင်လိုက်ပြီး။ "ဒီစာချုပ်အချက်လက်တွေကို သေချာကြည့်ပါ။ ဒီနေ့ မင်းထွက်သွားရင် အချက်အလက်တွေက အသက်ဝင်လိမ့်မယ်။ အဲ့အခါကျရင် မင်း လျော်ကြေးငွေ သန်း ၁၀၀ နီးပါး ပေးရမှာပဲ။ မင်းရဲ့လက်ရှိအနေအထားနဲ့ ပိုက်ဆံပြန်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တယ်"

ဇီယန် လုံးဝ အေးစက်သွားသည်။ သူမ အလွန်ဒေါသထွက်နေပြီး တစ်ချိန်တည်းမှာပင် တော်ဝင်အန်တာတိတ်မန့်အား သူမ ပို၍ စိတ်ပျက်လာ၏။

ကျိုးဖေး၏မျက်နှာမှာ ဒေါသကြောင့် ဖြူဖွေးနေသည်။ စာချုပ်အား သတိရသွားပြီးနောက် သူမ အကူအညီမဲ့သလို ခံစားလိုက်ရ၏။

ထိုအချိန်တွင် ဇီယန်၏ဖုန်းက ရုတ်တရက် မြည်လာသည်။ သူမ ဖုန်းကိုင်လိုက်သည့်အခါ မိန်ချီဖြစ်နေသည်။

"ဟဲလို"

"ဇီယန် အဲဒီမှာ ဖြစ်တာတွေကို ငါကြားခဲ့တယ်။ ဒီအတော်အတွင်း ငါနင့်ကို သိပ်ဂရုမစိုက်ခဲ့ပေမယ့် နင်က ငါ့ရဲ့လူတစ်ယောက်ဖြစ်နေတုန်းပဲ။ နင့်ကို ဘယ်လိုလုပ် အနိုင်ကျင့်ခွင့်ပေးရမှာလား။ ဖူရှန်းက ရိုင်းဆိုင်းတယ်ဆိုရင် သူ့ကို မျက်နှာသာမပေးနဲ့။ ငါတာဝန်ယူတယ်။ ဒါပေမယ့် ခုကိစ္စက ကိုင်တွယ်ရခက်နေတယ်။ စာချုပ်ကို သေချာဖတ်ပြီး

အဆင်ပြေရင် လက်မှတ်ထိုးပေးလိုက်ပါ။ မနက်ဖြန် သဘက်ခါ တစ်ရက်ရက် ပြန်လာလို့ရအောင် ငါစီစဉ်ပေးမယ်။ မင်းပြန်လာတဲ့အချိန်ကျရင် ပူးပေါင်းဆောင်ရွက်မှုက အဆင်ပြေသွားမှာပါ"

"ကျေးဇူးပါ အစ်မမိန်" ဇီယန်၏အေးစက်စက်နှလုံးသားမှာ အနည်းငယ် သက်သာရာရသွား၏။

"ရပါတယ်။ ဘာပဲဖြစ်ဖြစ် ငါတို့က တစ်ယောက်နဲ့တစ်ယောက်သိတာ နှစ်အတော်ကြာပြီမဟုတ်လား။ အာဆို ဒါပဲနော် ပတ်ဝန်းကျင်မှာ ဘာဖြစ်နေလဲဆိုတာ အမြဲ ဂရုစိုက်ပါ" မိန်ချီက ဖုန်းမချခင် ပြောလိုက်သည်။

ဖုန်းပြောပြီးနောက်တွင် ဇီယန်သည် ဖူရှင်းကို ကြည့်ကာ "စာချုပ်ကို တတ်နိုင်သမျှ အမြန်ဆုံးကျွန်မဆီယူခဲ့ပါ"

"ရက်နည်းနည်းတော့ စောင့်ရမယ်" ဖူရှန်းက သူမအား ထူးဆန်းစွာ ကြည့်ကာ ပြောလိုက်သည်။

သူအနည်းငယ်စဉ်းစားလိုက်သော်လည်း ဘာမှ မပြောတော့ဘဲ ချက်ချင်းထွက်သွား၏။

ထိုအချိန်တွင် ကျိုးဖေးမှာ အလွန်ဒေါသထွက်နေပြီး စိတ်မသက်မသာဖြစ်နေ၏။ သူမသည် ဒေါသတကြီးဖြင့် ဖုန်းကို ထုတ်ကာ နံပါတ်တစ်ခုအား ခေါ်လိုက်သည်။

"ဟဲလို ခဲအို။ အစ်မယန်နဲ့ငါနဲ့ ဒီမှာ အနိုင်ကျင့်ခံနေရတယ်။ ပေကျင်းက နင့်ရဲ့အရင်နယ်မြေမဟုတ်လား။ ငါတို့ကို ကူညီပေးဖို့ တစ်ယောက်ယောက် အမြန်ရှာ..."

"ဟမ်" ထိုစကားကို ကြားသည့်အခါ ကျန်းဟန်သည် မုန့်မုန့်အား သူ၏ရင်ခွင်ထဲမှ အောက်ချပေးကာ သူမဘာသာ ဆိုဖာပေါ်တွင် ကာတွန်းကား ကြည့်စေလိုက်သည်။ ထိုနောက် သူက "ဆက်ပြောပါ" ဟုပြောရင်း အေးစက်သည့်အကြည့်များဖြင့် ဆိုင်ပြတင်းပေါက်ဆီသို့ လျှောက်သွားလေသည်။

"ငါပြောပြမယ် ခဲအို..." ကျိုးဖေးက တိုင်တောရန် ပြင်လိုက်စဉ် ဇီယန်က သူမအား ဆွဲလိုက်ပြီး "ငါသူ့ကို ပြောလိုက်မယ်"

"ကောင်းပြီ" ကျိုးဖေးက "အစ်ယန်က ခဲအိုကို သူမကိုယ်တိုင်ပြောပြလိမ့်မယ်"

ထိုနောက် ဇီယန်ကို ဖုန်းပေးလိုက်သည်။

"ကျန်းဟန်" ဇီယန်က မကျေနပ်မှုအချို့ဖြင့် နှုတ်ခမ်းစူလိုက်သည်။

"ကိုယ်မင်းကို လာခေါ်မယ်"

ထိုအချိန်တွင် ကျန်းဟန်က ညှိရိုးရှင်းသည့် စကားလေးတစ်ခွန်းသာ ပြောလိုက်သည်။

...

-အပိုင်း(၁၃၄) ပြီး

wunzinnosp

## အပိုင်း(၂၃၅ - A) ကျားကိုလွှတ်လိုက်ပြီ

ကျန်းဟန်၏စကားကို ကြားသည့်အခါ ဇီယန် ရင်ထဲတွင် နွေးထွေးမှုကို ခံစားလိုက်ရသည်။ “အဲလောက် မဆိုးပါဘူး။ ကုမ္ပဏီက အထက်လူကြီးတွေက ငါတို့ကို စာချုပ်မပြီးမချင်း ပြန်ခွင့်မပြုဘူးဖြစ်နေတာ”

“ဘာစာချုပ်လဲ”

“အဲဒါက ရုပ်ရှင်ကားနဲ့ပတ်သက်တဲ့ စာချုပ်ပါ။ ဒါရိုက်တာက ဝေ့ချောင်ဖြစ်ပြီးတော့ လင်းကျဲက ရင်းနှီးမြှုပ်နှံသူတစ်ယောက်ပဲ။ သူတို့က ထိပ်တန်းအရှိတစ်ယောက်ဖြစ်တဲ့ ဒါရိုက်တာဖူကို ခေါ်ပြီး သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်မတို့ကို ခေါ်နေတာ။

ကျွန်မကို ဒါရိုက်တာက ပြန်ခွင့်မပြုသေးဘူး။ ဒါပေမယ့် စိတ်မပူပါနဲ့ မနက်ဖြန်နေ့လည်ကျရင် ကျွန်မ ပြန်လာမှာပါ”

“ခဲအို သူတို့က ငါတို့ကို အနိုင်ကျင့်နေတာ” ကျိုးဖေးက ဘေးမှ အော်လိုက်သည်။

သူမက ကျန်းဟန်ကြားလောက်အောင် အော်လိုက်၏။ ဇီယန်ပြောသလို ယခုကိစ္စက မရိုးရှင်းကြောင်း သူသိလေသည်။

“မင်းကို အနိုင်ကျင့်ဖို့ကြိုးစားနေတာလား” ကျန်းဟန်က ခေါင်းကို အနည်းငယ် ယမ်းလိုက်ပြီး “ဒါဆို ကိုယ် ဒီည လေယာဉ်နဲ့လာခဲ့မယ်”

“မဖြစ်ဘူး”

ကျန်းဟန် သူမကို လာခေါ်မည့်အခိုက်အတန့်အား သူမ အမှန်တကယ် မျှော်လင့်မိသော်လည်း အားလုံးကို ထည့်သွင်းစဉ်းစားရန် လိုပေသည်။ ထို့ကြောင့် ဇီယန်က

“ရှင် ဒီကိုလေယာဉ်နဲ့လာရင် မုန့်မုန့်က အကြာကြီး လေယာဉ်စီးပြီး ပင်ပန်းနေလိမ့်မယ်။ ပြီးတော့ လောလောဆယ် မီဒီယာတွေရဲ့ အာရုံစိုက်မှုက အများကြီးရှိနေတာ။ သူတို့နဲ့ဆို မုန့်မုန့် အပြင်သွားချင်ရင်တောင် ဘယ်ကိုမှ သွားလို့ရမှာမဟုတ်ဘူး။ ပြီးတော့ ကျွန်မ မုန့်မုန့်အကြောင်း လူထုကို ချပြဖို့အတွက် မဆုံးဖြတ်ရသေးဘူး။ ရှင်ဒီကို လာဖို့ ဘာကြောင်းပြချက်မှ မရှိဘူး”

ဇီယန် ရုတ်တရက် အော်ပြောလိုက်သည် “ကျွန်မက ရှင်နဲ့ ဘာမှမဆိုင်ဘူး။ ရှင်လာရင် ရှုပ်ထွေးမှုတွေအများကြီး ဖြစ်ကုန်လိမ့်မယ်”

ထို့သို့ပြောပြီးမှ ဇီယန် ရုတ်တရက် အေးခဲသွားသည်။

နင်ဘာတွေပြောလိုက်တာလဲ ဇီယန်…

ကျန်းဟန်က ဖြည်းညှင်းစွာ ပြန်ပြောသည်။ “မင်းက မုန့်မုန့်ရဲ့အမေ။ ငါက မုန့်မုန့်ရဲ့အဖေပါ”

သူဘာကို ဆိုလိုတာလဲ…

သူ…ငါ့ကို သူ့ဇနီးအဖြစ် အသိအမှတ်ပြုလိုက်တာလား…

ဇီယန် သူမ၏စိတ်ထဲ အတွေးများ ဝင်လာလေသည်။

"ဟေး အစ်မယန် ။ နင်ပြောတာ မဟုတ်သေးဘူး။ ငါ့ကို ခဲအိုနဲ့ ပြောခွင့်ပေးပါ" ကျိုးဖေးက ဇီယန် အနည်းငယ် စကားမပြောနိုင်ဖြစ်နေသည်ကို သတိပြုမိပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။ "ခဲအို ငါနဲ့ အစ်မယန် အနိုင်ကျင့်ခံနေရတယ်။ ငါတို့ကို အခန်းထဲကနေတောင် အပြင်ထွက်ခွင့်မပေးတဲ့သူတွေရှိတယ်။ ဒါရိုက်တာက ငါတို့ကို အတင်းအကြပ် ဖိအားပေးနေပြီးတော့ လောလောဆယ် ခဲအိုဘာမှ မလုပ်နိုင်သေးရင် နောက်မှသူတို့ကို လက်စားချေ… အမ်…အဆင်ပြေတယ်။ အဲဒါကောင်းတယ်"

ကျိုးဖေးအနည်းငယ် အံ့အားသင့်သွားကာ တုန့်ပြန်လိုက်ပြီးနောက် ဖုန်းချလိုက်သည်။

"သူဘာပြောလဲ" ဇီယန် သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ခဲအိုကပြောတယ်..." ကျိုးဖေးက ဖြည်းညှင်းစွာ ပြောသည်။ "သူက ငါတို့ကိုလာခေါ်ဖို့ တစ်ယောက်ယောက်လွှတ်လိုက်မယ်တဲ့။ မနက်ဖြန် ငါတို့ ပြန်လို့ရပြီ။ ပြီးတော့ ခဲအိုပြောတာ သူ့လူတွေက ငါတို့ကို အနိုင်ကျင့်တဲ့သူတွေကို ပြန်ပြီး အနိုင်ကျင့်ပေးလိမ့်မယ်တဲ့"

"သူက အရမ်းကိုအထက်စီးဆန်တာပဲ ဟမ့်" ဇီယန်က အသာနှာခေါင်းရှုံ့လိုက်ပြီး ကျန်းဟန်က သူ့အားကိုက်သည့်ခွေးကို စွပ်ပြုတ်လုပ်ပစ်မည်ဟု ပြောသည့်အချိန်အား သတိရသွား၏။

ထိုအကြောင်းကို ပြန်တွေးရင်း ဇီယန်၏လှပသည့် မျက်လုံးလေးများတွင် ခပ်ရေးရေးအပြုံးတစ်ခုပေါ်လာသည်။ တစ်စုံတစ်ယောက်အား နောက်ပြန်ဆုတ်သွားစေခြင်းသည် မည်မျှ အံ့သြစရာကောင်းသည်ကို သူမ ခံစားရ၏။

အခြားတစ်ဖက်ရှိ ကျန်းဟန်သည် ပြတင်းပေါက်ရှေ့တွင် ထိုင်နေ၏။ ဖုန်းချလိုက်ပြီးနောက်တွင် သူ၏မျက်လုံးများက အေးစက်သည့် အရှိန်အဝါများဖြင့် ပြည့်နေပြီး မျက်နှာအမူအရာမှာ မှုန်မှိုင်းနေလေသည်။

မုန့်မုန့်ရဲ့အမေကို တစ်ယောက်ယောက်က အနိုင်ကျင့်တာလား…။

သူသည် ဇီယန်နှင့် တရားဝင်မတွဲရသေးသော်လည်း သူမသည် သူ၏နှလုံးသားထဲသို့ တဖြည်းဖြည်း နေရာယူလာခဲ့သည်။ ဇီယန်အား သူ ဂရုစိုက်ကြောင်း ဝန်ခံခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဇီယန်အတွက် သက်တောင်စောင့်အချို့ စီစဉ်ပေးရန်ဆိုသည့် ကျောက်ဖုန်း၏အကြံပြုချက်ကို သူ စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

ကျန်းဟန်သည် ဇီယန် ပြန်မလာသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည့်အတွက် စိတ်မရှည်တော့ချေ။ ယခုတော့…

“ကျောက်ဖုန်း”

ကျောက်ဖုန်း၏နံပါတ်ကို ခေါ်လိုက်ပြီး ကျန်းဟန်၏မျက်လုံးများမှာ ကျဥ်းမြောင်းသွားသည်။ ထိုနောက် သူသည် စကားလုံးအနည်းငယ်သာ ပြောလိုက်၏။

“အခုချက်ချင်း စားသောက်ဆိုင်ကို လာခဲ့”

ပြောပြီးသည်နှင့် ကျန်းဟန် ဖုန်းချသွားလေသည်။

အခြားတစ်ဖက်တွင်… ကန်ကျွမ်းလေ့ကျင့်မှုနည်းစနစ်ကို အဆက်မပြတ်လေ့ကျင့်နေကြသည့် လူအယောက်နှစ်ဆယ်ရှိလေသည်။

အပြင်အားအဆင့်သို့ ဖြတ်ကျောက်သွားခဲ့သော ကျန်လူ ၃၀ မှာ လွန်ခဲ့သည့်နှစ်ရက်တာအတွင်း တိုက်ခိုက်နည်းများကို

ဆက်လက်လေ့ကျင့်ခဲ့ပြီး ထိုစွမ်းအားကို အပြည့်အဝ ကျွမ်းကျင်သွားခဲ့သည်။

ကျောက်ဖုန်းသည် ဉာဏ်နှစ်ရက်တာအတွင်း အတွင်းအားအဆင့်သို့ ဖြတ်ကျော်သွားခဲ့၏။

ကျောက်ဖုန်း အတွင်းအားအဆင့်သို့ ရောက်ရှိသွားသည့်အခါ သူသည် အလွန်ပျော်ရွှင်ဝမ်းသာစွာဖြင့် လဆန်းတောင်သို့ ချက်ချင်းပြန်ပြေးကာ တာဟေးနှင့် တိုက်ခိုက်လေသည်။

သို့သော်...နောက်ဆုံးတွင်တော့...

ကျောက်ဖုန်း အရိုက်ခံလိုက်ရပြီး အလွန်စိတ်ဓာတ်ကျနေခဲ့လေသည်။ သို့ပေသိ တာဟေး သူ့အား တွန်းလိုက်သည့်အချိန်တွင် သုံးလေးမီတာခန့်သာ နောက်ပြန်ဆုတ်လိုက်ရကြောင်း သိလိုက်ရပြီး ပျော်ရွှင်သွားပြန်သည်။

ယခု သူသည် သုံးလေး မီတာသာ နောက်ဆုတ်ရသည့်အတွက် ဤသည်က အလွန်ကောင်းမွန်သည့် တိုးတက်မှုပင်။ နောက်ဆုံးတစ်ခေါက်က သူ ခုနှစ်မီတာ ရှစ်မီတာခန့် နောက်ပြန်ဆုတ်သွားခဲ့ရသည်။

လက်ရှိအချိန်တွင် သူသည် အမျိုးမျိုးသော လှုပ်ရှားမှုများကို လေ့ကျင့်ရင်း အလုပ်များနေစဉ် သူ၏ကျောပိုးအိတ်ထဲမှ ဖုန်းက ရုတ်တရက် မြည်လာခဲ့သည်။ ကျောက်ဖုန်း လျှောက်သွားပြီး ထုတ်ကြည့်လိုက်ရာ ဆရာဖြစ်နေသည်ကို သိလိုက်သဖြင့် ဖုန်းကို အမြန် ကိုင်လိုက်သည်။ ကျန်းဟန်၏စကားကို ကြားပြီးနောက် ကျောက်ဖုန်း မျက်နှာပျက်သွားလေသည်။

ကျန်းဟန်၏ထံမှ ဤမျှလေးနက်သော အသံကို ပထမဆုံးအကြိမ် ကြားလိုက်ရခြင်းပင်။

တစ်ခုခုဖြစ်နေပြီ...

ကျောက်ဖုန်း၏နှလုံးမှာ ရင်ဘတ်ထဲမှ ခုန်ထွက်လုမတတ်ပင်။ သူက ဖြည်းညှင်းစွာ လှည့်၍ ပြောလိုက်သည်။

"ရှုရုံ ဒီမှာ ဆက်ပြီး လေ့ကျင့်နေကြ။ ငါ အခု ပြန်သွားရမယ်"

ပြောပြီးသည်နှင့် ကျောက်ဖုန်းသည် သူတို့အား မေးခွန်းမေးရန် အခွင့်အရေးမပေးတော့ဘဲ အင်္ကျီကို တန်း၍ ကောက်ယူလိုက်ပြီး အဝတ်အစားပင်မလဲဘဲ အမြန်ထွက်သွားလေသည်။

လမ်းမသို့ရောက်သည်နှင့် ကားပေါ်သို့တက်ကာ အရှိန်ပြင်းပြင်းမောင်းနှင်လာပြီး ဆယ်မိနစ်အတွင်း စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့သည်။

"ဆရာ ကျွန်တော်ရောက်ပြီ"

ကျောက်ဖုန်း ဆိုင်ထဲသို့ ပြေးဝင်ကာ ကျွန်းဟန်၏မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကောင်းတယ်" ကျွန်းဟန်က တိုက်ရိုက်ပြောလိုက်သည်။ "ပေကျင်းကိုသွားပြန်း ဇီယန်ကို ပြန်ခေါ်လာခဲ့"

"ဟုတ်ကဲ့။ ကျွန်တော် ဘယ်အချိန်သွားရမလဲဆရာ"

"မင်းသဘောပါ။ ဒါပေမယ့် မြန်လေကောင်းလေပဲ။ ပြီးတော့ မနက်ဖြန်ည သူမကို ပြန်ခေါ်လာရမယ်"

"ဟုတ်ကဲ့" ကျောက်ဖုန်း ခေါင်းညိတ်လိုက်ပြီး ဘာတွေဖြစ်နေသလဲဆိုသည်ကို နားလည်သလိုရှိလိုက်သည်။ မရေရာသည့်လေသံဖြင့် မေးလိုက်၏။ "ဆရာ ဆရာကတော်က ဒုက္ခရောက်နေတာလား"

"သူမအနားမှာ ယင်ကောင်တွေ ရှုပ်နေပြီး သူတို့က သူမကို ဟောင်ကောင်ပြန်မလာနိုင်အောင် လုပ်နေကြတယ်။ မင်းရဲ့တာဝန်က သူမကို ပြန်ခေါ်လာရမယ်။ ပြီးတော့..."

ထိုအချိန်တွင် ကျန်းဟန်၏မျက်လုံးများမှာ အေးစက်ခက်ထန်နေသည်။

"...အဲဒီယင်ကောင်တွေကို ရှင်းခဲ့"

သူ၏စကားကို ကြားသည့်အခါ ကျောက်ဖုန်း ထိတ်လန့်သွား၏။

ဆရာက သူတို့ကို သတ်ချင်နေတာလား...။

အဲဒီယင်ကောင်တွေကို ရှင်းရမှာလား။ ဆိုလိုတာက ဒီတစ်ခေါက် ဆရာကတော်ကို ပြန်သွားခေါ်တဲ့လမ်းမှာ လာပိတ်တဲ့ ဘယ်သူ့ကို မဆို တိုက်ခိုက်ဖို့ပဲ...။

လခွမ်း။ ဆရာက ငါတို့ရဲ့နယ်မြေကို ကျော်ပြီး ပေကျင်းထိသွားခိုင်းနေတာပေါ့။

ကျန်းဟန်၏ရည်ရွယ်ချက်အား နားလည်သွားပြီးနောက် ကျောက်ဖုန်း တောင့်တင်းသွားသည်။ ပေကျင်းသည်

ရှုပ်ထွေးသည့်အင်အားစုများရှိသည့်နေရာဖြစ်သည့်အတွက် သူကိုယ်တိုင်မည်သို့ လုပ်နိုင်မည်နည်း။

သို့သော်...ဆရာ၏အမိန့်ကို မည်သည့်အခါမျှ ငြင်းဆန်မည်မဟုတ်ချေ။ ခဏလောက် စဉ်းစားပြီးနောက် ကျောက်ဖုန်း က ဖြည်းညှင်းစွာ ပြောသည်။

"ဆရာ ကျွန်တော်တစ်ယောက်တည်းလား။ တခြားသူတွေရောခေါ်သွားရမလား။ အားဟူနဲ့ တခြားသူတွေလည်း အပြင်အားအဆင့်ကို ကျော်ဖြတ်သွား..."

"မင်းသဘောပါ" ကျန်းဟန်က ပြတ်သားစွာပင် ပြောလိုက်သည်။

ထန်ကျန့်အတွက် နှစ်အတန်ကြာအလုပ်လုပ်လာခဲ့ပြီးကတည်းက ကျောက်ဖုန်း၏ပင်ကိုယ်စရိုက်အရည်အချင်းကို သူ စိတ်မပူချေ။ ဤကိစ္စကို သူကောင်းကောင်း ကိုင်တွယ်နိုင်မည်ဟု ကျန်းဟန် ယုံကြည်သည်။ အကယ်၍

သူသည် ကြီးမားသည့်အရာတစ်ခုခုနှင့် ရင်ဆိုင်ရလျှင်ပင် နောက်ဆုံးတစ်ကြိမ်ကကဲ့သို့ သူ့အား ဖုန်းခေါ်ပြောပေလိမ့်မည်။

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် နားလည်ပါပြီ။ ကျွန်တော် အခုပဲ စီစဉ်လိုက်ပါ့မယ်" ကျောက်ဖုန်း ထရပ်ကာ ထွက်သွားလေသည်။

ကားထဲသို့ ဝင်ပြီးနောက် ကျောက်ဖုန်း တန်း၍ ထွက်မသွားသေးချေ။ ထိုအစား ဂူချန်းအား ဖုန်းခေါ်လိုက်၏။

တစ်ပတ်ကြာပြီးနောက်တွင် တောင်ပိုင်းခရိုင်သည် တည်ငြိမ်သွားခဲ့ပြီဖြစ်သည်။ ဤအချိန်တွင် လောင်ပင်းနှင့် သူ့လူများအားလုံးကို မောင်းထုတ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဂူချန်းသည် တောင်ပိုင်းခရိုင် မြေအောက်လောက၏သခင်ဖြစ်လာခဲ့သည်။ သို့သော် ယခုအချိန်တွင် သူ၏အာဏာကို စုစည်းရပေမည်။

တောင်ပိုင်းခရိုင်သည် တစ်လခန့်အကြာတွင် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့သော်...ဤကိစ္စများက ကျောက်ဖုန်းနှင့် မသက်ဆိုင်ချေ။

ဖုန်းခေါ်လိုက်ပြီးနောက်တွင် ကျောက်ဖုန်းက "ဂူချန်း အရင်က ငါတောင်းဆိုထားတာတွေ ပြင်ဆင်ပြီးပြီလား"

"အေး ပြီးပြီ"

"အဲ့ဒါတွေကို ဖုန်းမင်ကလပ်ကို ပို့ပေးဖို့ တစ်ယောက်ယောက်ကို ခိုင်းပေးပါလား" နောက်မှ ငါ အဲဒီကို သွားလိုက်မယ်" ကျောက်ဖုန်းက ဆိုသည်။

"ကောင်းပြီ ပြီးရင် ငါကိုယ်တိုင်သွားလိုက်မယ်။ ဒီညသောက်ရအောင်လေ" ဂူချန်းက ပြုံးကာ ပြောသည်။

ခဏလောက် စဉ်းစားပြီးမှ "တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်လို့ရတယ်။ ငါ အပြင်သွားစရာရှိသေးလို့။

အဆင်ပြေရင် မနက်ဖြန် မနက် ၃ နာရီကနေ ၅ နာရီအတွင်း ပေကျင်း လေယာဉ်လက်မှတ်နည်းနည်း မှာပေးပါလား”

အားလုံးမှာ ရုတ်တရက် ဖြစ်လာသည့်အတွက် ကျောက်ဖုန်း စီစဉ်ရန် အချိန်မရှိတော့ချေ။ ဂူချန်းနှင့် ပို၍ ရင်းနီးသည့်အတွက် သူ့အား အကူအညီတောင်းလိုက်၏။

“လက်မှတ်ဘယ်နှဆောင်လိုချင်တာလဲ” ဂူချန်းက မေးသည်။

“သုံးဆယ်။ ပြီးမှ သွားမယ့်လူတွေနဲ့ပတ်သက်တဲ့အချက်အလက်တွေအားလုံး မင်းကို ပို့ပေးမယ်” ကျောက်ဖုန်းက မျက်လုံးများကို မှေးစင်းထားရင်း ပြောသည်။

“ကောင်းပြီ”

“ခုလောလောဆယ်တော့ ဒီလောက်ပဲ” ပြောပြီးသည်နှင့် ကျောက်ဖုန်း ဖုန်းချလိုက်သည်။

သူ ကားကို စမောင်းက ကမ်းခြေသို့ သွားလိုက်၏။

"အားလုံး ခဏလောက်နားမယ်" ကျောက်ဖုန်းက လက်ခုပ်တီးက သူတို့အား အနားသို့ ခေါ်လိုက်သည်။

"ဘာဖြစ်တာလဲ အစ်ကိုဖုန်း"

"ရှုရုံကလွဲပြီး အပြင်အားအဆင့်ရောက်ပြီးသားသူတွေအားလုံး ငါနဲ့လိုက်ခဲ့" ကျောက်ဖုန်းက ခဏလောက် စဉ်းစားပြီး ဆက်ပြောသည်။ "ရှုရုံ မင်း ဒီမှာနေခဲ့ပြီး လေ့ကျင့်မှုဆက်လုပ်ထားပါ"

"အစ်ကိုဖုန်း ငါတို့ ဘာလုပ်ရမှာလဲ" အားဟူ၏မျက်လုံးများ တောက်ပလာသည်။

လူတိုင်း၏အာရုံစိုက်နေသည့် အကြည့်များအောက်တွင် ကျောက်ဖုန်းက စကားလုံးအနည်းငယ်ကို ပြောလိုက်သည်။

"ငါတို့ တစ်ယောက်ယောက်ကို သင်ခန်းစာပေးဖို့ ပေကျင်းကို သွားရမယ်"

"ဟားဟား...နောက်ဆုံးတော့ ငါတို့ လှုပ်ရှားရတော့မယ်။ သွားကြစို့" မှုံ့ကြီးက ရယ်မောသည်။

"အာ...အစ်ကိုဖုန်း မင်းတို့လှုပ်ရှားမယ်ဆို ဘာလို့ ငါ့ကို မခေါ်တာလဲ" ရှုရုံမှာ ခါးသီးစွာ ပြုံး၍ ပြောသည်။

"လက်ရှိအဖွဲ့ထဲမှာ မင်းက အတော်ဆုံးပဲ။ ဒါကြောင့် ကျန်တဲ့လူတွေကို ကြီးကြပ်ဖို့ မင်းဒီမှာ နေခဲ့မှဖြစ်မယ်" ကျောက်ဖုန်းက ရယ်မောကာ ပြောသည်။

ငါ့လခွီး...

"ကောင်းပါပြီ" ရှုရုံ အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်၏။

အားယူနှင့် အခြား ၂၈ ယောက်သည် ကျောက်ဖုန်း၏နောက်မှ လိုက်သွားကာ စိတ်အားထက်သန်စွာဖြင့် ထွက်သွားကြသည်။ သူတို့သည် အပြင်အားအဆင့်သို့ တိုးတက်လာသည့်အတွက်

ခွန်အားပြချင်နေကြသည်။ တွေးကြည့်ရုံဖြင့် စိတ်လှုပ်ရှားနေကြပုံပင်။

သို့သော် ပေကျင်းသို့ မသွားရသူများမှာ အမှားလုပ်မိကြသလို ခံစားနေရသည်။ သူတို့၏ခွန်အား မလုံလောက်သဖြင့် ဤတစ်ကြိမ်တွင် သူတို့ မလိုက်နိုင်ကြချေ။ သို့သော် နောက်တစ်ကြိမ်တွင် မကျန်ခဲ့စေရန် သေချာကြိုးစားရပေမည်။

ကျောက်ဖုန်း ဦးဆောင်၍ ဖုန်းမင်ကလပ်သို့ မောင်းသွားကြသည်။ ထိုအချိန်တွင် သူတို့မှာ ညှော်သည့်များအဖြစ် သတ်မှတ်ခံရပြီး စိတ်ခံစားမှုများစွာ ဖြစ်စေခဲ့သည်။

၎င်းတို့ကို ညှော်ခန်းထဲသို့ ခေါ်ဆောင်သွားပြီး ယခင်က ကျောက်ဖုန်းမှာထားသည့် ယူနီဖောင်များမှာ အထဲတွင် ရှိနေသည်။ ကျောက်ဖုန်းက ဂူချန်းအား သွားမည့်သူများ၏အချက်အလက်များ ပေးပို့ရန်

တစ်ယောက်ယောက်ကို ခိုင်းစေခဲ့ပြီး ဂူချန်းက မနက် ၃ နာရီထွက်မည့် လေယာဉ်လက်မှတ်များကို မှာယူထားခဲ့သည်။

"မင်းတို့ နာမည်နဲ့အမှတ်အသားပါတဲ့ အင်္ကျီတွေကို ရှာပြီး လဲလိုက်ကြ"

ကျောက်ဖုန်းက အော်ပြောရင်း လက်ကိုဝှေ့ယမ်းပြလိုက်သည်။

အဝတ်အစားများမှာ သေချာချုပ်ထားသည့်ဒိုင်းဇိုင်းများဖြစ်ပြီး လူတိုင်းအတွက် သုံးစုံရရှိကြသည်။

ကျောက်ဖုန်းက သူတို့သည် အပြင်ထွက်သည့်အချိန်၌ မုန့်မုန့်လုံခြုံရေး နှင့် ကျန်းဟန်အား ကိုယ်စားပြုသည်ဟု ယုံကြည်ထားသည့်အတွက် ယူနီဖောင်းကို ငွေအများအပြောက်သုံးထားခဲ့သည်။ ထို့ကြောင့် ကျောက်ဖုန်းသည် ယူနီဖောင်းများအား ပေါ်လွင်နေစေရန်အတွင် ယွမ် ၁၆ သန်းနီးပါး အသုံးပြုခဲ့၏။

ဝတ်စုံ(Suits)များကို ဘရီအိုနီ(Brioni)မှ အံဝင်ခွင်ကျဖြစ်အောင် ချုပ်လုပ်ထားပြီး တစ်ခုချင်းစီအတွက် တစ်စုံလျှင် ယွမ် တစ်သန်းကျော် ကျသင့်လေသည်။ ထိုပြင် ရှပ်အင်္ကျီများ၊ နက်ခ်တိုင်များနှင့် လယ်သာရှူးဖိနပ်များကို ဒီအော(Dior) မှ ထုတ်ထားခြင်းဖြစ်ကာ စုစုပေါင်း ယွမ်ငါးသောင်းခန့် ကုန်ကျ၏။

အောင်မြင်ကျော်ကြားသည့်လူများသာ ဤသို့သော ဝတ်စုံမျိုးဖြင့် ထိုက်တန်ကြောင်း ပြောနေစရာပင်မလိုချေ။

အားလုံးက အဝတ်အစားများလဲပြီးနောက် အမြန်ပြန်ထွက်လာကြသည်။ ယူနီဖောင်းတစ်စုံချင်းစီက မည်မျှ တန်ဖိုးကြီးသည်ကို သိလိုက်ရသည့်အခါ အားလုံး စိတ်လှုပ်ရှားနေကြသည်။ ဤအသိုင်းအဝိုင်း နှစ်အတန်ကြာ နေခဲ့ပြီးသည့်တိုင် ဤကဲ့သို့သော အရည်အသွေးမြင့်မားလွန်းသည့် ဝတ်စုံများကို မဝတ်ဖူးခဲ့ကြချေ။

"အစ်ကိုဖုန်း ငါတို့ ဘယ်ချိန်သွားကြမှာလဲ။ ပေကျင်းမှာ ငါတို့ ဘာလုပ်မှာလဲ" အားဟူက စိတ်လှုပ်ရှားစွာ မေးသည်။

"မနက် ၃ နာရီ ထွက်မယ်။ ဆရာကတော်ကို သွားခေါ်ကြမလို့။ လူတစ်ချို့က သူမကို ပြန်ခွင့်မပေးချင်ကြဘူးလေ။ ဒါကြောင့် ငါတို့က သူမကို ပြန်သွားခေါ်ပြီး ငါတို့ကို လာတားတဲ့သူတွေကို ရိုက်နှက်ရမယ်" ကျောက်ဖုန်းက လေးနက်သည့်အသံဖြင့် ပြောသည်။

အားဟူနှင့် အပေါင်းအပါများမှာ ထိုစကားကြောင့် စိတ်မရှည်ဖြစ်လာကြပြီး ပေကျင်းသို့ တတ်နိုင်သမျှ အမြန်သွားကာ လက်ရှိအခြေအနေကို ပြောင်းလဲပစ်ချင်နေကြသည်။

…

-အပိုင်း(၂၃၅ - A) ပြီး

wunzinnsop

## အပိုင်း(၂၃၅ - B) သူမကို ဘယ်လိုခေါ်ရမလဲ

ကျောက်ဖုန်းမှာ တိတ်ဆိတ်သွား၏။

ပေကျင်းသည် အလွန်အန္တရာယ်များသည့် နေရာတစ်ခုဖြစ်၏။ ကျောက်ဖုန်းသည် မခုန်လွှားမီ ကြိုတင်ကြည့်တတ်သည့် လူတစ်ယောက်ဖြစ်သည့်အတွက် သူ၏တိုးတက်လာသော ခွန်အားကြောင့် မောက်မာခြင်းမရှိချေ။

ကျောက်ဖုန်း အတွေးနက်နေသည်ကို သတိပြုမိပြီးနောက် အားလုံး တဖြည်းဖြည်း တိတ်ဆိတ်သွားကြသည်။

"အားဟူ ပေကျင်းမှာ မနက်ဖြန် ငါတို့အားလုံးအတွက် ဝန်ဆောင်မှုပေးမယ့်အဖွဲ့တစ်ခုကို ဆက်သွယ်လိုက်ပါ" ကျောက်ဖုန်းက ရုတ်တရက် ပြောသည်။

"ဟုတ်ကဲ့" အားဟူက ဖုန်းကို ထုတ်ကာ ချက်ချင်း ခေါ်လိုက်သည်။

"မို့ကြီး မနက် ၁၁ နာရီပတ်ဝန်းကျင် ပေကျင်းကနေ ဟောင်ကောင်ကိုပြန်ဖို့ လေယာဉ်လက်မှတ် ၃၂ စောင် ဘွတ်ကင်လုပ်ထားပါ။ နောက်ထပ် အိုင်ဒီနှစ်ခုကို ငါပို့ပေးမယ်" ကျောက်ဖုန်းက ပြောသည်။

"ဟုတ်ကဲ့ပါ" မို့ကြီးက ခေါင်းညိတ်သည်။

"ငါ ဖုန်းခေါ်လိုက်ဦးမယ်" ခဏနားပြီးနောက် ကျောက်ဖုန်းက အိပ်ခန်းထဲသို့ဝင်သွားကာ ပြတင်းပေါက်နားတွင် ရပ်၍ နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။

"နည်းပြလျို။ ကျွန်တော် နည်းပြကို ဒုက္ခပေးစရာလေးတစ်ခုရှိလို့..."

နောက်တစ်နေ့ မနက် ၇ နာရီတွင်...

ဒုန်း ဒုန်း ဒုန်း...

ဖူရှန်းသည် ဇီယန်နှင့် ကျိုးဖေး၏အခန်းတံခါးကို ရိုင်းပြစွာ ခေါက်လိုက်သည်။

"ရှင်ဘာဖြစ်နေတာလဲ" တံခါးဖွင့်ပြီးနောက် ကျိုးဖေးက မကျေမနပ်ဖြင့် မေးသည်။

"ပြင်ဆင်ထားလိုက်ကြ။ ဖုန်းတိုင်ကလပ်မှာ စာချုပ်ကိစ္စပြောဖို့ နာရီဝက်နေရင် ထွက်မယ်" ဖူရှန်းက အေးစက်စွာ ပြောသည်။

"သိပြီ" ကျိုးဖေးက ပြန်ပြောက တံခါးပိတ်လိုက်သည်။

ထိုအချိန်တွင် ဇီယန်နှင့် ကျိုးဖေးမှာ နိုးနေခဲ့သည်။ အဝတ်အစားလဲပြီးသည်နှင့် မနက်စာပင်မစားတော့ဘဲ ဖူရှန်းက ခေါ်သွားလေသည်။

ဖုန်းတိုင်ကလပ်သည် သီးသန့်ဖျော်ဖြေရေးကလပ်တစ်ခုဖြစ်ကာ အဖွဲ့ဝင်စနစ်အား ကျင့်သုံးပြီး အများပြည်သူအတွက် အသုံးပြုခွင့်မရှိချေ။

သီးသန့်ဖျော်ဖြေရေးကလပ်၏အယူအဆမှာ ဥရောပရှိ လူကုံထံများမှ ဆင်းသက်လာခြင်းဖြစ်၏။ ၎င်းကို လူကုံထံများအတွက် ဖန်တီးထားပြီး နှစ်စဉ် အဖွဲ့ဝင်ကြေးမှာ တစ်ဦးလျှင် ဒေါ်လာသန်းဆယ်ဂဏန်းရှိ၏။ ပုဂ္ဂလိက ကလပ်တစ်ခုသို့ အဖွဲ့ဝင်ထားခြင်းသည် ချမ်းသာမှုနှင့် အဆင့်အတန်း၏ ပြယုဂ်တစ်ခုဖြစ်သည်။

ဖုန်းတိုင်ကလပ်သည် ပေကျင်းရှိ နာမည်ကြီးသီးသန့်ကလပ်တစ်ခုဖြစ်ပြီး ပေကျင်း၏ အာဏာရှိမိသားစုဖြစ်သော ကျန်းမိသားစု၏ထောက်ပံ့မှုရှိသည်။

ကလပ်ပိုင်ရှင်မှာ ကျန်းမိသားစု ခေါင်းဆောင်၏သားဖြစ်သူ ကျန်းလုံဖြစ်သည်။

ကျန်းဟန်၏ဖခင် ကျန်းယို့ ပျောက်သွားပြီးနောက် တစ်နှစ်အတွင်း ကျန်းမိသားစုမှာ ကျဆင်းသွားခဲ့သည်။ သို့သော် ကျန်းနန်၏ ဦးဆောင်မှုဖြင့် တဖြည်းဖြည်းချောမွေ့စွာ တိုးတက်လာခဲ့သည်။ ယခင်ကကဲ့သို့ အင်အားမရှိသော်လည်း ကြီးမားသည့်မိသားစုကြီးတစ်ခုဖြစ်နေဆဲပင်။

မကြာသေးမီနှစ်များအတွင်း ကျန်းမိသားစု၏အထူးချွန်ဆုံးသားဖြစ်သော ကျန်းလုံသည် မကြာမီနှစ်အနည်းငယ်အတွင်း ကျန်းမိသားစု၏ထောက်တိုင်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ဂျေအမ်စီ လီမိုကားကို စီးကာ ဖူရှန်းသည် ဇီယန်၊ ကျိုးဖေး၊ အခြားသူ၏လူနှစ်ယောက်နှင့်အတူ ကလပ်၏ပင်မဝင်ပေါက်သို့ ရောက်လာခဲ့သည်။

ကလပ်သည် အပန်းဖြေခြင်းနှင့် ဖျော်ဖြေရေးအတွက်ဖြစ်ပြီး ဗီလာပုံစံ အဆောက်အဦးများ၊

ရေပူစမ်းများ၊ တံတားငယ်များ၊ စီးဆင်းနေသည့် ချောင်းငယ်များနှင့် ကျောက်တုံးဥယျာဉ်များရှိသည်။ အပန်းဖြေရန်အတွက် နေရာကောင်းတစ်ခုပင်။

စားပွဲထိုးတစ်ယောက်၏နောက်မှ လိုက်ကာ သူတို့ အထဲသို့ ဝင်သွားကြပြီး အပန်းဖြေအဆောက်ဦးကို ဖြတ်လျှောက် လည်ပတ်ကြည့်ရှုသည့် ကားပေါ်တို့ တက်လိုက်ကြသည်။ သူတို့သည် ကလပ်၏ဂေါက်ကွင်းအဖြစ် အသုံးပြုထားသော မြက်ခင်းကျယ်ကြီးဆီသို့ မောင်းသွားကြသည်။

မနက် ၈ နာရီမှာ အရမ်းမပူသည့်အတွက် ပေကျင်းတွင် မနက်စောစော ဂေါက်ရိုက်သည့်လူများ နေပူမည်မဟုတ်ပေ။

ဂေါက်ကွင်းပေါ်သို့ လမ်းလျှောက်လာပြီးနောက် လင်းကျဲအပါအဝင် လူတစ်ဒါဇင်ခန့်သည် အခြားတစ်ဖက်တွင် ရပ်နေကြပြီး ဝေ့ချောင်နှင့် အခြားသူများမှာ

သူတို့၏နောက်တွင် ရပ်နေကြသည်ကို တွေ့လိုက်ရသည်။ ဝေ့ချောင်တို့မှာ မတည်ရှိနေသလိုပင်။

"သခင်လေးလင်း ငါတို့ရောက်ပြီ" ဖူရှန်းက လင်းကျဲထံသို့သွားကာ ဦးညွှတ်၍ ပြုံးပြုံးလေးပြောသည်။

"အင်း" လင်းကျဲက ခေါင်းညိတ်ပြပြီးနောက် ဇီယန်အား ကြည့်ကာ အနည်းငယ် ပြုံး၍ ပြောသည်။ "ဇီယန် မင်း စမ်းကြည့်ချင်လား"

"ကျွန်မ မကစားတတ်ဘူး" ဇီယန်က ခေါင်းယမ်းလိုက်သည်။

ဤအချိန်တွင် သူမ အနည်းငယ် မပျော်မရွှင်ဖြစ်နေပြီး အကူအညီမဲ့သလို ခံစားရသည်။ ဖူရှန်းက သူမတို့အား စာချုပ်အကြောင်းပြောရန် ဤနေရာသို့ ခေါ်လာသော်လည်း ဂေါက်ရိုက်ကစားရန် အတင်းအကြပ်ဖိအားပေးမည့်ပုံရသည်။

"မဖြစ်နိုင်တာ။ မစ္စဇီယ ဂေါက်ကောင်းကောင်းရိုက်တာတာကို ကျွန်တော် မှတ်မိသလိုပဲ" လင်းကျဲ၏ဘေးမှာ အရပ်ရှည်ရှည်လူက ရုတ်တရက် ရယ်မောလိုက်သည်။

"ဟမ်" ဇီယန် သူ့အား ကြည့်လိုက်သည်။

"ငါမင်းကို မိတ်ဆက်ပေးပါရစေ။ ဒါက ကျန်းလုံ သခင်လေးကျန်းပါ။ ကျန်းမိသားစုရဲ့ အထူးချွန်ဆုံးလူငယ်မျိုးဆက်" လင်းကျဲက ပြုံး၍ ပြောသည်။

"အင်း" ဇီယန်က မည်သည့်အမူအရာမျှမရှိချေ။ သူမက ခေါင်းကို အသာညိမ့်ကာ "သခင်လေးကျန်း" ဟု ဆိုလိုက်သည်။

"ဇီယန် ငါ့ကို မှတ်မိလား" ကျန်းလုံ၏ဘယ်ဘက်မှ ဆံပတ်တိုတိုနှင့်လူက နှုတ်ခမ်းကို တွန့်ကွေးကာ ပြောသည်။ သူက ဇီယန်အား ပြုံးစစအကြည့်ဖြင့် အကဲခတ်လိုက်၏။

"စိတ်မရှိပါနဲ့ ရှင်က ဘယ်သူလဲ" ဇီယန်က သံသယဖြင့် မေးလိုက်သည်။

"ငါ့နာမည်က ကျွန်းရှမ်ပါ။ အဲဒီတုန်းက မင်းအရက်သောက်ရင်း အမူးလွန်ပြီးမေ့သွားတာကို မှတ်မိသေးလား" ကျွန်းရှမ်က ပျင်းတွဲစွာ ပြောသည်။

"မမှတ်မိဘူး"

ဇီယန်က ပြတ်သားစွာ တုံ့ပြန်လိုက်သော်လည်း အစက အဖြစ်အပျက်များကို သူမ တွေးနေမိသည်။ သူမ အလွန်အကျွံမသောက်ခဲ့သော်လည်း ဆေးခတ်ခံရမှုကြောင့် သူမနှင့် ကျွန်းဟန်ကြားတွင် ဖြစ်ပျက်ခဲ့သည့် မတော်တဆမှုပေါ်လာခြင်းဖြစ်သည်။

"မိန်းမလှလေးတွေက လွယ်လွယ်မေ့တတ်တာပဲ ဟားဟား…" ကျွန်းရှယ်က လှောင်ပြောင်သည့်ဟန်ဖြင့် ရယ်မောလိုက်သည်။

ကျန်းရှမ်သည် အနည်းငယ် မောက်မာသည်ကို တွေ့လိုက်ရသဖြင့် ကျန်းဟန်က တိတ်တဆိတ်ခေါင်းယမ်းလိုက်သည်။

သန်မာသည့်မိသားစုနောက်ခံအားကိုးဖြင့် မကောင်းသည့်ကိစ္စများကို ပြုလုပ်ပါက မည်သို့ အောင်မြင်နိုင်ပါမည်နည်း။

သို့သော် ကျန်းလုံ ဝမ်းသာလေသည်။ တခြားသူများ အားနည်းနေမှသာ သူက ပို၍ ပေါ်လွင်ပြီး ကျန်းမိသားစု၏ခေါင်းဆောင်ဖြစ်လာနိုင်ပေမည်။

“ဇီယန် မင်း တစ်ပွဲလောက် ကစားချင်လား” လင်းကျဲက ထပ်မေးသည်။

“မကစားချင်ဘူး”

ဇီယန်၏ပြောင်းဆန်မှုကြောင့် လင်းကျဲက ထပ်မပြောတော့ချေ။ သူက ကျန်းလုံအား ပြုံး၍ ကြည့်ရင်း "အစ်ကိုလုံ နောက်တစ်လှည့် ကစားကြမလား"

"ကောင်းပြီ ဒီတစ်ခါတော့ ငါအလေးအနက်ထားမယ်" ကျန်းလုံက ပြုံးကာ ပြောသည်။

"ကြည့်ရသေးတာပေါ့"

သူတို့နှစ်ဦးသည် နောက်တစ်ပွဲကစားကြပြီး ကျန်းလုံ၏ကပ်သီးလေးအနိုင်ရမှုဖြင့် အဆုံးသတ်သွားလေသည်။

"အစ်ကိုလုံ မနေ့က ငါပြောတဲ့ကိစ္စကို မင်းဘယ်လိုထင်လဲ" ပွဲအပြီးတွင် လင်းကျဲက သူ့အား မေးသည်။

ဤခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ကျန်းလုံနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။ ဇီယန်သည်တော့

ကျွန်းလုံအား သူ၏ကြင်နာမှုကိုပြရန် ဖူရှင်းက ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ သို့သော် သူမသည် သူမ၏အနေအထားကို နားလည်သည့်ပုံမရချေ။

"ငါ့ရုံးခန်းကို သွားပြီး ဒီကိစ္စကို ပြောကြတာပေါ့။ သခင်လေးလင်း သဘောကျလောက်မယ့် ရှေးဟောင်းပစ္စည်းတစ်သုတ် ငါရထားတယ်" ကျွန်းလုံက ပြုံးကာ ပြောသည်။

"ကောင်းပြီ" လင်းကျဲက ခေါင်းညိတ်သည်။

လူနှစ်ယောက် ဦးဆောင်၍ လျှောက်သွားကြကာ ကျွန်းရှယ်နှင့် အခြားလေးယောက် လိုက်သွားကြသည်။ ကျန်သူများကတော့ နေရာတွင် ကျန်ခဲ့ကြ၏။ သူတို့သည် အတူလိုက်ပါရန် အရည်အချင်းမပြည့်မီကြောင်း ထင်ရှားလေသည်။

ခြေလှမ်းနှစ်လှမ်းပြီးနောက်တွင် ဖူရှန်းသည် ဇီယန်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး "ဇီယန် အဲ့မှာ ရပ်မနေနဲ့။ ငါတို့နဲ့လိုက်ခဲ့"

သူ၏မျက်လုံးထဲမှ အကြည့်ကို မြင်သည့်အခါ ဇီယန် ဒေါသထွက်သွားသည်။ "ဒါရိုက်တာဖူ ဒါရိုက်တေ့ ရောက်နေပြီပဲ။ စာချုပ်ကိစ္စအရင်ပြောလို့ ရမလား။ ကျွန်မ အလုပ်ရှိသေးတယ်" သူမက မလှုပ်ရှားဘဲ အေးစက်စွာပြောသည်။

ဇီယန်ပြောလိုက်သည်နှင့် ကျန်းလုံ၊ လင်းကျဲနှင့် အခြားသူများ ရပ်တန့်သွားပြီး သူမအား ကြည့်လိုက်ကြသည်။

ဖူရှန်း၏မျက်နှာမှာ ကျောက်ဖုန်းကဲ့သို့ မာကျော်သွား၏။ သူက ဇီယန်အား စိုက်ကြည့်လိုက်ကာ "ဇီယန် ငါတို့ စာချုပ်အကြောင်း နောက်မှပြောမယ်"

"ဒါရိုက်တာဖူ ရှင်အရင်သွားလိုက်ပါ။ ကျွန်မတို့ ဒါရိုက်တာဝေ့နဲ့ စကားပြောလို့ရတယ်" ကျိုးဖေးက ဇီယန်ဆီသို့ လျှောက်လာရင်း ပြောလိုက်သည်။

ခဲအိုက သူ၏လူများကို စေလွှတ်လိုက်ပြီဟု သိလိုက်ရသည့်အတွက် သူမ မကြောက်ရွံ့တော့ချေ။

"ဇီယန် မနေ့က ပြောခဲ့တာကို မင်းမေ့သွားပြီလား" ဖူရှန်းသည် အလွန်ဒေါသထွက်နေသော်လည်း ထိုသို့သော အခြေအနေမျိုးတွင် သူ၏ဒေါသကို ထိန်းချုပ်ထားကာ အသံတိုးတိုးဖြင့် ပြောသည်။

"ဘာလဲ မင်းက ငါတို့ကို အထင်သေးတာလား" ကျန်းယွမ်က မျက်မှောင်ကြုတ်ကာ ဇီယန်အား ကြည့်၍ ပြောသည်။ "မင်းက စည်းမျဉ်းတွေကိုတောင် နားမလည်ဘူး"

သူပြောလိုက်သည်နှင့် လေထုမှာ အနည်းငယ် အေးစက်သွား၏။

"အဟမ်း" ဤအခိုက်တွင် လင်းကျဲက ချောင်းဟမ့်လိုက်သည်။ "ဧယန်က ဒီရက်ပိုင်း နေမကောင်းသေးလို့ပါ။ ဒါကြောင့် သူမကို အနားယူခိုင်းလိုက်ပါ"

"ကောင်းပြီ" ကျန်းလုံက ပြုံးကာ ခေါင်းယမ်းလိုက်ပြီး လျှောက်သွားသည်။

ဖုရှန်းသည် ဒေါသတကြီးမျက်နှာဖြင့် ကျန်နေခဲ့လေသည်။ သူသည် ဧယန်နှင့် ကျိုးဖေးအား စိုက်ကြည့်ရင်း တစ်ခုခုပြောချင်နေသော်လည်း မပြောဘဲနေလိုက်၏။ ဤနေရာတွင် မည်သူမျှရှိမနေပါက သူ ကျိန်ဆဲလောက်ပေသည်။

"အိုး ဒါရိုက်တာဖူ ရှင့်မျက်လုံးတွေ ရဲနေတယ်။ အိပ်ရေးမဝဘူးလား။ ကျွန်မတို့ စာချုပ်အကြောင်း ပြောလို့ရပါ့မလား။ နောက်နေ့မှပဲ ပြောကြမလား" ကျိုးဖေးက စိုးရိမ်ဟန်ပြုကာ မေးသည်။

“ငါတို့ အခုပြောလို့ရတယ်” ဖူရှန်းက တိတ်တဆိတ်အံကြိတ်လိုက်ပြီး အပန်းဖြေနေရာသို့ လျှောက်သွားလေသည်။

ဝေ့ချောင်နဲ့ သူ၏အဖော်များကို နှုတ်ဆက်ပြီးနောက် ကျိုးဖေးနှင့် ဇီယန်တို့ ထိုင်ကာ သူတို့နှင့် စာချုပ်ကိစ္စ စတင်ဆွေးနွေးကြသည်။ ကျိုးဖေး၏ ထပ်ခါတလဲလဲ ပြောဆိုမှုအောက်တွင် ဝေ့ချောင်က စာချုပ်ကို ထုတ်လိုက်၏။

ကျိုးဖေးသည် ဆယ်မိနစ်ခန့် ဖတ်ကြည့်လိုက်သည်။ ဖတ်ပြီးသည်နှင့် သူမ၏မျက်နှာပျက်သွားလေသည်။

“ဇာတ်ဆောင်နေရာနဲ့ အခန်းခွဲနှစ်ခုလုံး မသေချာဘူးဆိုတော့ ဘာလို့ ရှင်က ကျွန်မတို့ကို ဇာတ်ဆောင်နေရာ ပေးနေရသေးတာလား။ ဘာနောက်နေတာလား” ကျိုးဖေးက နှာခေါင်းရှုံ့ကာ စာချုပ်အား ပစ်ပေးလိုက်သည်။

ထိုအချိန်တွင် ဇီယန်လည်း မျက်မှောင်ကြုတ်သွား၏။ သူမက ဖူရှန်းနှင့် ဝေ့ချောင်အား လျစ်လျူရှုကာ “ရှင်တို့မှာ ဘာပဲရှိရှိ ကျွန်မ ဂရုမစိုက်ဘူး။ လိုရင်းပြောရရင် ဒီနေ့ ကျွန်မပြန်မယ်။ ရှင်တကယ် ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုရင် ဒါရိုက်တာမိန်ချီကို ဆက်သွယ်လိုက်ပါ မစ္စတာဝေ့”

“တော်လောက်ပြီ” ဖူရှန်းမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ “မနေ့ညက ပြောခဲ့တာကို မင်းမမှတ်မိဘူးလား။ မင်းကိုယ်မင်း ဘယ်သူထင်နေလဲ။ ဟမ့် မင်းမှာ...”

သို့သော် သူ၏စကားမဆုံးခင်တွင် မျက်လုံးထောင့်မှနေ၍ ပတ်ဝန်းကျင်ရှိလူများအားလုံး အံ့သြတကြီး တံခါးဝကို ကြည့်နေသည်အား မြင်လိုက်ရသည်။ သူ စကားပြောသည်ကို ရပ်၍ ကြည့်လိုက်ရာ မျက်လုံးများ ပြူးကျယ်သွားလေ၏။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူ ၃၀ အဖွဲ့သည် အမြန်ပြေးလာနေကြသည်။ သူတို့၏ပြင်းထန်သည့်

အရှိန်အဝါနှင့် အံ့သြဖွယ်အမြန်နှုန်းက လူတိုင်းကို ကြောက်လန့်သွားစေသည်။

မြေအောက်တပ်ဖွဲ့၏တိုင်ကွန်းက သူ၏လူများကို ခေါ်ဆောင်ကာ အရာအားလုံးကို ဖယ်ရှားပစ်မသည့် ရုပ်ရှင်ထဲမှ မြင်ကွင်းကဲ့သို့ပင်။ (တိုင်ကွန်း - သြဇာကြီးမားသောသူဌေးကြီး)

...

လွန်ခဲ့သည့် ငါးမိနစ်သို့ ပြန်သွားရသော်...

ဖုန်းတိုင်ကလပ်၏ဝင်ပေါက်တွင် လုံခြုံရေးရှစ်ယောက်ရှိပြီး အချို့မှာ စကားပြောနေကြသည်။

"ရှောင်လျန် ငါမခုပဲ အဲဒီလူတွေကို လိုက်ပို့ပေးခဲ့တာ။ ဇီယန်ကို တွေ့ခဲ့တယ်။ သူမက အရမ်းလှတာပဲ"

"သူမက ဘယ်လောက်ပဲ လှပါစေ ကျွန်းလုံနဲ့ လင်းကျဲလိုမျိုး အာဏာရှိတဲ့လူတွေကပဲ သူမကို သဘောကျနိုင်တယ်"

"ဟေး... ဟိုမှာ လူတစ်ဖွဲ့ ဒီကို လာနေတယ်"

ရုတ်တရက် သူတို့နောက်မှလူတစ်ယောက်က သူတို့အား သတိပေးလိုက်သည်။ လှည့်ကြည့်လိုက်သည့်အခါ ကား ၁၂ စီးသည် ကလပ်ဆီသို့ အရှိန်ပြင်းစွာဖြင့် လာနေသည်ကို တွေ့လိုက်ရ၏။

ဘီအမ်ဒဗလျူ ၇၃၀ အက်စ်(BMW 730s) များ၏အလယ်တွင် ဘန်တလေ(Bentley) တစ်စီးက ထင်ရှားစွာ တည်ရှိနေသည်။

ဘန်း ဘန်း ဘန်း...

လူဒါဇင်များစွာ ကားများပေါ်မှ ဆင်းလာပြီး တံခါးအဖွင့်အပိတ်သံများ ဆက်တိုက်ကြားလိုက်ရသည်။

သူတို့အား အလွန်ချောမောသည့် အမျိုးသားတစ်ဦးက သန်မာသည့် ခြေလှမ်းများဖြင့် လျှောက်လာကြသည်။

"အဲဒီ တိုင်ကွန်းက ဘယ်သူလဲ။ သူ့ကို မမြင်ဖူးဘူး" သူတို့ထဲမှ အသက်သုံးဆယ်အရွယ်လူက ပြုံးကာ နှုတ်ဆက်လိုက်သည်။ "မင်္ဂလပါ လူကြီးမင်း။ လူကြီးမင်းရဲ့ အဖွဲ့ဝင်ကတ်လေး ပြပေးပါ"

ကျောက်ဖုန်းက သူ့အား ကြည့်လိုက်ပြီး စိတ်မဝင်စားဟန် ပြောလိုက်သည်။ "ငါ့မှာ အဖွဲ့ဝင်ကတ်မရှိဘူး"

"အဖွဲ့ဝင်ကတ်မရှိဘူးလား" ထိုလူမှာ အံ့အားသင့်သွားပြီး "တောင်းပန်ပါတယ်။ ဒီနေရာက အဖွဲ့ဝင်မဟုတ်တဲ့သူတွေအတွက် မဖွင့်ထားပါဘူး။ အထဲက တစ်ယောက်ယောက်ကို ရှာနေတာဆိုရင် ကျေးဇူးပြုပြီး သူ့ကို ဆက်သွယ်ပေးပါ"

"ငါ ဒီကို လူလာခေါ်တာ" ကျောက်ဖုန်းက ပြန်ပြောပြီးနောက် ကလပ်ထဲသို့ တန်း၍ ဝင်သွားခဲ့သည်။

"အာ....မင်းဘာလုပ်တာလဲ။ လူလာခေါ်တာဆို ကျေးဇူးပြုပြီး သူ့ကို ဖုန်းခေါ်လိုက်ပါ"

"ရပ်စမ်း"

"မင်းနောက်တစ်လှမ်းတိုးရင် ငါတို့မင်းကို ရိုက်ထုတ်ရလိမ့်မယ်"

သူတို့နှင့် ဆန့်ကျင်ဘက်တွင် လူ ၃၀ ရှိနေသော်လည်း လုံခြုံရေးရှစ်ယောက်မှာ မကြောက်ကြပေ။ သူတို့ ပေကျင်းတွင် ရှိနေသ၍ ဤနေရာကို မည်သူမျှ ပြဿနာမရှာရဲကြချေ။ ဤသည်က ကျန်းလုံ၏နယ်မြေဖြစ်သည်။

ပြောနေရင်းဖြင့် သူတို့၏လက်များက ခါးရှိ လျှပ်စစ်တုန်များကို လှမ်းကိုင်လိုက်ပြီး လူလတ်ပိုင်းလူက ပို၍ အေးစက်သည့်လေသံဖြင့် မေးလိုက်သည်။

“ချက်ချင်းရပ်လိုက်စမ်း။ ဒီနေရာက ဘယ်သူပိုင်တာလဲ မသိဘူးလား။ မင်းအသက်ရှင်ရတာ ငြီးငွေ့နေလို့ ဒီမှာ ပြဿနာလာရှာတာလား”

“ဟမ့်” ကျောက်ဖုန်း ရပ်တန့်သွား၏။

သူစကားပြောရသေးခင်မှာပင် အားဟူ၊ မုံ့ကြီးနှင့် အခြားသူများမှာ ရှေ့သို့ တက်လာကြသည်။

ဘုန်း ဘုန်း ဘုန်း…

လက်သီးနှင့် ကန်ချက်အနည်းငယ်က လူရှစ်ယောက်ကို မြေပေါ် မှောက်သွားစေသည်။

“ဒီနေရာကို ဘယ်သူပိုင်တယ်ဆိုတာ ငါဂရုစိုက်မယ်ထင်နေလား” ကျောက်ဖုန်းက သက်လတ်ပိုင်းလူကို ကြည့်ကာ အေးစက်စက်ပြောပြီး အဆောင်အဦးထဲသို့ လျှောက်သွားခဲ့သည်။

ငင်းကိုမြင်လိုက်ရပြီးနောက် ရှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။ ထိုသူက စကားပြောစက်ကို့တ်ကာ ထိန်လန့်တကြား ပြောလိုက်လေသည်။

"ကြောက်စရာကောင်းတာ တစ်ခုခုဖြစ်နေပြီ။ လူတစ်ချို့က ဒီမှာ ပြဿနာရှာပြီးတော့ ချိုးဖောက်ဝင်သွားကြတယ်"

ကျောက်ဖုန်းနှင့် အခြား ၂၉ ယောက်သည် အဆောက်အဦးအတွင်းသို့ ဝင်လာကြသည်။ ပထမထပ်ရှိလူများမှာ ဤသူများ၏ကြောက်မက်ဖွယ်အရှိန်အဝါကို ခံစားမိသောကြောင့် မျက်နှာများ ပြောင်းလဲသွားကြသည်။ သို့သော်လည်း ဝန်ထမ်းများမှာ သူတို့အား မေးခွန်းမထုတ်ရဲကြချေ။ လုံခြုံရေးများမှာလည်း သူတို့၏စကားပြောစက်မှ စကားသံများကို ကြားသော်လည်း

သူတို့နှင့် တိုက်ခိုက်ရန် မဖြစ်နိုင်သည့်အတွက် အဓိက အင်အားစုကို စောင့်နေခဲ့ကြသည်။

ဖျော်ဖြေရေးအဆောက်အဦးထဲမှ ထွက်လာပြီးနောက် ကျောက်ဖုန်းသည် ဖုန်းကို ထုတ်ကြည့်လိုက်ရင်း ဂေါက်ကွင်းရှိရာ ညာဘက်ကို အကြည့်လွှဲ၍ ပြောလိုက်သည်။

"အဲဒီကို အမြန်သွား"

ကျောက်ဖုန်း ပြောပြီးသည်နှင့် စတင်ပြေးသွားကာ အားဟူနှင့် အခြားသူများမှာ နောက်မှ ပြေးလိုက်သွားကြ၏။ သူတို့၏ခွန်အားကို အစွမ်းကုန်အသုံးမပြုထားကြသော်လည်း မီတာ ၁၀၀ အပြေးပြိုင်ပွဲကဲ့သို့ပင်။

အဖြစ်အပျက်ကို သတိပြုမိပြီးနောက် ခန်းမထဲရှိ လူများအားလုံး အံ့ဩသွားကြသည်။

"ကြောက်စရာကောင်းတာ တစ်ခုခုဖြစ်နေပြီလား"

"သွားကြည့်ကြရအောင်"

"ဘုရားရေ ဖုန်းတိုင်ကလပ်မှာ ဒီလိုမျိုးအဖြစ်မျိုး ပထမဆုံးတွေ့ဖူးတာပဲ"

အားလုံးက သူတို့နောက်မှလိုက်ကာ ဂေါက်ကွင်းဆီသို့ ပြေးသွားကြသည်။

သို့သော် လုံခြုံရေးများမှာ သူတို့ထက် ပိုမြန်၏။ တစ်မိနစ်အတွင်းမှာပင် လူ ၅၀ ခန့် စုစည်းခဲ့ပြီး အားလုံးကအနက်ရောင် အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ ထိုသူများသည် ကျောက်ဖုန်းနှင့်သူ့လူများ၏နောက်သို့ အမြန်လိုက်ကြ၏။

ထိုအချိန်တွင် ဖူရှန်း၏ဒေါသမှာ လျော့နည်းသွား၏။ သူ၏စကားမဆုံးခင်မှာပင် ကျောက်ဖုန်းနှင့်သူ့လူများ ပြေးလာသည်ကို တွေ့လိုက်ရသည်။ လူတစ်ဒါဇင်ကျော်မှာ အံ့အားသင့်စွာဖြင့် ထရပ်လိုက်ကြ၏။

သူတို့က ဘယ်သူတွေလဲ။ ဒီကို ဘာလာလုပ်ကြတာလဲ...။

သို့သော် ကျောက်ဖုန်းအား မြင်လိုက်ရပြီးနောက်တွင် ဇီယန် တည်ငြိမ်သွားခဲ့သည်။ သူဘာလို့ ဒီကို ရောက်လာသလဲ သူမ မသိချေ။

သို့သော် ကျိုးဖေးသည်တော့ သူတို့၏ရည်ရွယ်ချက်ကို သိရှိထားပြီး အနည်းငယ် စိတ်လှုပ်ရှားသွားလေသည်။

ဟား.ဟား…ဘယ်လောက်များလိုက်တဲ့လူတွေလဲ။ ခဲအိုက အရမ်းအံ့သြဖို့ကောင်းတာပဲ…။

သူမက သူတို့ဆီ ပြေးသွားလိုက်သော်လည်း ကျောက်ဖုန်းနှင့်သူ့လူများမှာ နည်းနည်းလေးမှပင် မမောပန်းကြချေ။ သူတို့သည် သူမအား မည်သို့ခေါ်ရမည်မသိ၍ ဇီယန်၏ရှေ့တွင် မတ်တပ်သာရပ်လိုက်ကြသည်။

“ဆရာကတော…အာ”

"ဆရာကတော်" ဟု သူအသံကျယ်ကျယ်မခေါ်လိုက်မိချေ။

"သူဌေးကတော...အဟမ်း"

သူမအား သူဌေးကတော်ဟု ခေါ်ရန်မှာလည်း မဖြစ်သေးချေ။

ဤသို့ဆိုလျှင် သူမအား မည်သို့ခေါ်ရမည်နည်း။ ကျောက်ဖုန်း၏နှုတ်ခမ်းမှာ အနည်းငယ် တွန့်သွား၏။ သူ၏တုံ့ဆိုင်းမှုက သူတို့၏အရှိန်အဟုန်ကို အနည်းငယ် လွှမ်းမိုးသွားသည်ဟု သူထင်လေသည်။

"အစ်မယန် သူဌေးက မင်းကို ခေါ်ဖို့ လွှတ်လိုက်တာ" ခဏလောက် စဉ်းစားပြီးနောက် ကျောက်ဖုန်း ပြုံးကာ ထိုသို့ပြောလိုက်၏။

ဤအခိုက်အတန့်တွင် သူပြောလိုက်သည့်စကားက သူ့အား ပြုံးသွားစေသည်သာမက ဇီယန်ကိုလည်း နွေးထွေးသွားစေသည်။

ငါ့ကိုလာခေါ်ဖို့ သူ့လူတွေကို လွှတ်လိုက်တာပေါ့။ ဂရုစိုက်ခံရတာ ကောင်းတာပဲ။

"ကောင်းပြီ" ဇီယန်က ပြုံးကာ ခေါင်းညိတ်ပြသည်။

ဇီယန်၏အပြုံးကိုမြင်သည့်အခါ ကျောက်ဖုန်းလည်း ပြုံးလိုက်သည်။

ထိုအချိန်တွင် ဆန့်ကျင်သည့်စကားသံတစ်ခု ထွက်ပေါ်လာ၏။

"မင်းက သွားချင်တာလား။ ဟားဟား...မင်းက ဘယ်ကို သွားမှာလား"

ဖူရှန်းက သတိပြန်ဝင်လာပြီးနောက် လှောင်ပြောင်လိုက်သည်။ ကျန်းလုံ၏ကလပ်တွင် မည်သူမျှ

ဇီယန်အား ခေါ်ဆောင်ရဲမည်မဟုတ်ချေ။ သူတို့က အသက်ရှင်ရတာ မပင်ပန်းဘူးဆိုရင်ပေါ့။

ထိုနောက် သူက ချိန်းခြောက်သည့် လေသံဖြင့် ပြောလိုက်သည်။

"ဇီယန် မင်း ဒီကနေ ထွက်သွားရင် ငါမင်းကို တရားစွဲရုံတင်မကဘူး မင်းကို ဖိနှိပ်ဖို့ ကုမ္ပဏီကိုလည်း တင်ပြမယ်။ မင်းရဲ့အနာဂတ်အလုပ်အကိုင်ကို မင်း..."

သူ၏စကားမဆုံးခင်မှာပင် ကျောက်ဖုန်း၏အပြုံးက ပျောက်ကွယ်သွားပြီး ဖူရှန်း အေးစက်စက်ကြည့်ကာ မေးလိုက်သည်။ "မင်းကဘယ်သူလဲ"

"သူက ငါတို့ တော်ဝင်အန်တာတိတ်မန့်ရဲ့ ဒါရိုက်တာဖူပဲ" ဖူရှန်း၏ဘေးမှ ဝန်ထမ်းများက နှာခေါင်းရှုံ့ကာ ဝင်ပြောလိုက်သည်။ "မင်းရဲ့လူအရေအတွေကို အားကိုးမနေသင့်ဘူး။ ဇီယန်က ငါတို့ကုမ္ပဏီရဲ့ အနုပညာရှင်ပဲ။ သူမက ငါတို့ရဲ့ စီမံခန့်ခွဲမှုကို နာခံရမယ်"

"အိုး" ကျောက်ဖုန်းက တုန်လှုပ်သွားဟန် ပြုမူလိုက်၏။ သူသည် ညာလက်ကို ဆန့်ထုတ်ကာ ဝှေ့ယမ်းလိုက်ပြီး စကားလုံးနှစ်လုံးကို ဖွင့်ဟလိုက်သည်။ "အားဟူ"

ဝှစ်...

အားဟူသည် အရိုန်ပြင်းစွာဖြင့် ဖုရှန်းဆီသို့ ပြေးဝင်သွားသည်။

သူ၏ကြောက်မယ်ဖွယ်အကြည့်အောက်တွင် အားဟူက လက်ကို မြှောက်လိုက်၏။

ဖြောင်း...

...

-အပိုင်း(၂၃၅ - B) ပြီး

wunzinnosp

## အပိုင်း(၂၃၆) အားလုံးကို ရှင်းထုတ်ခြင်း

အားဟူသည် ဖူရှန်း၏ဘယ်ဘက်ပါးကို ရိုက်ထည့်လိုက်ပြီး ဖူရှန်းမှာ တစ်ပတ်လည်လုမတတ်ဖြစ်သွား၏။

သို့သော် သူလှုပ်ရှားသွားသည်နှင့် အားဟူက သူ၏ကော်လံကို ဆွဲကာ အေးစက်စက်ကြည့်လိုက်၏။

အားဟူ၏လှုပ်ရှားမှုက ရှိနေသည့်လူများအားလုံးကို ထိတ်လန့်သွားစေပြီး ဝေ့ချောင်ကဲ့သို့ ပေကျင်းတွင် နေထိုင်သူများပင် တစ်မျိုးကြီးခံစားလိုက်ရ၏။

သူ တကယ် ရိုက်ရဲတယ်။ သူတို့က တကယ်ကြီး ပြဿနာရှာဖို့ ရောက်လာကြတာပဲ။

ကျိုးဖေးမှာ အဖြစ်အပျက်အား မြင်လိုက်ရပြီးနောက် လက်သီးကို ကျစ်နေအောင်ဆုပ်လိုက်ပြီး အောင်ပွဲခံလုနီးပါးပင် ဖြစ်သွားသည်။ သူမ အလွန်စိတ်အခြေအနေကောင်းသွားခဲ့၏။

ရှင်နဲ့တကယ်တန်တယ်။ ငါတို့ကိုပြောခဲ့တဲ့ စကားတွေနဲ့ဆို တကယ်အရိုက်ခံရသင့်တယ်။

ကျိုးဖေး စိတ်ထဲတွင် အော်ဟစ်လိုက်၏။

ဖူရှန်းအရိုက်ခံရသည်ကို မြင်လိုက်ရတော့ ဇီယန်လည်း စိတ်အခြေနေပိုကောင်းလာသည်။

ဖူရှန်းသည်တော့…သူ လုံး၀ အံ့အားသင့်သွား၏။ သူသည် အားဟူအား စိုက်ကြည့်ကာ ဒေါသတကြီးဖြင့် “မင်း..”

ဖြောင်း…

“မင်းဘာပြောလိုက်တာလဲ” အားဟူက ဘယ်လက်ကိုမြှောက်ကာ ဖူရှန်၏ညာဖက်ပါးကို ရိုက်လိုက်သည်။

“ငါ…”

ဖြောင်း…

"မင်း"

ဖြောင်း...

"မဟုတ်.."

ဖြောင်း....

"မဟုတ်ဘူး"

ဖြောင်း...

ဆက်တိုက်ရိုက်ပြီးနောက်တွင် ဖူရှန်း လုံးဝ ခေါင်းရှုပ်သွားသည်။ သို့သော်...သူဘာပဲပြောပြော အရိုက်ခံရမည်ကို သိလေ၏။

သူပါးစပ်ပိတ်နေသော်လည်း အားဟူက သူ့အား ပါးရိုက်ခြင်းကို မရပ်တန့်ခဲ့ချေ။

ဖြောင်း

"မင်းက ဘယ်သူလဲ" အားဟူက မျက်ခုံးပင့်ကာ မေးသည်။

ဖြောင်း

"ငါမင်းကို မေးနေတယ်လေ"

ဖြောင်း

ဖြောင်း

ဖြောင်း

"တော်တော့။ ငါ့ကို မရိုက်ပါနဲ့တော့..ငါ..." ဖူရှန်း တစ်ခုခုပြောရန်ပြင်လိုက်သည်။

ဖြောင်း

"မင်း ဘယ်သူလဲလို့ မေးနေတာလေ။ ခုနက ငါသေချာမကြားလိုက်ဘူး" အားဟူက အေးစက်စက်ပြောသည်။

"ငါက..."

ဖြောင်း

"ဖူရှန်း။ ဖူရှန်းပါ ငါက ဖူရှန်းပါ"

ဖူရှန်းမှာ နောက်ဆုံးတွင် အော်ဟစ်လိုက်၏။ ထိုအချိန်တွင် သူ၏ပါးပြင်များမှာ ဖောင်းကားနေပြီး ဝက်တစ်ကောင်ကဲ့သို့ဖြစ်နေ၏။

"အာ…မင်း စောစောကတည်းက ပြောရမှာကို" အားဟူက သက်ပြင်းဖျော့ဖျော့ချလိုက်ပြီး သူ၏ကော်လံအား ဆွဲထားသည့်လက်ကို လွှတ်လိုက်ပြီး အကြိမ်အနည်းငယ် လက်ခုပ်တီးလိုက်သည်။

ဖူရှန်းမှာ စိတ်ထဲတွင် သက်ပြင်းတစ်ချက်ချလိုက်သော်လည်း ထိုသူ၏နောက်ထပ် စကားများက သူ့အား အေးခဲနေသည့် ရေကန်ထဲသို့ ပစ်ချလိုက်သကဲ့သို့ပင်။

"ဒီတော့ မင်းက ဖူရှန်းပေါ့။ ဟားဟား..မင်းက ငါရိုက်နှက်ရမယ့် လူပဲ"

အားဟူမှာ ရယ်မောရင်း ဖူရန်းကို လက်များဖြင့်ရော ခြေထောက်ဖြင့်ပါ ကန်ကျောက် ရိုက်နှက်လေသည်။

"အာ...သူ့ကို မရိုက်နဲ့တော့"

ထိုအချိန်တွင် ဝမ်းသာပီတိဖြစ်နေသည့် ကျိုးဖေးသည် မျက်နှာထက်တွင် စိုးထိတ်စွာဖြင့် ပြေးလာခဲ့၏။ သူမသည် အားဟူအား ဖြတ်ခနဲ ကြည့်လိုက်ပြီး သူ့အား ညင်သာစွာတွန်းဖယ်ကာ သူမ၏လက်ကို ဆန့်ထုတ်လိုက်ပြီး ဖူရှန်း၏မျက်နှာကို ဖိလိုက်လေသည်။

"အေးအေးဆေးဆေးဆွေးနွေးလို့ရတာကို ဘာလို့ ရိုက်နှက်နေရတာလဲ။ အခုတော့ ရှင့်မျက်နှာက ဝက်နဲ့တူနေပြီ။ ဒါရိုက်တာဖူ ရှင် နာနေလား။ ကျွန်မ ပွတ်ပေးမယ်..."

"အား...တော်တော့။ မပွတ်နဲ့တော့..." ကျိုးဖေး ဘာမှမလုပ်ခင်က သူ၏မျက်နှာမှာ ထုံထိုင်းနေသော်လည်း ယခု သူမ ဖိပွတ်လိုက်ရာ နာကျင်မှုကြောင့် ရှုံ့မဲ့သွားသည်။

"ကောင်းပြီ ကောင်းပြီ ကျွန်မ ရပ်လိုက်မယ်" ပြောပြီးသည်နှင့် ကျိုးဖေးသည် ဖူရှန်း၏မျက်နှာအား နှစ်ခါထပ်၍ ဖိပွတ်လိုက်ပြီး မတ်တပ်ထရပ်လိုက်သည်။ သူမသည် ဖူရှန်းနှင့်ပါလာသည့် နှစ်ယောက်ကို တစ်ချက်ကြည့်ကာ "နင်တို့က ဒါရိုက်တာဖူနဲ့ပါလာတဲ့လူတွေမလား။ ဒါရိုက်တာဖူကို အနားယူဖို့ ဘာလို့ ခေါ်မသွားတာလဲ။ နင်တို့ ဘာလို့ အဲ့မှာ ရပ်နေကြတာလဲ။ မနေ့က နင်တို့ ငါတို့ကို စကားပြောတဲ့အချိန်မှာ တော်တော်လေး မောက်မာခဲ့တာကို ငါမှတ်မိပါတယ်"

"ဘာ"

ထိုနှစ်ယောက်မှာ ကြောက်ရွံ့မှုကြောင့် အေးခဲသွားသည်။

ကျိုးဖေးက သူတို့ ဗီယန်အား ကဲ့ရဲ့ရှုတ်ချ၍ ပြောဆိုခဲ့သည်များကို ထိုလူများအား သတိပေးနေခြင်းဖြစ်မှန်း သူတို့ သိလေသည်။

သူမ ပြောပြီးသည်နှင့် ကျိုးဖေးသည် အားဟူအား တောက်ပသည့် မျက်လုံးများဖြင့်ကြည့်ကာ "အမ်...ရှင်ဘာဖြစ်နေတာလဲ။ ဘာလို့ သူတို့ကို ရိုက်..."

"အိုး...ဒီတစ်ခါတော့ ညင်သာပေးလိုက်မယ်" အားဟူက အထာပေါက်စွာ ပြောည်။

သူသည် ထိုနှစ်ယောက်အား ကြည့်လိုက်ပြီး လှုပ်ရှားလိုက်၏။

"အား..."

ဆက်တိုက်အော်ဟစ်ရိုက်နှက်သံများ ထွက်လာပြီးနောက် လူနှစ်ယောက်မှာ မြေပြင်ပေါ်တွင် အော်ဟစ်ညည်းညူနေကြလေသည်။

"ဟမ့်"

သနားစရာကောင်းလှသည့်မြင်ကွင်းကို တွေ့လိုက်ရပြီးနောက် ကျိုးဖေးက ကျေနပ်သွားပြီး လှည့်၍ ဇီယန်ဆီသို့ ပြန်လျှောက်သွားသည်။

“နင်က တော်တော်ဆိုးတာပဲ”

ဇီယန်က သူမအား မျက်စောင်းထိုးလိုက်သော်လည်း သူမ၏မျက်လုံးထဲတွင် အပြစ်တင်သည့်ဟန်မရှိချေ။

ထိုအချိန်တွင် ဤနေရာရှိ လူတစ်ဒါဇင်ကျော်မှာ တစ်ဖက်တွင်ရပ်နေရင်း အသက်ရှူကြပ်လာကြသည်။

“ဝေ့ချောင်က ဘယ်သူလဲ”

ရုတ်တရက် ကျောက်ဖုန်းက သူတို့အား အေးစက်စွာကြည့်ကာ မေးလိုက်သည်။

ထိုအေးစက်စက်အကြည့်ကို ရင်ဆိုင်လိုက်ရသည့်အခါ လူတိုင်း ရေခဲလှိုဏ်ဂူထဲသို့ ရောက်သွားသလို ခံစားလိုက်ရ၏။

သူတို့၏တုံ့ပြန်မှုကို မြင်သည့်အခါ ကျောက်ဖုန်းက ခေါင်းယမ်းလိုက်သည်။

သန်မာသူများကို ရင်ဆိုင်ရသည့်အခါ အားနည်းသူများမှာ စကားမပြောရဲကြတော့ဟု ရှေးလူကြီးတို့၏စကားရှိပေသည်။

ယခုအချိန်တွင် သူတို့ရှေ့ရှိလူများ၏အရှိန်အဝါမှာ မည်မျှပြင်းထန်သည်ကို သိရှိသည့်အတွက်ကြောင့် မည်သူမျှ စကားမပြောရဲကြချေ။ ထို့ပြင် သူတို့သည် ဤလူများက ကျန်းလုံနှင့် လင်းကျဲထက် ပို၍ အာဏာရှိသည်ဟု ထင်ကြလေသည်။

"ဝေ့ချောင်က ဘယ်သူလဲ။ ဘယ်သူမှ ဝန်မခံရင် မင်းတို့အကုန်လုံးကို ရိုက်နှက်ပစ်မယ်" မှုံ့ကြီးက ရှေ့တစ်လှမ်းတိုးက ဒေါသတကြီး ပြောလိုက်သည်။

သူပြောလိုက်သည်နှင့် ချက်ချင်းပင် ညာဖက်ခြမ်းရှိ လူတစ်ဒါဇင်ကျော်မှာ တုန်လှုပ်သွားပြီး ဝေ့ချောင်၏ဘေးသို့ မီတာများစွာ ဆုတ်သွားကြသည်။

ဝေ့ချောင်မှာ ထိတ်လန့်သွားပြီး "ငါ...ငါက ဝေ့ချောင်ပါ။ ဒါပေမယ့် ဒီကိစ္စက ငါနဲ့ ဘာမှမဆိုင်ပါဘူး"

"မင်းနဲ့ မဆိုင်ဘူးလား" မှုံ့ကြီးက နှာခေါင်းရှုံ့တ်လိုက်ပြီး သူ့ဆီသို့ လျှောက်သွားသည်။

ဤအပြုအမူက ဝေ့ချောင်အား ကြောက်လန့်သွားစေပြီး မြေပြင်ပေါ် လဲကျသွားစေ၏။ သူသည် မတ်တပ်ရပ်ဖို့ပင် အားမရှိတော့မှန်း သိလိုက်၏။

အခြားလူအားလုံးမှာလည်း သူတို့၏နှလုံးများက လည်ချောင်းထဲထိ ခုန်နေကြလေသည်။

ဤနတ်ဆိုးများက မည်သည့်နေရာက ရောက်လာခဲ့ကြပါသနည်း။ သူတို့က ဤနေရာသို့ တစ်စုံတစ်ယောက်အား လာကြိုသည်မဟုတ်ပဲ သူတို့ကို အနိုင်ကျင့်ရန် လာခဲ့ကြသည်ပင်။

ကံကောင်းစွာဖြင့် မုံ့ကြီးက မရိုက်နှက်ခဲ့ချေ။ သူသည် အရပ် ၁.၈ မီတာကျော်ရှိကာ လက်ရှိတွင် သူသည် ဝေ့ချောင်အား ငုံ့ကြည့်နေ၏။ သူသည် မျက်လုံးကို မှေးကာ ပြောသည်။

"မင်း စာချုပ်ချုပ်ခဲ့တာမဟုတ်ဘူးလား။ ဘယ်မှာလဲ စာချုပ်"

"ဒီမှာပါ" ဝေ့ချောင်က နာခံစွာဖြင့်ပင် စာချုပ်အား ကြောက်ကြောက်လန့်လန့် ထုတ်ပေးလေသည်။

"ဟားဟား" မုံ့ကြီးက တဟားဟားရယ်မောလိုက်ပြီး သူ၏လက်ထဲတွင် စာချုပ်ကိုင်ထားရင်း ကျိုးဖေးအား ကြည့်ကာ မေးလိုက်သည်။ "ဒီစာချုပ်ကို မင်းဘယ်လိုထင်လဲ။ ဒါက ပြဿနာတစ်ခုခုရှိလား။ မင်း ဒါကို လက်မှတ်ထိုးမှာလား"

သေစမ်း...

မုံ့ကြီး၏စကားကို ကြားလိုက်ရပြီးနောက် ဝေ့ချောင်နှလုံးသားမှာ တဖြည်းဖြည်း နစ်မြုပ်သွားလေသည်။

"ငါလက်မှတ်မထိုးဘူး" ကျိုးဖေးက ဒေါသတကြီးဖြင့် "အဲဒါက အစေခံစာချုပ်လို့ပဲ။ သူတို့က အဲ့စာချုပ်ကိုသုံးပြီးတော့ အစ်မယန်ကို ပြန်လို့မရအောင် တားဆီးချင်နေတာ"

"အိုး" မုံ့ကြီးက စာချုပ်ကို ယူကာ ဝေ့ချောင်အား အေးစက်စက်ကြည့်လိုက်သည်။ သူသည် စကားတစ်ခွန်းပြောပြီးတိုင်း ဝေ့ချောင်၏ခေါင်းအား စာချုပ်ဖြင့် ရိုက်လေသည်။

"ဒါရိုက်တာဝေ ဟုတ်လား"

ဖြောင်း

"အစေခံစာချုပ်လား"

ဖြောင်း

“မင်းက အရမ်းတော်တာပဲ”

ဖြောင်း

...

ဝေ့ချောင်မှာ ခုနစ်ကြိမ် ရှစ်ကြိမ် အရိုက်ခံရလေသည်။ သူသည် နာကျင်မှုအား မခံစားရသော်လည်း ဝေ့ချောင်၏အရှိန်အဝါကြောင့် သေမတတ်ကြောက်လန့်နေ၏။

“မင်းက ဒီလိုစာချုပ်မျိုးကို ကြိုက်တယ်ဆိုမှတော့ ဒါကို မင်းစားလိုက်” မို့ကြီးက နောက်ဆုံးတွင် ပြောလိုက်သည်။ သူသည် မလှုပ်ရှားသော်လည်း လက်ထဲမှ စာချုပ်ကို ပေးလိုက်သည်။

“ဘာ” ဝေ့ချောင်မှာ စိတ်ရှုပ်ထွေးစွာဖြင့် သူ့အား ကြည့်လိုက်၏။

“ဒီစာချုပ်ကို စားလို့ပြောနေတာ။ ငါ သုံးအထိရေမယ်။ တစ်၊ နှစ်၊...” မို့ကြီး၏မျက်နှာမှာ ကြမ်းတမ်းလာသည်။

သူသုံးဟု မရေတွက်ရသေးခင်မှာပင် ဝေ့ချောင်က စာချုပ်ကို ဆွဲယူက ဘဲကင်စားသကဲ့သို့ ပါးစပ်ထဲ ထိုးထည့်လေသည်။

ဝါးနေရင်းဖြင့် သူ၏စိတ်ထဲတွင် ညည်းညူလိုက်၏။

ဒါက နတ်ဆိုးအုပ်စုပဲ။ ငါဘာများ အမှားလုပ်မိခဲ့လို့လဲ။ ဒီကိစ္စက ငါ့အပြစ်လုံးဝမဟုတ်ဘူးလေ...။

ဝေ့ချောင်မှာ စာချုပ်၏သက်ရောက်မှုကြောင့် အနည်းငယ် မှားယွင်းသွားသလို ခံစားလိုက်ရသည်။ ကံကောင်းစွာဖြင့်ပင် သူ နှစ်ကိုက် ကိုက်ပြီးချိန်တွင် လုံခြုံရေး ၅၀ ကျော်မှာ ဂေါက်ကွင်းဝင်ပေါက်မှ ပြေးဝင်လာကြ၏။ သူ၏မျက်လုံးများ တောက်ပသွားပြီး ဝါးနေသည်ကို ရပ်တန့်လိုက်သည်။

အကူအညီများ ရောက်လာပေပြီ။

"ဖွီ"

ဝေ့ချောင်သည် အနားရှိ မြက်ခင်းပေါ်သို့ စက္ကူများကို ထွေးထုတ်လိုက်သည်။

မုံ့ကြီးက သူ့အား စိုက်ကြည့်လိုက်ပြီး ခဏလောက် လျစ်လျူရှုထားလိုက်သည်။ ထိုအချိန်တွင် ဝေ့ချောင်၏စိတ်ထဲ၌ မျှော်လင့်ချက်အရိပ်အယောင်များ ပေါ်လာလေသည်။

မင်းက ကြောက်စရာကောင်းတယ်ဆိုပေမယ့် လုံခြုံရေးတွေ ရောက်လာတာနဲ့ မင်းဘာမှတတ်နိုင်မှာ မဟုတ်တော့ဘူး။

ဝေ့ချောင် တွေးလိုက်၏။

“မင်းဘယ်သူလဲ”

လူ ၅၀ ကျော်ပါဝင်သည့် လုံခြုံရေးအဖွဲ့မှ လူတစ်ယောက်ထွက်လာကာ အေးစက်စက်မျက်နှာနှင့် လျှောက်လာပြီးမေးသည်။

"ငါတို့ တစ်ယောက်ယောက်ကို လာကြိုတာ" ကျောက်ဖုန်းက တုံးတိတိလေသံဖြင့် ပြောလိုက်သည်။

"ဟားဟား...တစ်ယောက်ယောက်ကို လာကြိုတာလား။ ဒီမှာ ပြဿနာရှာတဲ့ အကျိုးဆက်ကို မင်းမသိဘူးလား" ထိုသူက မထီမဲ့မြင်ဟန်ဖြင့် ရယ်မောလိုက်ပြီး "အခု ငါ မင်းကို ရွေးချယ်ခွင့်ပေးမယ်။ မင်းရဲ့လက်နှစ်ဖက်ကို နောက်ပစ်ပြီး ထိုင်လိုက်။ ဒါမှမဟုတ်..."

"အိုး" ကျောက်ဖုန်းက ခေါင်းညိတ်လိုက်ပြီး ညာလက်ကို မြှောက်ကာ အသာငွေ့ယမ်း၍ ပြောသည်။ "သွား ငါတို့ဒီမှာ ဘာလုပ်နေတယ်ဆိုတာ သူ့ကို ပြောပြလိုက်"

ဝှစ်

သူ၏စကားဆုံးသည်နှင့် အားဟူ၊ မုံ့ကြီးအပါဝင် သူ၏နောက်မှလူများအားလုံး လှပ်ရှားလိုက်ပြီး ထိုလူ ၅၀ ဆီသို့ ပြေးဝင်သွား၏။

အစောပိုင်းက စကားပြောသည့်သူမှာ တင်းမာသည့်အမူအရာဖြစ်သွားသည်။

ထိုလူများက သူတို့အား တိုက်ခိုက်လိမ့်မည်ဟု သူမမျှော်လင့်ထားချေ။

သူတို့က ဘယ်ရောက်နေတယ်ဆိုတာ မသိဘူးလား။

ထိုလူမှာ အနည်းငယ် စိတ်ရှုပ်သွား၏။

သို့သော် ကျောက်ဖုန်းသည် ထိုမေးခွန်း၏အဖြေကို ဂိတ်တံခါးဝတွင် တစ်ခါဖြေခဲ့ပြီးဖြစ်လေသည်။

ဖြစ်ပျက်ခဲ့သည်များက ဝေ့ချောင်နှင့်အခြားသူများကို ထိတ်လန့်သွားစေသည်။ ထိုလူများက ကျန်းလုံ၏ကလပ်တွင် ပြဿနာရှာလိမ့်မည်ဟု မထင်ခဲ့ကြချေ။

ဇီယန်ပင်လျှင် ကြက်သေသေသွား၏။

စားသောက်ဆိုင်တွင် နူးညံ့သိမ်မွေ့ဟန်ရှိကာ အမြဲတမ်း စားပွဲထိုးတစ်ယောက်ကဲ့သို့ ပြုမူလေ့ရှိသည့် ကျောက်ဖုန်းသည်

ယခုတော့ အခြားလူတစ်ယောက်ကဲ့သို့ သန်မာကြမ်းကြုတ်သည့် အရှိန်အဝါအပြည့်ဖြင့် ဖြစ်လာသည်။

သို့သော်လည်း ယခုကဲ့သို့ အထိန်းအကွပ်မဲ့သည့် ပုံစံက ကျောက်ဖုန်း၏ပုံစံအစစ်အမှန်လား သူမ မသိချေ။

တကယ်တမ်းတွင် သူသည် လက်ရှိအချိန်၌ ယခင်ကထက်ပို၍ တိုက်ရိုက်ဆန်လာခဲ့သည်။ ထိုအရာများအားလုံးက သူ့အား ခွန်အားများတိုးတက်လာအောင် ကူညီပေးခဲ့ပြီး ယုံကြည်မှုရှိလာစေခဲ့သည့် ကျန်းဟန်ကြောင့်ပင်။

သို့သော် ဇီယန်သည် သူမ၏စိတ်ထဲ၌ မေးခွန်းအနည်းငယ် ရှိနေခဲ့၏။

အတိအကျပြောရလျှင် ကျောက်ဖုန်းက ဘယ်သူများလဲ။

သူ့ကို ကျန်းဟန်က ငှားရမ်းထားတာလား။ ဒါဆို ကျန်းဟန်နဲ့ ကျောက်ဖုန်းက ဘယ်လိုပတ်သက်တာလဲ။

ထိုအချိန်တွင် ဇီယန်သည် ကျန်းဟန်မှာ လျို့ဝှက်ဆန်းကြယ်ကြောင်း ရှင်းရှင်းလင်းလင်း သဘောပေါက်သွား၏။ သူသည် လွန်ခဲ့သည့် ငါးနှစ်က နာကျင်ခံစားနေသည့် အရှုံးသမား မဟုတ်ချေ။

"မုန့်မုန့်က..သူ့ကို ပြောင်းလဲသွားစေတာလား" ဤအချိန်တွင် ဇီယန် အနည်းငယ် စိတ်နှင့်ကိုယ်မကပ်ဖြစ်နေခဲ့သည်။

လုံခြုံရေးများ၏နောက်မှ လိုက်လာကြသည့် တံခါးဝမှ ညှော်သည် ၂၀ ကျော်မှာ ထိတ်လန့်အံ့သြမှုဖြင့် အော်ဟစ်လိုက်ကြလေသည်။

"လခွီးတဲ့မှ။ အဲဒါ တကယ်ကြီးလား။ သူတို့က တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတယ်ဟ"

"အစ်ကိုလုံရဲ့နေရာမှာ ပြဿနာရှာတာကတော့ ဉာဏ်ရှိတဲ့ရွေးချယ်မှုမဟုတ်ဘူး။ ဒီနေ့ သူတို့တွေ ဒီကလပ်ထဲက ထွက်သွားဖို့ ခက်မှာ ငါကြောက်မိတယ်"

"မလိုအပ်ပါဘူး။ သူတို့ရဲ့ ဝတ်စုံတွေကို မင်းမမြင်ဘူးလား။ ရိုးရိုးသားသားပြောရရင် သူတို့တစ်ယောက်ချင်းစီက ဘရီအိုနီက ချုပ်လုပ်ထားတဲ့ ယွမ် တစ်သန်းကျော်တန် ဝတ်စုံတွေဝတ်ထားတာ။ ပြီးတော့ သူတို့ရဲ့ရှပ်အင်္ကျီ၊ လည်စီးနဲ့ ဖိနပ်တွေကလည်း ဒီအော က ထုတ်ထားတာတွေပဲ။ တစ်စုံစီကို ယွမ် ၄ သောင်းကနေ ၅ သောင်းလောက်တန်တယ်။ သူတို့ရဲ့ ပုံစံတွေကို ကြည့်ရရင် သူတို့က သက်တော်စောင့်တွေနဲ့ ဆင်တူတယ်။ သူတို့အားလုံးက ယွမ် ၁၆၀,၀၀၀ ကနေ ၁၇၀,၀၀ အထိတန်တဲ့ တူညီဝတ်စုံတွေကို ဝတ်ထားနိုင်တယ်ဆိုတော့ သာမန်လူတွေမဖြစ်နိုင်ဘူး"

"အဲဒါက အဓိပ္ပာယ်ရှိသားပဲ"

"ချီးပဲ။ ဘာလဲဟ။ ဘုရားရေ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

သူတို့ ဆွေးနွေးနေစဉ်အတွင်း၌ နှစ်ဖက်စလုံးမှာ အချင်းချင်း တိုးဝင်သွားကြသည်။

ပြင်းထန်သည့်တိုက်ပွဲဖြစ်မည်ဟု ထင်ခဲ့ကြသော်လည်း တခဏအတွင်းမှာပင် လူ ၅၀ မှာ မြေပြင်ပေါ် လဲလျောင်းကာ အော်ဟစ်ညည်းညူနေကြပြီး တစ်ယောက်မှ မတ်တပ်မရပ်နိုင်ကြတော့ချေ။

"ဘုရားရေ သူတို့က အရမ်းကြောက်ဖို့ကောင်းတာပဲ"

"ကြောက်စရာကောင်းလွန်းတယ်။ ဗုဒ္ဓေါ... ကလပ်ထဲက လုံခြုံရေးတွေက အတိုက်အခိုက်ကောင်းပေမယ့် သူတို့အားလုံး တစ်ချက်တည်းနဲ့ ရှုံးသွားကြတာလား"

"..."

လူတိုင်း တုန်လှုပ်သွားကြ၏။

ထိုလူများသာမက ဇီယန်နှင့် ကျိုးဖေးတို့သည်လည်း တဖြည်းဖြည်း မျက်လုံးပြူးသွားကြသည်။ ဇီယန်၏အမူအရာမှာတော့ အလွန်ပင် ချစ်စရာကောင်းလွန်းနေလေသည်။

ကျိုးဖေးမှာ စိတ်လှုပ်ရှားလွန်းသဖြင့် တိုးတိုးလေး ရေရွတ်လိုက်မိသည်။

“ဘုရားရေ အံ့ဩစရာကောင်းလိုက်တာ။ အရမ်းမိုက်တယ်”

ကျိုးဖေးသည် ပြိုင်ဘက်များ ရိုက်နှက်ပြီးနောက် သူတို့အားလုံး တည်ငြိမ်သည့်မျက်နှာများဖြင့် ပြန်လျှောက်လာသည်ကို မြင်သည့်အခါ သူတို့က အရမ်းမိုက်တာပဲ ဟု သူမ တွေးလိုက်မိ၏။

သို့သော် ဝေ့ချောင်နှင့် အနောက်မှလူများမှာ ထိတ်လန့်သွားကြပြန်သည်။

“စားလေ။ နားမလည်ဘူးလား” မုံ့ကြီးက မျက်နှာထက်တွင် လှောင်ပြောင်ဟန်ဖြင့် လျှောက်လာသည်။

“အာ...” ဝေ့ချောင်မှာ ထိတ်လန့်သွားပြီး အမြန်ပြောလိုက်၏။ “ဟုတ် ဟုတ်ကဲ့ပါ”

ပြောပြီးသည်နှင့် သူ၏လက်ထဲရှိ စာချုပ်ကို ဆက်၍ ဝါးနေတော့သည်။

သို့သော် မုံ့ကြီးက ဝေ့ချောင် ထွေးထုတ်ထားသည့် စာရွက်များကို ညွှန်ပြပြီး “ဒါကို အရင်စား” ဟု ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ”

ဝေ့ချောင်မှာ ငိုချင်နေသော်လည်း စာရွက်များကို ကောက်ကာ ပါးစပ်ထဲ ထည့်၍ ဆက်စားနေလိုက်၏။

…

-အပိုင်း(၂၃၆) ပြီး

wunzinnosp

## အပိုင်း(၂၃၇) အရမ်းအားနည်းလွန်းတယ်

ထိုအချိန်အတွင်း၌ ကျန်းလုံ၊ လင်းကျဲ၊ ကျန်းရှမ်နှင့် သူတို့၏လူအနည်းငယ်မှာ ကျန်းလုံ၏ရုံးခန်းတွင် ရှေးဟောင်းပစ္စည်းများကို စစ်ဆေးကြည့်ရှုရင်း အလုပ်များနေ၏။

ရှေးဟောင်းပစ္စည်းများမှာ သူတို့၏အသိုင်းအဝိုင်းတွင် ရေပန်းစားသည့်ကိစ္စတစ်ခုဖြစ်၏။ ပရော်ဖက်ရှင်နယ် အသိဗဟုသုတမရှိသော်လည်း အချိန်အတော်ကြာ ကိုင်တွယ်လာခဲ့သည့်အတွက် ၎င်းတို့ကို အကဲဖြတ်နိုင်စွမ်းရှိလာသည်။

ကြွေပန်းအိုးတစ်လုံးအား အကဲခတ်ရန်ပြင်နေစဉ် မျက်လုံးတစ်ဖက်တည်းရှိသည့် အမျိုးသားတစ်ဦးက ရုံးခန်းထဲသို့ ရုတ်တရက် ဝင်လာသည်။

“အစ်ကိုလုံ” ထိုလူမှာ လင်းကျဲအား တစ်ချက်ကြည့်ရင်း တုံ့ဆိုင်းနေသည်။

"ဘာဖြစ်နေတာလဲ" ကျန်းလုံက စူးစူးရဲရဲကြည့်ကာ မေးသည်။

ထိုသူ၏အမည်မှာ ဒုန်လန်ဟုခေါ်ပြီး အပြင်အားအဆင့်၏နောက်ပိုင်း၌ ရှိနေသည့် သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။ မကြာမီအချိန်အတွင်း အတွင်းအားအဆင့်သို့ ဝင်ရောက်တော့မည်ဖြစ်သည်။ သူသည် ကလပ်၏စီမံခန့်ခွဲမှုတွင် နယ်မြေထိန်းအဖြစ် တာဝန်ယူထားပြီး နိုက်ကလပ်တစ်ခုကို တာဝန်ယူထား၏။ ယေဘူယျအားဖြင့် ကျန်းလုံလာသည့်အချိန်တွင် ကျန်းလုံက သူ့အား မခေါ်မချင်း စကားလာပြောလေ့မရှိချေ။

သို့သော် ယခု ဒုန်လန် ကိုယ်တိုင်လာခဲ့လေသည်။ ကျန်းလုံ၏အမြင်တွင် သူသည် အရေးကြီးသည့်ကိစ္စတစ်ခုကို မေးမြန်းရန် ဖြစ်ပေလိမ့်မည်။

သို့သော် ဒုန်လန်၏စကားကြောင့် သူမျက်နှာပျက်သွားလေသည်။

ဒန်လန်က ဖြည်းဖြည်းချင်းပြောသည်။

“ဂေါက်ကွင်းမှာ လူသုံးဆယ်ရောက်လာပြီး ပြဿနာရှာနေကြပါတယ်။ သူတို့တစ်ယောက်ချင်းစီက ယွမ်တစ်သိန်းခွဲလောက်တန်တဲ့ ယူနီဖောင်းတွေကို ဝတ်ထားပြီး ကျွမ်းကျင်သူတွေချည်းပါပဲ။ ပင်မဝင်ပေါက်ကနေ ဝင်လာပြီး ဂေါက်ကွင်းမှာ လုံခြုံရေး ၅၀ ကျော်ကို ဖြိုခွင်းခဲ့ပါတယ်”

“ဘာ” ကျန်းလုံမျက်မှောင်ကြုတ်သွားပြီး “သူတို့က ဘယ်ကနေရောက်လာတာလဲ”

ထိုအချိန်တွင် သူတို့အားလုံး၏မျက်နှာများ ပြောင်းလဲသွားကာ လင်းကျဲသည်လည်း ထူးဆန်း၍ ပျော်စရာအကြည့်ကို ဆင်မြန်းထားလေသည်။ ယနေ့ တိုက်ပွဲတစ်ခုကို တွေ့ရလိမ့်မည်ဟု သူ မမျှော်လင့်ထားချေ။

“သူတို့က ဘယ်သူတွေလဲတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော် သူတို့ကို မမြင်ဖူးဘူး။ ဒါပေမယ့် သူတို့…”

ဤအချိန်တွင် ဒုန်လန်က လင်းကျဲအား တစ်ချက်ကြည့်လိုက်ပြီး "သူတို့က ဧယန်လို့ခေါ်တဲ့ အမျိုးသမီးအတွက် ဒီကိုလာခဲ့တာပါ"

"ဟမ်" လင်းကျဲ အံ့ဩသွားသော်လည်း သူ၏မျက်လုံးများ တောက်ပလာ၏။

"ဧယန်အတွက်လား" ကျန်းလုံ၏အမူအရာမှာ ပျော့ပြောင်းသွားပြီး လင်းကျဲကို ကြည့်ကာ "ကြည့်ရတာ ဧယန်ရဲ့ ကိုယ်ရံတော်တွေရောက်လာပြီထင်တယ်"

"ငါ့လခွမ်းတဲ့မှ"

ဘေးရှိ ကျန်းရှမ်က မတ်တပ်ရပ်ကာ ရယ်မောလိုက်ပြီးကျိန်ဆဲလိုက်သည်။

"သူတို့က ဒီမှာ ဘယ်လိုလုပ်ပြဿနာရှာရဲတာလဲ။ သူတို့က စောက်ရမ်းသတ္တိရှိနေတာပဲ"

ကျန်းရွှမ်၏အပြုအမူကြောင့် ကျန်းလုံမျက်မှောင်ကြုတ်သွားသည်။ သူ၏ဝမ်းကွဲက ပို၍ပို၍ မောက်မာလာသည့်ပုံပင်။

"တစ်ချက်သွားကြည့်ရအောင်" လင်းကျဲက ကျန်းရွှမ်ကို လစ်လျူရှုကာ ကျန်းလုံကို ကြည့်၍ ပြောလိုက်သည်။

"အဲဒီရဲရင့်တဲ့သူတွေ ဘယ်ကနေလာသလဲဆိုတာ ကိုယ်တိုင်သွားကြည့်ကြတာပေါ့" ကျန်းလုံက ပြုံးကာ လျှောက်ထွက်လာရင်း ပြောလိုက်သည်။

"ကိုယ်ရံတော်လုပ်ရတာ လွယ်တော့မလွယ်ဘူး။ သခင်လေးလင်း မစိုးရိမ်ပါနဲ့။ သူတို့ ငါ့နယ်မြေထဲကို ဝင်လာကတည်းက ငါက ရပ်ကြည့်နေမှာမဟုတ်ပါဘူး"

"မင်းရဲ့ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ် အစ်ကိုလုံ" လင်းကျဲက ပြုံးကာ ပြောသည်။

အကယ်၍ ၎င်းတို့မှာ ဧယန်၏ကိုယ်ရံတော်များဖြစ်ခဲ့လျှင် လင်းကျဲမှာ အရင်ဆုံးအပြစ်တင်ခံရသင့်သည်။ သို့သော် သူ၏ကလပ်တွင် သူတို့ပြဿနာရှာခဲ့သည်ဆိုကတည်းက သူရှောင်ထွက်မသွားနိုင်ချေ။ လင်းကျဲလိုချင်သည်ကလည်း သူ့အား သူနှင့်အတူရပ်တည်ရန်ပင်။ ဤနည်းမှသာလျှင် အမည်မသိရန်သူများအား အနိုင်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် လင်းကျဲမှာ ငြင်းဆန်နိုင်ခြင်းမရှိချေ။

ရုံးခန်းထဲမှ ထွက်လာသည့်အခါ လင်းကျဲက နံပါတ်တစ်ကိုခေါ်ဆိုလိုက်ကာ ရိုးရိုးရှင်းရှင်း ပြောလိုက်၏။

"နင်တန်၊ မင်းလူတွေကိုခေါ်ပြီး ဂေါက်ကွင်းဝင်ပေါက်မှာ ငါ့ကိုစောင့်နေပါ"

...

ဂေါက်ကွင်းထဲတွင်...

ဝေ့ချောင်သည် စာချုပ်ကို ဝါးပြီးသွားကာ ၎င်းက မြိုချရခက်ခဲနေလေသည်။။ သို့သော် သူ၏ရှေ့ကလူများအား ကြည့်လိုက်ရာ သူတို့၏ဂရုမစိုက်ဟန်အမူအရာများကို မြင်လိုက်ပြီး ဝေ့ချောင် တုန်သွားလေ၏။ သူ ၎င်းအားမြိုချလိုက်ရသည်။

သို့သော် သူသည် ၎င်းကို စားနေရင်း အလုပ်များနေချိန် အန္တရာယ်မရှိတော့ကြောင်း သတိပြုမိသွားကာ အတွေးများ ပျံ့လွင့်လာ၏။

ဤလူများမှာ အလွန်မိုက်ပေသည်။ ၎င်းကိုသာ ရုပ်ရှင်အဖြစ်ရိုက်လိုက်ရပါက Box Office တွင် အကြီးအကျယ် အောင်မြင်သွားပေလိမ့်မည်။

ဒီနတ်ဆိုးတွေက ဘယ်ကနေရောက်လာတာလဲ။

ကံကောင်းလို့ ငါ ဇီယန်ကို မစော်ကားမိဘူး။ မဟုတ်ရင် ငါ ဒီနေ့ ကြောက်စရာကောင်းတဲ့အခြေအနေနဲ့ ရင်ဆိုင်ရမှာပဲ။

ဇီယန်ကို ဒီလူတွေက ကာကွယ်ပေးနေတယ်ဆိုတော့ သူမက သာမန်လူမဟုတ်လောက်ဘူး။

အားလုံးကို တွေးတောနေရင်း ဝေ့ချောင်မှာ စာချုပ်တစ်ခုလုံးကို စားပြီးသွားခဲ့သည်။ သူသတိပြန်ဝင်လာသည့်အခါ မုံ့ကြီးအားကြည့်ကာ "ငါ စားပြီးပါပြီ"

"အမ်" မုံ့ကြီး ကြောင်အသွား၏။

မင်းဘာလုပ်နေတာလဲ။ စာချုပ်ကို စားပြီးတာနဲ့ အဲဒီမှာရပ်နေလို့ရတယ်မဟုတ်လား။ ဘာလို့ ငါ့ကို လာပြီး အကြောင်းကြားနေတာလဲ။

"နောက်ထပ် စာချုပ်တွေရှိသေးလား။ အဲဒါတွေကို ထုတ်လိုက် ငါကြည့်ချင်တယ်" မုံ့ကြီးသည် မျက်လုံးများကို မေးစင်းကာ ဝေ့ချောင်အား ကြည့်၍ ပြောလိုက်သည်။

ရှစ်တ်

ဝေ့ချောင်မှာ ရုတ်တရက် သတိပြန်ဝင်လာသည်။ သူသည် တုန်တုန်ယင်ယင်ဖြင့် ထပ်ခါတလဲလဲပြောသည်။ "မရှိဘူး မရှိဘူး။ မရှိတော့ပါဘူး။ ငါ့မှာ တခြားစာချုပ်မရှိတော့ဘူး။ ပြီးတော့ မစ္စဇီရဲ့စာချုပ်က ငါနဲ့မဆိုင်ပါဘူး။ တကယ်ကို ငါနဲ့မဆိုင်ပါဘူး..."

သူ၏ရှေ့မှလူများမှာ လူ ၅ဝ အား တစ်ချက်လှုပ်ရှားရုံဖြင့် အနိုင်ယူနိုင်သည့် ဂန်းစတားများဖြစ်ပေသည်။ သူမည်ကဲ့သို့ သူတို့အား ဆန့်ကျင့်ဝံ့ပါမည်နည်း။

"ရပြီ ငါ့ရှေ့က ထွက်သွားတော့" မုံ့ကြီးက ထိုင်တုံးနှင့် အဓိပ္ပာယ်မရှိသည့်စကားများ ပြောရသည်ကို ပျင်းရိလာသည်ဖြင့် လက်ဝေ့ယမ်းပြလိုက်သည်။

ဝေ့ချောင်မှာ စိတ်သက်သာရာရသွားပြီး "ကျေးဇူးပါ ကျေးဇူးတင်ပါတယ်"

ပြောနေရင်းဖြင့် နောက်သို့ အမြန်ဆုတ်သွားလေ၏။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက် ကျောက်ဖုန်းပြုံးကာဖြင့် ဇီယန်ဆီသို့ လျှောက်သွားလေသည်။ "သူဌေးကတော် တခြားယင်ကောင်တွေရှိသေးလား။ သူဌေးက အဲဒီယင်ကောင်တွေကို ရှင်းပစ်ရမယ်လို့ ပြောလိုက်တယ်။ မင်းကို အနိုင်ကျင့်တဲ့ကောင်တွေကို ဘယ်သူဖြစ်ဖြစ် ငါတို့ ရိုက်နှက်ပေးမယ်"

သူ၏အသံမှာ အလွန်းတိုးလျနေပြီး ယခုလေးတင် ခပ်မိုက်မိုက်ဖြစ်နေခဲ့သည့်ကျောက်ဖုန်းမှာ ယခုတော့ အနည်းငယ်ရယ်စရာကောင်းနေခဲ့သည်။

"ဟားဟား..." ဇီယန်က ရှားရှားပါးပါး ရယ်မောလိုက်လေသည်။

သူမ၏မျက်လုံးထဲတွင် ပျောက်ရှင်၍ စိတ်ဝင်စားသည့်အကြည့်တစ်ခုရှိနေသည်။ ၎င်းက ကျောက်ဖုန်း၏စကားများကြောင့်ရော၊

ကျောက်ဖုန်း၏စကားများမှ ဖော်ပြနေသည့် ကျန်းဟန်၏သဘောထားကြောင့်ရော ဖြစ်ပေသည်။

ဟမ့် ငါ့ကို အနိုင်ကျင့်တဲ့သူတွေကို ရိုက်နှက်မှာလား။ သူက ဘာလို့ အရမ်းအထက်စီးဆန်နေတာလဲ။

သို့သော်လည်း လက်ရှိအချိန်တွင် ဇီယန်သည် ချို့မြန်မှုကို ခံစားနေရပြီး လွန်ခဲ့သည့်ရက်များအတွင်း မတရားသဖြင့် ဖိနှိပ်ချုပ်ချယ်ခံစားရသည့်အတွက် ဖြစ်ပေါ်နေသော ဒေါသများမှ ပျောက်ကွယ်သွားခဲ့သည်။

ဇီယန်က ပြုံး၍ နှုတ်ခမ်းကို ကွေးညွှတ်လိုက်ပြီး ခေါင်းကို အသာယမ်းကာ "ရိုက်နှက်ဖို့မလိုတော့ပါဘူး။ သွားရအောင်"

"ဒါအကုန်ပဲလား" ကျိုးဖေး ပြုံးဖြီးဖြီးလုပ်လိုက်သည်။

"ဘာထပ်လိုချင်သေးလို့လဲ" ဇီယန်က ကျိုးဖေးအား မျက်စောင်းထိုးလိုက်သည်။

“သွားရအောင်။ ဟောင်ကောင်ကို ပြန်ကြမယ်” ကျိုးဖေးက ပြုံးရယ်လိုက်ပြီး ဝင်ပေါက်ဆီသို့ ဦးတည်လိုက်၏။

ထိုအချိန်အတွင်း၌ ဝင်ပေါက်ဘေးတွင် ရပ်နေသည့် လူဒါဇင်အချို့မှာ အကြိမ်ကြိမ် သက်ပြင်းချနေကြသည်။

“သူတို့က သာမန်မဟုတ်ဘူးထင်တယ်။ အရမ်းမိုက်တာပဲ”

“ဖုန်းတိုင်ကလပ်မှာ ပြဿနာရှာသွားတာ ငါ ပထမဆုံးမြင်ဖူးတာပဲ။ သူတို့ အန္တရာယ်ကင်းကင်းနဲ့ ပြန်ထွက်သွားနိုင်မယ်လို့ငါ မထင်ထားမိဘူး”

“သူတို့ ထွက်သွားနိုင်တယ်လို့ ဘယ်သူပြောလဲ” ရုတ်တရက် လူအုပ်ထဲမှ အသံတစ်ခု ထွက်လာသည်။ “ဟိုင်ရင်း့ှာကြည့် ကျန်းလုံနဲ့ လင်းကျဲလာနေပြီ။ ဒီလူတွေ သေချာပေါက် ထွက်သွားဖို့ မဖြစ်နိုင်ဘူး”

“သူတို့လာပြီ။ အကောင်းဆုံးအပိုင်းက စတော့မယ်”

ဂေါက်ကွင်းအဝင်ဝသို့ လူ ၃၀ ကျော်က လျှောက်လာနေသည်အား လူတိုင်းတွေ့လိုက်ရသည့်အခါ သူတို့၏နှလုံးသားများ ကျယ်လောင်စွာ ခုန်လာပြီး ဘေးသို့ အမြန် ရှောင်ဖယ်လိုက်ကြသည်။

သူတို့သည် ယနေ့ ဒုတိယအကြိမ်တိုက်ပွဲပြင်ကို ဝင်ပေါက်တွင်ဖြစ်မည်ဟု မှန်းထားကြ၏။ သူတို့၏ပုံစံများကို ကြည့်ရသည်မှာ အလျှော့ပေးမည့်ပုံမဟုတ်ချေ။

သူတို့အလျှော့မပေးပါက နှစ်ဖက်လုံး အချင်းချင်း ပြန်၍ တိုက်ခိုက်ကြပေမည်။

“ဒီလူတွေ ခက်ခဲကြမ်းတမ်းတဲ့အချိန်တစ်ခု ဖြစ်သွားနိုင်တယ်။ ဒုန်လန်၊ နင်တန်နဲ့ သူတို့လူတွေကို ဘယ်သူက တားနိုင်မှာလဲ” လူအုပ်ထဲမှ သက်လတ်ပိုင်းအမျိုးသားတစ်ဦးက လျောင်ရယ်သည်။

သူပြောလိုက်သည်က လူအများစု၏စိတ်ထဲတွင် ရှိနေသည့်အရာပင်။

ကျောက်ဖုန်းနှင့်သူ့လူများကြောင့် ယခုလေးတင် ကြောက်ရွံ့တုန်လှုပ်ခဲ့ကြသော်လည်း သတိပြန်ဝင်လာသည့်အချိန်တွင် အခြေအနေများမှာ ပိုဆိုးလာတော့မည်ကို သိလိုက်ကြ၏။ ထိုလူများမှာ ဖုန်းတိုင်ကလပ်တွင် ပြဿနာရှာပြီး ကျန်းလုံ၏ဒေါသကို ရင်ဆိုင်ရဲပေသည်။ သူ၏နောက်တွင် ကျန်းမိသားစုရှိနေ၏။ ပေကျင်းတွင် ကျန်းမိသားစုအား ဆန့်ကျင်နိုင်သူ အနည်းငယ်သာ ရှိချေသည်။

ကျောက်ဖုန်းနှင့်သူ့လူများသည် ရှေ့သို့ ခြေလှမ်းအနည်းငယ် လျှောက်လာခဲ့သည်။ မြေပြင်ပေါ်တွင် လဲလျောင်းနေသူများကို ဖြတ်ကျော်သွားပြီးနောက် ကျန်းလုံနှင့် သူ၏အဖော်များ ရောက်လာသည်ကို တွေ့လိုက်ရသည်။

နှစ်ဖက်စလုံးက တစ်ဖက်ကိုတစ်ဖက် ကြည့်လိုက်ကြရင်း လျှောက်လာခဲ့ကြသည်။ ဆယ်မီတာအကွာတွင်

ရပ်တန့်လိုက်ကြပြီး ဘာမှမပြောကြဘဲ အချင်းချင်း ကြည့်နေကြ၏။

ဤအချိန်တွင် ကျိုးဖေးမှာ စိုးရိပ်တကြီးဖြစ်နေသည်။ ယခုလေးတင် သူမတို့ ပျော်နေခဲ့ကြသော်လည်း ထိပ်ပိုင်းလူများ ရောက်လာသည်ဆိုကတည်းက ဤကိစ္စမှာ အဆုံးသတ်ရန် မလွယ်ကူတော့ချေ။

ကျန်းလုံနှင့် လင်းကျဲသည် တည်ငြိမ်နေဆဲဖြစ်ပြီး ကျန်းလုံမှာ စကားပြောဖို့ပင် ရည်ရွယ်ချက်မရှိချေ။ ထိုအချိန်တွင် လင်းကျဲအနည်းငယ် အကူအညီမဲ့သွားသည်ဟု ခံစားလိုက်ရသော်လည်း ဤကိစ္စမှာ သူနှင့်ပတ်သက်သည့်အတွက် သူ ဦးဆောင်ရမည်ဖြစ်ပေသည်။ ထို့ကြောင့် လင်းကျဲက ရှေ့သို့တစ်လှမ်းတိုးကာ ဇီယန်အား ကြည့်၍ ပြုံးကာ ပြောသည်။

"မစ္စဇီ မင်က ငါ့ရဲ့အစီစဉ်ပေးမှုကို မကျေနပ်ဘူးလား။ အခုချိန်ထိ ငါမင်းကို ဆိုးဆိုးရွားရွားဆက်ဆံမိတယ်လို့ မထင်ဘူး"

ဇီယန်က ခေါင်းအနည်းငယ် ယမ်းလိုက်သည်။ သူမ စကားပြောခါနီးတွင် ကျောက်ဖုန်းက ရယ်မောကာ ပြောလိုက်လေသည်။

"မင်းဘာတွေးနေလဲ မင်းသိပါတယ်။ ဒီတော့ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့တော့"

သူပြောလိုက်သည့်အခါ လင်းကျဲ မျက်လုံးပြူးသွား၏။

ဤအချိန်တွင် သူ အလွှတ်ပေးလိုက်ပါက သူ အရှက်ရပေလိမ့်မည်။

မူလကတည်းက သူတို့အား လွှတ်ပေးရန် ရည်ရွယ်ချက်မရှိသည်ကို ပြောနေရန်ပင်မလို။ သူတို့တွင်

နောက်ခံတစ်ခုခုရှိနေလျှင်ပင် သူတို့အား သွားခွင့်ပေးမည် မပေးမည်ကို ဆုံးဖြတ်ရမည့်သူက သူသာလျှင်ဖြစ်ပေသည်။

ထို့ကြောင့် လင်းကျဲက ဖြည်းညှင်းစွာ ပြောလိုက်သည်။

"ဒါဆို ငါမင်းနဲ့ အဓိပ္ပာယ်မရှိတာတွေ မပြောတော့ဘူး။ မစ္စဇီက ပြန်သွားနိုင်ပေမယ့် အခုတော့မဟုတ်ဘူး။ ငါမင်းကို သူမကို ခေါ်သွားခွင့်မပြုဘူး။ တော်ဝင်အန်တာတိတ်မန့်က သူမရဲ့အထက်လူကြီးတွေနဲ့ ဘယ်အချိန်ပြန်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး ငါ ဆွေးနွေးမယ်"

ပြောပြီးသည်နှင့် လင်းကျဲက သူ၏နောက်မှလူများကို လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ "နင်တန် မစ္စဇီကို အနားယူဖို့ ဟိုတယ်ကို ပြန်ခေါ်သွားလိုက်"

"ဟုတ်ကဲ့"

နင်တန်က ပြုတ်ပြတ်သားသားတုံ့ပြန်ကာ ကျောက်ဖုန်းနှင့်သူ၏လူများဆီသို့ ဦးဆောင်၍

လျှောက်သွားသည်။ သူတို့တွင် လူဦးရေနည်းက ဆယ်ယောက်သာ ရှိသော်လည်း ပြိုင်ဘက်၏အရေအတွက်ကို ဂရုမစိုက်ဟန်ဖြင့် အားမာန်အပြည့်ရှိပေသည်။

“ဟားဟား…”

ထိုအချိန်တွင် ကျန်းလုံက ရယ်မောလိုက်၏။

သူ၏အမြင်တွင် သူလုံး၀ အသာစီးရနေပေသည်။ နင်တန်အောင်မြင်စွာဖြင့် ဇီယန်အား ခေါ်သွားပါက ထိုလူများမှာ လင်းကျဲအား ကြောက်ရွံ့သွားပေမည်။ ထိုအခြေအနေမျိုးတွင် သူသည် ၎င်းတို့အား အလွယ်တကူအနိုင်ယူနိုင်မည်ဖြစ်သည်။ နှစ်ဖက်အချင်းချင်း တိုက်ခိုက်ကြလျှင် လင်းကျဲက ၎င်းတို့အား အနိုင်ယူရန် အစွမ်းကုန် ကြိုးစားပေမည်။ ထိုအခါ သူက ဘေးမှ ရပ်ကြည့်နေကာ လုည့်စားလိုက်ရန်သာရှိ၏။

သို့သော် သူ၏စိတ်ကူးမှာ လှပသော်လည်း လက်တွေ့အဖြစ်မှန်က ရက်စက်လွန်းလှ၏။

နင်တန်နှင့် အခြားကိုးယောက်က မာန်ဟုန်အပြည့်ဖြင့် လျှောက်လာကြသည်ကို မြင်သည့်အခါ အားဟူနှင့်သူ၏လူများက လှုပ်ရှားလိုက်ကြသည်။

သို့သော် ဤအခိုက်အတန့်တွင် ကျောက်ဖုန်းက လက်ကိုမြှောက်လိုက်ပြီး သူတို့အား မလှုပ်ရှားရန် တားကာ သူတစ်ယောက်တည်း ရှေ့သို့ လျှောက်သွား၏။

"အိုး သူတစ်ယောက်တည်း တိုက်ခိုက်တော့မယ်ပေါ့" အားဟူနှင့်အခြားသူများ၏ နှုတ်ခမ်းမှာ ကွေးညွတ်သွားပြီး ဘာမှ ပြန်မပြောကြချေ။

သို့သော် ကျောက်ဖုန်း၏အပြုမူကို မြင်သည့်အခါ လူတော်တော်များများ မျက်နှာပြောင်းလဲသွားကြ၏။

"ငါ သူတို့ကို လျှော့တွက်မိသွားတာပဲ" ကျန်းလုံ၏အမူအရာမှာ လေးနက်လာသည်။

တိုက်ပွဲအား ဘေးမှ ကြည့်နေသူများမှာ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။

“ဒီကောင်က သူတို့ကို မျက်နှာချင်းဆိုင်မယ်။ လခွမ်း သူက အရမ်းအံ့ဩဖို့ကောင်းတာပဲ”

“သူ့ပြိုင်ဘက်က လင်းကျဲရဲ့ အထူးသက်တော်စောင့် နင်တန်ပဲ”

“သူ တစ်ချက်တည်းနဲ့ ရှုံးသွားလိမ့်မယ်ထင်…ဖူး….ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ”

လူတိုင်း၏အကြည့်အောက်တွင် ကျောက်ဖုန်းနှင့် နင်တန်တို့ နီးကပ်လာကြ၏။

ကျောက်ဖုန်း၏အပြုအမူကို မြင်သည့်အခါ နင်တန်၏မျက်လုံးများ ခက်ထန်သွားပြီး ရှေ့သို့ ပြေးတက်လာ၏။ ကျောက်ဖုန်းအနားသို့ ရောက်သည်နှင့် ညာဘက်ခြေထောက်ကို မြှောက်ကာ

ကျောက်ဖုန်းမျက်နှာတည့်တည့်ကို စွမ်းအားအပြည့်ဖြင့် တိုက်ခိုက်လိုက်သည်။

သူ၏မရှိန်အဟုန်နှင့် ကြီးမားသည့်ခွန်အားကြောင့် သူ၏ဘောင်းဘီခြေထောက်များပင် တလပ်လပ်ဖြစ်နေသည်။

ကျောက်ဖုန်း အကန်ခံလိုက်ရပါက ကြောက်လန့်တကြားဖြစ်သွားမည်ကို လူတိုင်းသိကြသည်။ ပို၍ဆိုးသည်က သူသည် ဒုက္ခိတပင် ဖြစ်သွားပေလိမ့်မည်။

သို့သော် ကျောက်ဖုန်း ဒုက္ခိတဖြစ်သွားလျှင်ပင် လင်းကျဲက အရာရာကို ချောချောမွေ့မွေ့ ကိုင်တွယ်နိုင်ပေမည်။

သို့သော် အဖြစ်အပျက်များမှာ စိတ်ကူးယဉ်ထားသည်နှင့် အမြဲလွဲချော်နေတတ်ပေသည်။

နင်တန်၏တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရသည်တွင် ကျောက်ဖုန်းမှာ လှောင်ပြောင်လိုက်ပြီး နင်တန်၏လှုပ်ရှားမှုနှင့်

လိုက်လျောညီထွေဖြစ်စေရန် သူ၏ညာခြေထောက်ကို ရွှေ့လိုက်၏။

"မင်းက သေချင်နေတာပဲ"

နင်တန်သည် သူ့ထိပ်တိုက်ရင်ဆိုင်မည်ကို သိလိုက်ရသည့်အခါ ဒေါသထွက်လာပြီး အားကုန်သုံးလိုက်သည်။

ဘုန်း

ခြေထောက်နှစ်ချောင်း ဆုံမိသည်နှင့် ကျယ်လောင်သည့်အသံထွက်ပေါ်လာသည်။ နောက်အခိုက်အတန့်တွင်

ဂျွတ်..

ကျိုးအက်သည့်အသံတစ်ခု ကြားလိုက်ရ၏။ နင်တန်၏ထိတ်လန့်နေသည့်အကြည့်အောက်တွင် သူ၏ခြေသလုံးမှာ ၉၀ ဒီဂရီ ကွေးညွတ်သွားလေ၏။

ဘာ...

နင်ထန်သည် သူ၏ခြေထောက်မှ နာကျင်မှုကို မခံစားရသေးခင်မှာပင် သူ့ရှေ့မှလူ၏ခြေထောက်က သူ၏ဝမ်းဗိုက်သို့ ဝင်လာသည်ကို တွေ့လိုက်ရ၏။ နင်တန်သည် အထက်အောက် ဂွမ်းပြန်သွားပြီး သူ၏မူလနေရာမှာ ဆယ်မီတာကျော်အကွာသို့ လွင့်ပျံပြုတ်ကျသွားလေသည်။

“အရမ်းအားနည်းလွန်းတယ်”

ကျောက်ဖုန်းက ထိုစကားလေးတစ်ခွန်းသာ ရေရွတ်လိုက်၏။ နောက်အခိုက်အတန့်တွင် သူသည် နင်တန်၏နောက်မှ လိုက်လာသော လူများကို ကြည့်လိုက်ပြီး ၎င်းတို့ထံ ပြေးဝင်သွားလေသည်။

...

-အပိုင်း(၂၃၇) ပြီး

-စာစဉ်(၁၇) ပြီး